မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၄ ]  ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁ ရက် ( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက် ) } သောကြာနေ့  [ အတွဲ ၇၂

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

**ကချင်ပြည်နယ်ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများအား ယင်းတို့၏ သဘောဆန္ဒအလျောက် ပြည်နယ်ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည် -

(၁) ဦးမြသိန်း — စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၂) ဒေါက်တာသင်းလွင် — လူမှုရေးဝန်ကြီးဌာန

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၃/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

**ကချင်ပြည်နယ်ဝန်ကြီး တာဝန်မှရပ်စဲခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၇၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၃၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ကချင်ပြည်နယ် အစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦး H လအောင် ကို တာဝန်မှရပ်စဲလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

**ကြားဖြတ်လွှတ်တော်ကိုယ်စားလှယ်... **

**ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးဗဟိုကော်မတီနှင့် နေပြည်တော်/တိုင်းဒေသကြီး/ ပြည်နယ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးကော်မတီများ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ၂၀၁၉ ခုနှစ်တွင် ကောက်ယူမည့် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် **ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးဗဟိုကော်မတီနှင့် နေပြည်တော်/တိုင်းဒေသကြီး/ ပြည်နယ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးကော်မတီ** များကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

**(၁) ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးဗဟိုကော်မတီ**

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပြည်သူ့အင်အားဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၂) ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**လုပ်ငန်းတာဝန်များ**

(က) ဗဟိုကော်မတီသည် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းတစ်ရပ်လုံး (ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ခြင်း၊ စာရင်းပြုစုခြင်း၊ စာရင်းထုတ်ပြန်ခြင်း) ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒလိုအပ်ချက်နှင့်အညီ ပြီးမြောက်အောင်မြင်စေရန် ဦးဆောင်မှုပေးခြင်း၊

(ခ) ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအတွက် တာဝန်ရှိသည့် အဖွဲ့အစည်းမှ တင်ပြသည့် အသေးစိတ်အစီအစဉ်နှင့် ညွှန်ကြားချက်များကို လုပ်ဆောင်ရန်အတွက် အတည်ပြုပေးခြင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် လိုအပ်သည့်ကိစ္စများတွင် ညှိနှိုင်းပေးခြင်း၊

(ဂ) ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးကော်မတီများကို တာဝန်ပေးခြင်းနှင့် ညွှန်ကြားပေးခြင်း၊

(ဃ) ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်ရန်အတွက် လိုအပ်သည့် ဖြည့်စွက်ပြင်ဆင်မှုများ ပြုလုပ်ပေးခြင်း။

**လုပ်ပိုင်ခွင့်များ**

(က) ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် လိုအပ်သော ပညာပေး စည်းရုံးမှုများနှင့် လှုပ်ရှားမှုများဆောင်ရွက်နိုင်သည်။

(ခ) ဗဟိုကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ဂ) ဗဟိုကော်မတီသည် လုပ်ငန်းအဖွဲ့များနှင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကောက်ယူရေးကော်မတီများကို လိုအပ်သလိုဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည်။

(ဃ) ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။ လိုအပ်သောနည်းပညာနှင့် အခြားကူညီထောက်ပံ့မှုများကို ရယူ၍ စီမံခန့်ခွဲအသုံးပြုနိုင်သည်။

**(၃) နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးကော်မတီ**

| | | |
|---|---|---|
| (က) | နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်ရေးမှူး<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး　　အတွင်းရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

၁။　ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (က) ဒေါက်တာဝါဝါမောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ခ) ဦးဆန်းမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ဂ) ဦးခင်မောင်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

၂။　ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

**ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု One Belt One Road (OBOR) နှင့်စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံနှင့် မြန်မာ-တရုတ်နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေးနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များတွင် ကဏ္ဍအလိုက်သော်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအကြားတွင်လည်းကောင်း၊ လုပ်ငန်းတာဝန်များကို အစဉ်တစိုက်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက်သော်လည်းကောင်း အကောင်အထည်ဖော်ခြင်း၊ ဆန်းစစ်လေ့လာသုံးသပ်ခြင်း၊ မူဝါဒချမှတ်ခြင်းတို့ကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၉/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သော **ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု One Belt One Road (OBOR) နှင့်စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးဆောင်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယသမ္မတ (၁) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဗ) | ပြည်ထောင်စုစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဘ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (မ) | ဝန်ကြီးချုပ်<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ယ) | ဝန်ကြီးချုပ်<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ရ) | ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (လ) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဝ) | ဝန်ကြီးချုပ်<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (သ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု One Belt One Road (OBOR) နှင့်စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ခေါင်းစဉ်အောက်မှ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရာတွင် ဝန်ကြီးဌာနများ၊ အစိုးရဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန် လမ်းညွှန်မှုပေးခြင်း၊

(ခ) "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" နှင့်သက်ဆိုင်သည့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရာတွင် မူဝါဒနှင့်သက်ဆိုင်သည့်လမ်းညွှန်မှုများပေးခြင်း၊

(ဂ) "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" နှင့်စပ်လျဉ်း၍ မူဝါဒဆိုင်ရာညှိနှိုင်းရမည့် အကြောင်းအရာများ ပေါ်ပေါက်လာပါက နိုင်ငံတော်သမ္မတရုံးသို့ တင်ပြလမ်းညွှန်မှုခံယူခြင်း၊

(ဃ) "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" နှင့်စပ်လျဉ်း၍ သုတေသနလေ့လာနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

၃။ ဦးဆောင်ကော်မတီပြင်ဆင်ဖွဲ့စည်းရန်နှင့် အဖွဲ့ဝင်များဖြည့်စွက်ခန့်ထားရန်လိုအပ်ပါက နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ရမည်။

၄။ ဦးဆောင်ကော်မတီသည် လိုအပ်သော လုပ်ငန်းကော်မတီများ၊ အထောက်အကူပြုဆပ်ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

၅။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၉/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၁၈ အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း ကို အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းအား နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၉ ဖြင့် ရာထူးမှ ထုတ်ပယ်ခဲ့ပြီးဖြစ်သဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး အား အမြဲတမ်းအတွင်းဝန်နှင့်ဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးအောင်စိုး သည် ညွှန်ကြားရေးမှူးချုပ် အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဆိုင်ရာဌာန၏ တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့် စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

## ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအဖွဲ့ဝင်များ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၈) ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင်များဖြစ်သော ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား အောက်ပါအတိုင်း ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ဦးဘိုကြီး<br>ချောက်မဲဆန္ဒနယ် | **အစား** | ဦးကံမြင့်<br>သရက်မဲဆန္ဒနယ် |
| (၂) | ဒေါ်ချိုချိုဝင်း<br>မော်လိုက်မဲဆန္ဒနယ် | **အစား** | ဒေါ်နီနီဒွန်း<br>ပေါက်ခေါင်းမဲဆန္ဒနယ် |
| (၃) | ဦးလင်းဇော်ထွန်း<br>မိုင်းဖြတ်မဲဆန္ဒနယ် | **အစား** | ဦးစစ်အေး<br>တောင်သာမဲဆန္ဒနယ် |
| (၄) | ဗိုလ်မှူးချုပ်ရဲနိုင်မျိုး<br>တပ်မတော်သားပြည်သူ့<br>လွှတ်တော်ကိုယ်စားလှယ် | **အစား** | ဦးကျော်တင့်<br>တပ်ကုန်းမဲဆန္ဒနယ် |

(ပုံ) တီခွန်မြတ်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

## ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၆) နှင့် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၈) တို့ဖြင့်

ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **အစား** ဦးအောင်တင်လင်း၊ နတ်မောက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အား အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) တီခွန်မြတ်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**ပြည်ထောင်စုလွှတ်တော်ရုံး**
**အမိန့်ကြော်ငြာစာအမှတ် (၆/ ၂၀၁၉)**
၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

**ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီအဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၆) ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် **အစား** ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အား ပြောင်းလဲပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) တီခွန်မြတ်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**ပြည်သူ့လွှတ်တော်**
**အမိန့်ကြော်ငြာစာအမှတ် (၆/ ၂၀၁၉)**
၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

**တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၆) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးမြင့်လွင် | ပုဇွန်တောင်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးသက်နိုင်ဦး | ရေဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးစတီဖန် | ကျိုင်းတုံမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဃ) ဦးဦးထွန်းဝင်း | ကျောက်တော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) ဦးဝင်းထူး | နမ့်ဆန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) ဦးလာမာလေး | ဆော့လော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) ဦးယန်ကျင်းကန် | ကွမ်းလုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) ဦးခွန်အောင်ကျော် | ဟိုပုံးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) ဦးတိုးဝင်း | တာမွေမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) ဦးစိုင်းဉက္ကာ | လဲချားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) ဦးညွန့်ဝင်း | ကန်ပက်လက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) ဦးပဲ့ဒူ | ဖရူဆိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) ဦးစိန်ဗိုလ် | မြဝတီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) ဦးစိုင်းဖိုးမြတ် | မူဆယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) ဗိုလ်မှူးကြီးနေလင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (တ) ဦးစောသလေးစော | ရွှေကျင်မဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှု အခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။

၄။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၅။ ကော်မတီသည် -

(က) တိုင်ကြားစာများနှင့် အသနားခံစာများကို လေ့လာစိစစ်ပြီး ပြည်သူများ၏အခွင့်အရေးကို နစ်နာမှု မရှိစေရန် အလေးထားဆောင်ရွက်ရမည်။

(ခ) တိုင်ကြားစာများနှင့် အသနားခံစာများရရှိပါက လက်ခံရရှိကြောင်းနှင့် မည်သို့ဆောင်ရွက် ထားရှိကြောင်းကို လက်ခံရရှိသည့်နေ့မှစ၍ (၇) ရက်အတွင်း ပေးပို့သူထံစာဖြင့် အကြောင်း ပြန်ကြားရမည်။

(ဂ) တိုင်ကြားစာနှင့် အသနားခံစာပါကိစ္စနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းသို့ တိုင်ကြားခြင်း၊ အသနားခံခြင်းနှင့်စပ်လျဉ်း၍ ဖြေရှင်းနိုင်ရန်မည်သို့ဆောင်ရွက်ထားကြောင်း၊ တွေ့ရှိကြောင်း စသည်တို့ကို (၆) ပတ်အတွင်း အကြောင်းပြန်ကြားပေးရန် စာတွင်ဖော်ပြ၍ အကြောင်းကြားစာ ပေးပို့ရမည်။

(ဃ) တိုင်ကြားစာနှင့် အသနားခံစာပေးပို့သူများ၏ တင်ပြချက်များကို ပြန်လည်ရှင်းလင်းအကြောင်း ပြန်ကြားနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထံမှ ဖြေရှင်းဆောင်ရွက်ပြီး စိစစ်မှုအခြေအနေကို ပြည်သူ့လွှတ်တော်သို့ အကြောင်းကြားလာပါက ပေးပို့သူများထံ အကြောင်းပြန်ကြားရမည်။

(င) တိုင်ကြားစာပါကိစ္စရပ်များသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ကော်မတီ၏သဘောတူညီချက်နှင့် တိုင်ကြားစာပါကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ မှတ်တမ်းတင်သိမ်းဆည်းထားနိုင်ပြီး တိုင်ကြားစာပေးပို့သူထံသို့လည်း ရှင်းလင်းအကြောင်းပြန်ကြားရမည်။

(စ) ပြည်သူလူထုအား တရားမျှတစွာ အကာအကွယ်ပေးသည့် အုပ်ချုပ်မှုစနစ်ကို အကောင်အထည်ဖော်မည့် အစိုးရတစ်ရပ်ဖြစ်ပေါ်စေရေးအတွက် လိုအပ်ပါက လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ကော်မတီ၏ စိစစ်တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များနှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့၍အသိပေးခြင်း၊ အကြံပြုခြင်းများ ပြုလုပ်နိုင်ရေး ဆောင်ရွက်ရမည်။

(ဆ) တိုင်ကြားစာနှင့် အသနားခံစာပါ အကြောင်းအရာများသည် အများပြည်သူဆိုင်ရာ တောင်းဆိုချက်များဖြစ်ပါက လွှတ်တော်၏ website တွင် လွှင့်တင်ဖော်ပြနိုင်ရန် ဆောင်ရွက်ရမည်။

(ဇ) ပါတီများနှင့်သက်ဆိုင်သော တိုင်ကြားစာရရှိပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် သက်ဆိုင်ရာပါတီသို့ လွှဲပြောင်းပေးရမည်။

(ဈ) လက်ခံရရှိသောတိုင်ကြားစာနှင့် အသနားခံစာပါအကြောင်းအရာများသည် လွှတ်တော်၏ရေးရာကော်မတီတစ်ခုခုနှင့် တိုက်ရိုက်သက်ဆိုင်သော ကိစ္စရပ်များဖြစ်ပါက လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူခွင့်ပြုချက်ဖြင့် ယင်းစာကို သက်ဆိုင်ရာရေးရာကော်မတီသို့ လွှဲပြောင်းပေးရမည်။

(ည) ပြည်သူတို့က ပေးပို့လာသည့် တိုင်ကြားစာများ၊ အသနားခံစာများကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၆။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

၇။ တရားရုံးတစ်ရုံးက ဥပဒေလုပ်ထုံးလုပ်နည်းကျင့်စဉ်အတိုင်း ဆောင်ရွက်ခြင်းမရှိကြောင်းနှင့် တိုင်ကြားချက်မှန်ကန်ကြောင်း စိစစ်တွေ့ရှိပါက စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များနှင့်အတူ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ကို အမှုတွဲနှင့်တကွ လွှဲပြောင်းပေးပို့ရမည်။

၈။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်း မပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၉။ ကော်မတီ၏အစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၁၀။ ကော်မတီသည် -

(က) အများပြည်သူ ထိခိုက်နစ်နာသည့် ထူးခြားကိစ္စဖြစ်ပေါ်လာပါက လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ကော်မတီက လက်ခံစစ်ဆေးခြင်း၊ စုံစမ်းမေးမြန်းခြင်းတို့ကို ဆောင်ရွက်နိုင်ပြီး လိုအပ်ပါက ပွင့်လင်းမြင်သာသော နည်းလမ်းဖြင့်လည်း ဆောင်ရွက်နိုင်သည်။

(ခ) တိုင်ကြားစာနှင့် အသနားခံစာများအနက် ပြည်သူ့အကျိုးစီးပွား ထိခိုက်နေသော ကိစ္စရပ်များ ဖြစ်ကြောင်း လေ့လာတွေ့ရှိပါက လွှတ်တော်သို့ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း ပြုလုပ်နိုင်သည်။

၁၁။ ကော်မတီအစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သောကော်မတီဝင် တစ်ဦးသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ် ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကိုဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၁၂။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၁၃။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းများကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့်ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၄။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) တီခွန်မြတ်

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင်**

**အဖွဲ့ဝင်အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၇) မှ ဦးရဲမြင့်စိုး **အစား** ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇) မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး အား အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

**အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီတွင်**

**အဖွဲ့ဝင်အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၈) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင်အဖြစ် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇) မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာ အားကာမိုး **အစား** ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၅) မှ ဦးစိုင်းသန်းနိုင် အား အစားထိုးပြင်ဆင်ဖွဲ့စည်း လိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတွင်**

**အဖွဲ့ဝင်များ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၈) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီတွင် အဖွဲ့ဝင်များအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) မှ ဒေါက်တာမိုးမြင့်အောင်

**အစား** ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါက်တာခွန်ဝင်းသောင်း အားလည်းကောင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း **အစား** မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) မှ ဒေါ်မြတ်သီတာထွန်း အားလည်းကောင်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဦးဖြေရယ် (ခ) ဦးမြင့်သန်းထွန်း **အစား** ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၆) မှ ဒေါ်လွီးဇာ အားလည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

### ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး အား အစားထိုးပြင်ဆင်ခြင်းနှင့် အဖွဲ့ဝင်ဖြည့်စွက် ဖွဲ့စည်းခြင်း

အမျိုးသားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) မှ ဦးဆန်းမြင့် **အစား** ယင်းကော်မတီ၏ အတွင်းရေးမှူး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း **အစား** ယင်းကော်မတီ၏ အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀) မှ ဦးဝင်းကြိုင် အားလည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ဦးထိန်ဝင်း အား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

### လွှတ်တော်အခွင့်အရေးကော်မတီတွင် အဖွဲ့ဝင် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

အမျိုးသားလွှတ်တော်၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၇) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် လွှတ်တော်အခွင့်အရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၅) မှ ဒေါ်မြတ်သီတာထွန်း **အစား** မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂) မှ ဒေါ်သီရိရတနာ အား အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

**ပြည်တွင်း ပြည်ပအလုပ်သမားဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၈) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ပြည်တွင်း ပြည်ပအလုပ်သမားဆိုင်ရာကော်မတီတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဦးဆီဟူးဒွေ့ အား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

**ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၈) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ပြည်သူ့ငွေစာရင်းကော်မတီတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဦးဇော်မင်းလတ် (ခ) ဦးကိုလတ် အား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၇/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၃) နေရာ၌ ဦးအေးညီး **အစား** ဦးသစ်လွင် အား စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၈/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၃) နေရာ၌ ဦးဝင်းကြည် **အစား** ဒေါ်ယဉ်ယဉ်မြင့် အား စတင် တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၉/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဒေါ်မေသက်တင် **အစား** ဦးကျော်ငွေ အား စတင် တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၀/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဦးမြင့်သိန်း **အစား** ဦးတက်တိုး အား စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၁/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

### ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်ခြင်း

၁။ မြေပုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြသန်း သည် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရခိုင်အမျိုးသားပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပါသည်။

၂။ ရခိုင်အမျိုးသားပါတီ၏ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်စွဲပါစာအရ ဦးမြသန်း အား ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခဲ့ကြောင်း သိရှိရပါသည်။ ဦးမြသန်း သည် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီသို့ ဝင်ခွင့်ပြုရန် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်စွဲပါ လျှောက်ထားချက်အရ ပါတီဝင်အဖြစ် လက်ခံပါကြောင်း ယင်းပါတီ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်စွဲပါစာဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားလာခဲ့ပါသည်။

၃။ လွှတ်တော်ကိုယ်စားလှယ် ဦးမြသန်း သည် ၎င်းအား ရခိုင်အမျိုးသားပါတီမှ ထုတ်ပယ်ခဲ့ပြီးဖြစ်ကြောင်းနှင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ပြီးဖြစ်ပါ၍ ယင်းပါတီ၏ ကိုယ်စားပြုလွှတ်တော် ကိုယ်စားလှယ်အဖြစ် သတ်မှတ်ပေးပါရန် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်စွဲပါစာဖြင့် တင်ပြလာခဲ့ပါသည်။

၄။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ တင်ပြလာသော ရခိုင်အမျိုးသားပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ် ဦးမြသန်း အား ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ ကိုယ်စားပြုသော ရခိုင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၂/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၃) နေရာ၌ ဦးလှကျော် **အစား** ဦးထွန်းမြင့် အား စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၃/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်နှစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှစ်ဦး နေရာ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

(၁) အဖွဲ့ဝင် (၁) နေရာတွင် ဦးတင်ပွား **အစား** ဦးသိန်းအောင်

(၂) အဖွဲ့ဝင် (၅) နေရာတွင် ဒေါ်တင်ဝင်းရွှေ **အစား** ဦးခင်ဝင်း

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၄/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

**တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်ခြင်း**

၁။ ဘိုကလေးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစံမင်းအောင် သည် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပါသည်။

၂။ အဆိုပါ ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်သည် ယခုအခါတွင် ယင်းပါတီ၏ ပါတီဝင် မဟုတ်တော့ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်စွဲပါစာဖြင့် အကြောင်းကြားတင်ပြချက်အရ သိရှိရပါသဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့၌ ပြုလုပ်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ် (၄/၂၀၁၉) ၏ ဆုံးဖြတ်ချက်ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဆ)၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၇၂ (ဂ) တို့နှင့်အညီ ဦးစံမင်းအောင် အား တစ်သီးပုဂ္ဂလ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာပါသည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၀၀၃/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စီမံရေးရာဦးစီးဌာန၊ မူဝါဒနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး ဒေါ်ခင်မိုးဆွေ အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အောင်ကြည်

ဥက္ကဋ္ဌ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

**ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များ၏ ပါဝင်ဆောင်ရွက်မှုများ၊ အကြံဉာဏ်များကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ထိရောက်စွာ ပံ့ပိုးပေးနိုင်စေရန်အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ အောက်ဖော်ပြပါ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့ Disaster Management Advisory Group အား ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဦးမောင်မောင်ခင်<br>ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာပညာရှင် | ဥက္ကဋ္ဌ |
| (ခ) | ဦးထွန်းလွင်<br>မိုးလေဝသပညာရှင် | အဖွဲ့ဝင် |
| (ဂ) | ဦးဗစ်တာ<br>အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (အကြံပေး) | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာခင်နီနီသိန်း<br>ရေအရင်းအမြစ်စီမံခန့်ခွဲမှုပညာရှင် | အဖွဲ့ဝင် |
| (င) | ဦးမြင့်ရွှေ<br>စိုက်ပျိုးရေးပညာရှင် | အဖွဲ့ဝင် |

(စ) ဦးတင်အောင်ဝင်း — အဖွဲ့ဝင်
စိုက်ပျိုးရေးပညာရှင်

(ဆ) ဦးအောင်ဝင်း — အဖွဲ့ဝင်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးပညာရှင်

(ဇ) ဦးလှဘော် — အဖွဲ့ဝင်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးပညာရှင်

(ဈ) ဒေါက်တာသန်းထိန်ဝင်း — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးပညာရှင်

(ည) ဒေါက်တာစိုးလွင်ငြိမ်း — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးပညာရှင်

(ဋ) ဦးထွန်းပေါ်ဦး — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်

(ဌ) ဦးခင်မောင်ဇော် — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်

(ဍ) ဦးရဲထွေး — အဖွဲ့ဝင်
Private Sector Representative for Myanmar Preparedness Partnership

(ဎ) ဦးကိုကိုအောင် (သိပ္ပံစာရေးဆရာကိုကိုအောင်) — အဖွဲ့ဝင်
အာဆီယံပဋိညာဉ်ခံအင်ဂျင်နီယာပညာရှင်

(ဏ) ဦးချစ်ကျော် — အတွင်းရေးမှူး
မိုးလေဝသပညာရှင်

၂။ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာအကြံပေးအဖွဲ့ Disaster Management Advisory Group ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ရာသီကာလအလိုက် ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လိုအပ်သည့် သတင်းအချက်အလက်များပံ့ပိုးပေးရန်နှင့် ကြိုတင်ကာကွယ်မှု၊ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ အတွက် အကြံဉာဏ်များပေးရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဆည်မြောင်း/တာတမံ ကဏ္ဍ၊ လမ်း၊ တံတားကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ မြစ်ချောင်း ထိန်းသိမ်းရေးကဏ္ဍ စသည့်ကဏ္ဍအလိုက် ဆောင်ရွက်သင့်သည့်လုပ်ငန်းများ အကြံပြုတင်ပြရန်၊

(ဂ) ထိရောက်သည့် သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်စေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုချက်များပေးရန်၊

(ဃ) ဘေးအန္တရာယ်တစ်ခုဖြစ်ပွားပြီးအချိန်တွင် ရှေးဦးပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ရေရှည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ကဏ္ဍအလိုက် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများပေးရန်၊

(င) ထပ်မံဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်နှင့် နောက်ဆက်တွဲပြဿနာများကို ကြိုတင် ကာကွယ်နိုင်ရန်အစီအစဉ်များနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်မည့်ဘတ်ဂျက်၊ ထောက်ပံ့ငွေ၊ ချေးငွေနှင့် အခြားအရင်းအမြစ်များစုစည်းစီမံခန့်ခွဲသုံးစွဲနိုင်မည့် စီမံချက်များနှင့် စုစည်းမှုများကို ချမှတ်ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ရန်၊

(စ) သဘာဝဘေး အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ပိုမိုထိရောက်မှုရှိစေရေး လိုအပ်သည့် အကြံဉာဏ်များပေးရန်၊

(ဆ) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကို အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ပြီး ပိုမို ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ နှီးနှောဖလှယ်ပွဲ၊ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများကျင်းပခြင်းတို့အတွက် အကြံပြုရန်နှင့် ပါဝင်ဆောင်ရွက်ရန်၊

(ဇ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအခန်း (၅)၊ ပုဒ်မ (၁၁) တွင်ပါရှိသည့် နိုင်ငံတော် သမ္မတမှ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသဖြစ်ကြောင်း ကြေညာမည့်အခြေအနေ အတွက် လိုအပ်သည့်သတင်းအချက်အလက်နှင့် အကြံပြုချက်များတင်ပြပေးရန်၊

(ဈ) အခါအားလျော်စွာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာအကြံပေးအဖွဲ့မှ သီးခြားအကြံပြုတင်ပြ လိုသည်များရှိပါက တင်ပြရန်။

၃။ ယခင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၄/၂၀၁၅) အရ ဖွဲ့စည်းထားသော ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့ကို ဤအမိန့်ကြော်ငြာစာဖြင့် ဖျက်သိမ်းလိုက်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
စိုးအောင်၊ ဒုတိယဝန်ကြီး
အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

## မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီသည် ကွန်ပျူတာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အတွက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တွင် အဖွဲ့ဝင်များ ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်ပါ၍ ကွန်ပျူတာ ပညာဖွံ့ဖြိုးရေးဥပဒေ အခန်း (၆)၊ အပိုဒ် (၁၈) အရ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(၁) ဦးမင်းဇေယျာလှိုင် — ဥက္ကဋ္ဌ
နာယက၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၂) ဦးရဲရင့်ဝင်း — ဒုတိယဥက္ကဋ္ဌ (၁)
နာယက၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

(၃) ဒေါ်သန်းသန်းတင့် — ဒုတိယဥက္ကဋ္ဌ (၂)
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၄) ဒေါက်တာနွဲ့နွဲ့ဝင်း — ဒုတိယဥက္ကဋ္ဌ (၃)
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

(၅) ဦးမျိုးမြင့်ထွန်း — ဒုတိယဥက္ကဋ္ဌ (၄)
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၆) ဒေါက်တာထွန်းသူရသက် — ဒုတိယဥက္ကဋ္ဌ (၅)
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

(၇) ဦးထွန်းခိုင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

(၈) ဦးထင်အောင်ခိုင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၉) ဦးမင်းဦး — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ (၁)၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

(၁၀) ဦးဇော်မင်းဦး — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ (၁)၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၁၁) ဦးငြိမ်းဦး — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ (၂)၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

(၁၂) ဦးအောင်ကျော်မိုး — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ (၂)၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၁၃) ဦးဇော်ဝင်းထွန်း — အဖွဲ့ဝင်
အတွင်းရေးမှူး၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

(၁၄) ဦးဇော်ထွန်း — အဖွဲ့ဝင်
အတွင်းရေးမှူး၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၁၅) ဦးခိုင်ဝင်း — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ (၃)၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၁၆) ဦးနေလင်းသန်း — အဖွဲ့ဝင်
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

(၁၇) ဦးလှကောင်း — အဖွဲ့ဝင်
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

(၁၈) ဦးသိန်းထွန်းဖေ — အဖွဲ့ဝင်
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၁၉) ဒေါ်နီလာအေး — အဖွဲ့ဝင်
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

(၂၀) ဒေါက်တာမျိုးနိုင် — အဖွဲ့ဝင်
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၂၁) ဦးအောင်ကျော်စိုး — အဖွဲ့ဝင်
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

(၂၂) ဦးမောင်မောင်ဦး — အဖွဲ့ဝင်
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၂၃) ဒေါ်မြတ်မြတ်မိုး — အဖွဲ့ဝင်
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

(၂၄) ဦးသက်မင်းဦး — အဖွဲ့ဝင်
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၂၅) ဦးသောင်းစုငြိမ်း — အထွေထွေ အတွင်းရေးမှူး
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

(၂၆) ဒေါ်ချောခင်ခင် — တွဲဖက် အတွင်းရေးမှူး (၁)
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၂၇) ဒေါ်အေးအေးသင်း — တွဲဖက် အတွင်းရေးမှူး (၂)
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

(၂၈) ဦးအောင်စိုးသာ — တွဲဖက် အတွင်းရေးမှူး (၃)
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၂၉) ဦးမြင့်သူ — တွဲဖက် အတွင်းရေးမှူး (၄)
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

(၃၀) ဒေါ်သီရိခေတ် — တွဲဖက် အတွင်းရေးမှူး (၅)
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၃၁) ဒေါ်ခင်အေးဝင်း — ဘဏ္ဍာရေးမှူး
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

(၃၂) ဒေါ်သင်းသင်းစိုး — စာရင်းစစ်
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

သန့်စင်မောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးတွဲကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

### တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့ (၁၂) ဖွဲ့ ဖွဲ့စည်းခြင်း

၁။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးတွဲကော်မတီအောက်တွင် အောက်ဖော်ပြပါ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့ (၁၂) ဖွဲ့ကို ဖွဲ့စည်းလိုက်သည် -

**(က) ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့**

(၁) အမြဲတမ်းအတွင်းဝန် — အဖွဲ့ခေါင်းဆောင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီမံကိန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၃) အထွေထွေမန်နေဂျာ အဖွဲ့ဝင်
မြန်မာ့မီးရထား
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၆) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၇) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၈) ရုံးအဖွဲ့မှူး အဖွဲ့ဝင်
နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ

(၉) Senior Visiting Fellow အဖွဲ့ဝင်
မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း

(၁၀) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၁) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(၁၂) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၃) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(၁၄) အတွင်းရေးမှူး အဖွဲ့ဝင်
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

**(ခ) ကုန်ထုတ်စွမ်းအားနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့**

(၁) အမြဲတမ်းအတွင်းဝန် အဖွဲ့ခေါင်းဆောင်
စက်မှုဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၃) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(၄) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၅) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၆) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(၈) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(၉) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

**(ဂ) သယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့**

(၁) အမြဲတမ်းအတွင်းဝန် အဖွဲ့ခေါင်းဆောင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၃) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၄) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၅) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့မီးရထား
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၆) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၈) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
| (ဈ) | ဒေါ်နှင်းနှင်း<br>ဒု-ဦးစီးမှူး (ပြတိုက်)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>အမျိုးသားပြတိုက် (ရန်ကုန်)<br>ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန | ဦးစီးအရာရှိ (ပြတိုက်-ခင်းကျင်း)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အမျိုးသားပြတိုက် (နေပြည်တော်)<br>ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန |
| (ဈ) | ဒေါ်စန်းစန်းဝင်း<br>ဒု-ဦးစီးမှူး (ပြတိုက်)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>အမျိုးသားပြတိုက် (ရန်ကုန်)<br>ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန | ဦးစီးအရာရှိ (ပြတိုက်-လူထုဆက်ဆံ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပုဂံဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန |
| (ည) | ဒေါ်သန်း<br>ဒု-ဦးစီးမှူး (ပြတိုက်)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>အမျိုးသားပြတိုက် (နေပြည်တော်)<br>ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန | ဦးစီးအရာရှိ (ပြတိုက်-ခင်းကျင်း)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အမျိုးသားပြတိုက် (ရန်ကုန်)<br>ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန |

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၉) အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်း အား အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ဝတ္တရားများ စတင်ဆောင်ရွက်သည့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်မှစ၍ တာဝန်ပေးအပ်လိုက်သည်။

၂။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစိုးသိန်း သည် ညွှန်ကြားရေးမှူးချုပ်အဆင့်သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ဝန်ကြီးဌာန၏ တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ငွေ ၂၀၀,၀၀၀/- (ကျပ် နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

၁။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လစာနှုန်း (၅၅၀,၀၀၀) ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်အား ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှစတင်၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၃/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေကြောင်းဌာနမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယရေကြောင်းဌာနမှူးချုပ် ဦးမြင့်သန်းထွန်း အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ရေကြောင်းဌာနမှူးချုပ် ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၉/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ ဒုတိယဦးစီးမှူး (မိုး/ဇလ) (၅) ဦးအား ယင်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (က) | ဦးချစ်ထွေးထွန်း | ဦးစီးအရာရှိ (မိုး/ဇလ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

| **စဉ်** | **အမည်** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း** |
|---|---|---|
| (ခ) | ဦးမောင်မောင်သင် | ဦးစီးအရာရှိ (မိုး/ဇလ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဂ) | ဦးဇော်မင်းထွေး | ဦးစီးအရာရှိ (မိုး/ဇလ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဃ) | ဦးထွန်းနိုင်ဝင်း | ဦးစီးအရာရှိ (မိုး/ဇလ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (င) | ဦးမြင့်ဦး | ဦးစီးအရာရှိ (မိုး/ဇလ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၆/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

**ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ရသေ့တောင်မြို့နယ် အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃,၂၀၀) ဧကရှိသောနယ်မြေကို "မေယုကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

**၁။ နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ တောင်ကုန်းအမှတ် (၁၀၉၄) သစ်ကတိုးတောင်ထိပ်၏အရှေ့ဘက် (၃၀၀) ပေခန့်အကွာ ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ် မြို့နယ်ခြားနယ်နိမိတ်ပေါ်ရှိ ခန့်မှန်းမြေပုံညွှန်း (PR-623972) မှအစပြု၍ အရှေ့မြောက်ဘက်သို့ တောင်အဆင်းအတိုင်း (၃) ဖာလုံခန့် လာရာ ဝွေတောက်ချောင်းလက်တက်ဖျား ခန့်မှန်းမြေပုံညွှန်း (PR-629974) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ဝွေတောက်ချောင်းလက်တက်အတိုင်း (၄) ဖာလုံခန့် စုန်ဆင်းလာရာ ဂုင်းချောင်း၏ လက်တက်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PR-637972) ထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ခြေအတိုင်း (၄) ဖာလုံခန့်လာရာ ဝွေတောက်ချောင်း လက်တက်ချောင်းဝှနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PR-639964) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ခါးပတ်အတိုင်း (၆) ဖာလုံခန့်လာရာ ဝွေးတောက်ချောင်းလက်တက် ချောင်းဝှနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PR-648956) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ခါးပတ်အတိုင်း (၄) ဖာလုံခန့်လာရာ မိချောင်းရေသောက်ကျေးရွာ၏ အနောက်တောင်ဘက် (၄) ဖာလုံခန့်

အကွာ ဝွေးတောက်ချောင်းလက်တက်ချောင်းဝှနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PR-654948) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ခါးပတ်အတိုင်းချောင်းမြောင်ကိုဖြတ်၍ (၄) ဖာလုံခန့် လာရာ ကုန်တန်းချောင်း၊ အင်္ဂလိပ်ခေတ် ကားလမ်းဟောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PR-657939) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ခါးပတ်အတိုင်း (၃) ဖာလုံခန့်လာရာ ကုန်တန်းချောင်းလက်တက်ဖျား ခန့်မှန်းမြေပုံညွှန်း (PR-659934) ထိ၊ ထိုမှ အနောက်တောင် ဘက်သို့ တောင်ခါးပတ်အတိုင်း (၃) ဖာလုံခန့်လာရာ ကုန်တန်းချောင်းလက်တက်ချောင်းဝှနှင့် ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PR-658927) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ခါးပတ်အတိုင်း (၂) ဖာလုံခန့်လာရာ မြင်ဘူကျေးရွာ၏ အနောက်ဘက် (၄) ဖာလုံခန့်အကွာ ပြာချောင်း လက်တက်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PR-659924) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ခါးပတ်အတိုင်း (၃) ဖာလုံခန့်လာရာ ပြာချောင်းလက်တက် ချောင်းဝှနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PR-663918) ထိ၊ ထိုမှ တောင်ဘက်သို့ တောင်ခါးပတ်အတိုင်း (၅) ဖာလုံခန့်လာရာ ပြာချောင်းလက်တက်ချောင်းဝှနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PR-663907) ထိ၊ ထိုမှ အရှေ့ တောင်ဘက်သို့ တောင်ခါးပတ်အတိုင်း (၄) ဖာလုံခန့် ချောင်းမြောင်ကို ဖြတ်၍လာရာ ပြာချောင်းလက်တက်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PR-666900) ထိ၊ တောင်ဘက်သို့ တောင်ခါးပတ်အတိုင်း ချောင်းမြောင်များကိုဖြတ်၍ (၁) မိုင်ခန့်လာရာ တောင်ကြောထိပ် ခန့်မှန်းမြေပုံညွှန်း (PR-668884) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ကြောအတိုင်း (၃) ဖာလုံခန့်လာရာ ပြာချောင်းလက်တက်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PR-671878) ထိ၊ ထိုမှ တောင်ဘက်သို့ တောင်ခါးပတ်အတိုင်း (၅) ဖာလုံခန့်လာရာ ပြာချောင်းလက်တက်ချောင်းဝှနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PR-672868) ထိ၊ ထိုမှ အရှေ့ တောင်ဘက်သို့ တောင်ကုန်း၊ တောင်ခါးပတ်၊ ချောင်းမြောင်များကို ဖြတ်၍ (၁) မိုင် (၁) ဖာလုံခန့်လာရာ တောင်ကုန်းထိပ် ခန့်မှန်းမြေပုံညွှန်း (PR-681853) ထိ၊ ထိုမှ အရှေ့တောင် ဘက်သို့ တောင်အဆင်းအတိုင်း ချောင်းမြောင်ကိုဖြတ်၍ (၃) ဖာလုံခန့်လာရာ ပြာချောင်း လက်တက်ချောင်းဝှနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PR-683847) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ကုန်းငယ်များကို ဖြတ်၍ (၂) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၃၂၈) ခန့်မှန်း မြေပုံညွှန်း (PR-686843) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ တောင်ကုန်းထိပ် ခန့်မှန်းမြေပုံညွှန်း (PR-684839) ထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ တောင်အတက်အတိုင်း (၄) ဖာလုံခန့် ဆန်တက်လာရာ မေယုကြိုးဝိုင်း၊ အကွက်အမှတ် (၁၀၄) နယ်နိမိတ်နှင့်ဆုံရာ တောင်ကုန်းအမှတ် (Mt Todd) ခန့်မှန်း မြေပုံညွှန်း (PR-676839) ထိ၊

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ မေယုကြိုးဝိုင်းနယ်နိမိတ် တောင်ကြောအတိုင်း (၇) ဖာလုံခန့် လာရာ တောင်ကုန်းအမှတ် (၁၀၄၇) ခန့်မှန်းမြေပုံညွှန်း (PR-669854) ထိ၊ ထိုမှ အနောက် မြောက်ဘက်သို့ မေယုကြိုးဝိုင်းနယ်နိမိတ်တောင်ကြောအတိုင်း (၁) မိုင် (၃) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၁၀၀၀) (Mandaung Taung) ခန့်မှန်းမြေပုံညွှန်း (PR-660878) ထိ၊ ထိုမှ မြောက်ဘက်သို့ မေယုကြိုးဝိုင်းနယ်နိမိတ်အတိုင်း တောင်ကြော၊ ခင်ကြောကိုဖြတ်၍ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PR-662888) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မေယုကြိုးဝိုင်းနယ်နိမိတ်အတိုင်း (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PR-660899) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မေယုကြိုးဝိုင်းနယ်နိမိတ်တောင်ကြောအတိုင်း (၃) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၁၀၅၆) ခန့်မှန်းမြေပုံညွှန်း (PR-656902) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မေယုကြိုးဝိုင်းနယ်နိမိတ်တောင်ကြောအတိုင်း (၄) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၁၀၄၆) ခန့်မှန်းမြေပုံညွှန်း (PR-652909) ထိ၊ ထိုမှ မြောက်ဘက်သို့ မေယုကြိုးဝိုင်းနယ်နိမိတ်တောင်ကြောအတိုင်း (၅) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၁၁၁၆) ခန့်မှန်းမြေပုံညွှန်း (PR-651919) ထိ၊ ထိုမှ မြောက်ဘက်သို့ မေယုကြိုးဝိုင်းနယ်နိမိတ် တောင်ကြောအတိုင်း (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PR-650928) ထိ၊ ထိုမှ

အနောက်မြောက်ဘက်သို့ မေယုကြိုးဝိုင်းနယ်နိမိတ်တောင်ကြောအတိုင်း (၅) ဖာလုံခန့်လာရာ အင်္ဂလိပ်ခေတ်ကားလမ်းဟောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PR-642935) ထိ၊ ထိုမှ မြောက်ဘက်သို့ မေယုကြိုးဝိုင်းနယ်နိမိတ်တောင်ကြောအတိုင်း (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PR-640947) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မေယုကြိုးဝိုင်းနယ်နိမိတ်တောင်ကြောအတိုင်း (၅) ဖာလုံခန့်လာရာ ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ် နယ်နိမိတ်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PR-631951) ထိ၊ ထိုမှ မြောက်ဘက်သို့ ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ် မြို့နယ်ခြားနယ်နိမိတ်ပေါ်ရှိ တောင်ကြောအတိုင်း (၄) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၁၀၀၄) ထိ၊ (Conical Hill) ခန့်မှန်းမြေပုံညွှန်း (PR-631956) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ် မြို့နယ်ခြားနယ်နိမိတ်ပေါ်ရှိ တောင်ကြောအတိုင်း (၁) မိုင် (၁) ဖာလုံခန့်လာရာ မူလစတင်သည့် တောင်ကုန်းအမှတ် (၁၀၉၄) ၏ အရှေ့ဘက် (၃၀၀) ပေခန့်အကွာ ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ် မြို့နယ်ခြားနယ်နိမိတ်ပေါ်ရှိ ခန့်မှန်းမြေပုံညွှန်း (PR-623972) ထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် အား သစ်တောကြေးတိုင် အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

# (ပြည်ထောင်စုဝန်ကြီးရုံး)
# အမိန့်ကြော်ငြာစာအမှတ် (၁၄၇/၂၀၁၈)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ် အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၄၂,၈၅၄) ဧကရှိသောနယ်မြေကို “ရေပေါ်မီးကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

## ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ။ ဥရုချောင်းမကြီးလက်တက် ဗဟိုချောင်းဖျားထိပ် တောင်ကုန်းအမြင့် (၁၁၃၃) ပေ၊ ခန့်မှန်းမြေပုံညွှန်း (B-184243) မှအစပြု၍ အရှေ့မြောက်ဘက်သို့ ရေဝေခင်ကြောအတိုင်း (၅) မိုင် (၆) ဖာလုံခန့်လာရာ ဟုမ္မလင်းမြို့နယ်နှင့် ခန္တီးမြို့နယ် နယ်နိမိတ်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (B-260300) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ ရေနောက်ချောင်းလက်တက်ကိုဖြတ်၍ (၄) မိုင် (၂) ဖာလုံခန့်လာရာ ဆောင်ထောက်ချောင်းဘေးအနီး ခန့်မှန်းမြေပုံညွှန်း (B-263231) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ဆောင်ထောက်ချောင်းကိုဖြတ်၍ (၅) မိုင် (၁) ဖာလုံခန့်လာရာ ဗဟိုချောင်းဘေးအနီး ခန့်မှန်းမြေပုံညွှန်း (B-202168) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ဗဟိုချောင်းကိုဖြတ်၍ (၅) မိုင်ခန့်လာရာ နုတ်နင်းချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (B-150092) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ နုတ်နင်းချောင်းကိုဖြတ်၍ (၂) မိုင် (၁) ဖာလုံခန့်လာရာ နန်းထွန်းခမ်ချောင်းဘေးအနီး ခန့်မှန်းမြေပုံညွှန်း (B-117070) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ နန်းထွန်းခမ်ချောင်းကိုဖြတ်၍ (၃) မိုင်ခန့်လာရာ နန့်မောက်မိုးကြိုးပြင်ကာကွယ်တောနှင့်ဆုံသည့် တောင်ကုန်းအမြင့် (၁၅၂၁) ပေထိပ် ခန့်မှန်းမြေပုံညွှန်း (B-065068) အထိ၊ ထိုမှ အနောက်ဘက်သို့ ရေဝေခင်ကြောအတိုင်း (၃) မိုင်ခန့်လာရာ နန့်မောက်မိုးကြိုးပြင်ကာကွယ်တော၊ ထမံသီဘေးမဲ့တောနှင့် ရေပေါ်မီးအဆိုပြုကြိုးပြင်ကာကွယ်တောဆုံသည့် ခန့်မှန်းမြေပုံညွှန်း (B-014077) တောင်ကုန်းအမြင့် (၁၈၈၃) ပေအနီးအထိ၊

အနောက်ဘက် ။ ။ ထိုမှ အရှေ့မြောက်ဘက်သို့ ထမံသီဘေးမဲ့တော နယ်နိမိတ် ရေဝေခင်ကြောအတိုင်း (၆) မိုင် (၄) ဖာလုံခန့်လာရာ နုတ်နင်းချောင်းဖျားထိပ် တောင်ကုန်းအမြင့် (၁၇၂၆) ပေ အနီး ခန့်မှန်းမြေပုံညွှန်း (B-090157) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ထမံသီဘေးမဲ့တောနယ်နိမိတ်တစ်လျှောက် ရေဝေခင်ကြောအတိုင်း (၄) မိုင် (၄) ဖာလုံခန့်လာရာ ဗဟိုရ်ချောင်းဖျားထိပ် ခန့်မှန်းမြေပုံညွှန်း (B-159204) တောင်ကုန်းအမြင့် (၁၀၀၆) ပေအနီးအထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ရေဝေခင်ကြောတန်းအတိုင်း (၃) မိုင်ခန့်လာရာ မူလစတင်သည့်နေရာ ခန့်မှန်းမြေပုံညွှန်း (B-184243) အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် အား သစ်တောကြေးတိုင် အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၄၈/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ - ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁,၇၂၆) ဧကရှိသောနယ်မြေကို “သစ်ချိုကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၅ ရက် (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ မကွေးရေနံချောင်းကားလမ်း၊ မိုင်တိုင်အမှတ် (၃၄၉/၃) ဖာလုံ၊ ခန့်မှန်းမြေပုံညွှန်း (U-၃၀၁၇၁၅) မှအစပြု၍ မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ အုတ်လှချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (U-၃၀၂၇၂၃) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ အုတ်လှချောင်းလက်တက်ဖျားများကိုဖြတ်၍ (၁) မိုင် (၁) ဖာလုံခန့်လာရာ အုတ်လှ-ကျောက်ပုံတောင်သွား လှည်းလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (U-၃၁၈၇၁၀) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အုတ်လှချောင်းလက်တက်အဖျားများကိုဖြတ်၍ အရှေ့တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ ညောင်နီအိုင်-သစ်ချိုရွာသွား လှည်းလမ်းနှင့်ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (U-၃၂၅၆၉၄) အထိ၊ ထိုမှ အနောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၃၁၄၆၉၃) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၆) ဖာလုံကျော်လာရာ ဒေါင်းနေချောင်းအဖျား (ဒေသ

အခေါ် ကဒေါင်းချောင်းလက်တက်) ခန့်မှန်းမြေပုံညွှန်း (U-၃၂၅၆၈၄) အထိ၊ ထိုမှ တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၃၂၄၆၈၀) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၃၂၂၆၈၃) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၃၂၀၆၈၂) အထိ၊ ထိုမှ တောင်ဘက်သို့ (၃) ဖာလုံကျော်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၃၁၉၆၇၆) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၃၂၄၆၆၈) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၃၂၅၆၇၀) အထိ၊ ထိုမှ တောင်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၃၂၄၆၅၇) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၃၂၈၆၅၇) အထိ၊

တောင်ဘက် ။ ။ ထိုမှ ဒေါင်းနေချောင်းကမ်းပါးအတိုင်း အနောက်တောင်ဘက်သို့ (၁) မိုင်ကျော်ခန့်လာရာ မကွေး-ရေနံချောင်းကားလမ်းမိုင်တိုင်အမှတ် (၃၄၅/၂) ဖာလုံ ခန့်မှန်းမြေပုံညွှန်း (U-၃၁၁၆၄၉) အထိ၊

အနောက်ဘက် ။ ။ ထိုမှ မကွေး - ရေနံချောင်းကားလမ်းအတိုင်း မြောက်ဘက်သို့ (၂) မိုင်ကျော်ခန့်လာရာ မိုင်တိုင်အမှတ် (၃၄၇/၂) ဖာလုံ ခန့်မှန်းမြေပုံညွှန်း (U-၃၁၁၆၈၄) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၃) ဖာလုံကျော်ခန့်လာရာ သစ်ချိုရွာဟောင်း အနောက်မြောက်ဘက် ခန့်မှန်းမြေပုံညွှန်း (U-၃၁၆၆၈၉) အထိ၊ ထိုမှ အနောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ မကွေး - ရေနံချောင်းကားလမ်း မိုင်တိုင်အမှတ် (၃၄၇/၄) ဖာလုံ ခန့်မှန်းမြေပုံညွှန်း (U-၃၁၁၆၈၉) အထိ၊ ထိုမှ မကွေး - ရေနံချောင်းကားလမ်းအတိုင်း အနောက်မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၃၀၂၇၀၀) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁. ၁) မိုင်ခန့်လာရာ မူလစတင်သည့် မကွေး - ရေနံချောင်းကားလမ်း မိုင်တိုင်အမှတ် (၃၄၉/၃) ဖာလုံ ခန့်မှန်းမြေပုံညွှန်း (U-၃၀၁၇၁၅) အထိ။

၃။ **တားမြစ်ချက်များ**

"သစ်ချိုကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) သစ်တောဦးစီးဌာနက သတ်မှတ်ထားသော သစ်ပင်အမျိုးအစားများကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း၊

(ခ) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ဂ) အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း၊

(ဃ) စိုက်ပျိုးရန်အတွက် မြေကိုတူးဆွခြင်း သို့မဟုတ် ရှင်းလင်းခြင်း၊

(င) ရေတွင် အဆိပ်ခတ်ခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊

(စ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း၊

(ဆ) မီးမွှေးခြင်း၊ မီးဖိုခြင်း သို့မဟုတ် မီးသယ်ယူခြင်း။

၄။ **ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| **စဉ်** | **အခွင့်ရသူ၏အကြောင်းအရာ** | **ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ** |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၄၉/၂၀၁၈)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ - ၆၊ ပုဒ်မခွဲ ( င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ် အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၂,၇၁၀) ဧကရှိသောနယ်မြေကို "ကြည့်မြင်ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၅ ရက် (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ရေနံချောင်းမြို့နယ်၊ နယ်နိမိတ်လားရာဖြစ်သော ပင်းချောင်းလက်တက်-ချောင်းမကြီး ချောင်းလက်တက် ခွဆုံ ခန့်မှန်းမြေပုံညွှန်း (U-177945) မှအစပြု၍ အရှေ့မြောက်ဘက်သို့ ချောင်းအတိုင်း ဆန်တက်သွားရာ (၁) မိုင် (၅) ဖာလုံခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (U-200959) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-205956) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-207961) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-203962) အထိ၊ ထိုမှ ရေနံချောင်းမြို့နယ် နယ်နိမိတ်လားရာဖြစ်သော ပင်းချောင်း လက်တက်အတိုင်း (၁) မိုင် (၄) ဖာလုံခန့်ဆက်လာရာ ကြည့်မြင်ရွာအနောက်ဘက် ခန့်မှန်းမြေပုံညွှန်း (U-224976) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၂) ဖာလုံကျော်လာရာ ကြည့်မြင်ရွာသွား လှည်းလမ်းနှင့် ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (U-223973) အထိ၊ ထိုမှ တောင်ဘက်သို့ လှည်းလမ်းအတိုင်း (၂) မိုင်ကျော်ခန့်လာရာ ရေနံချောင်း - ချောက်သွားကားလမ်း၏ အနောက်ဘက် ခန့်မှန်း မြေပုံညွှန်း (U-219940) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင်ခန့်ဆက်လာရာ ကြို့ပင်ကျေးရွာသွား လှည်းလမ်းနှင့် ဆုံရာ ခန့်မှန်းမြေပုံညွှန်း (U-207927) အထိ၊ ထိုမှ လှည်းလမ်းအတိုင်း (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-205926) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၅) ဖာလုံခန့် ဆက်လာရာ ခန့်မှန်းမြေပုံညွှန်း (U-194923) အထိ၊ ထိုမှ အနောက်မြောက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-190935) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-187936) အထိ၊ ထိုမှ မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-187939) အထိ၊ ထိုမှ အနောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-183940) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-182938) အထိ၊ ထိုမှ တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-181934) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-180932) အထိ၊ ထိုမှ တောင်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-180923) အထိ၊ ထိုမှ ပင်းချောင်းလက်တက်ကို ဖြတ်၍ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-173924) အထိ၊ ထိုမှ မြောက်ဘက်သို့ (၀. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-173925) အထိ၊ ထိုမှ အနောက် မြောက်ဘက်သို့ (၀. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-171925) အထိ၊ ထိုမှ တောင်ဘက်သို့ (၀. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-171924) အထိ၊ ထိုမှ အနောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ချောင်းမကြီးချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (U-166925) အထိ၊

အနောက်ဘက် ။ ။ ထိုမှ ချောင်းမကြီးချောင်းကိုဖြတ်၍ အနောက်မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-158930) အထိ၊ ထိုမှ မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-157935) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ မြို့နယ်နယ်နိမိတ်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (U-172943) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-168928) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-177929) အထိ၊ ထိုမှ မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-177933) အထိ၊ ထိုမှ အနောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-175933) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-173936) အထိ၊ ထိုမှ မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ ချောင်းမကြီးချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (U-175943) အထိ၊ ထိုမှ အရှေ့ဘက်သို့ ချောင်းမကြီးချောင်းအတိုင်း (၂) ဖာလုံခန့်လာရာ မူလစတင်သည့် ချောင်းမကြီးချောင်းလက်တက်ခွဆုံ ခန့်မှန်းမြေပုံညွှန်း (U-177945) အထိ။

**ချန်လုပ်ကွက်ဧရိယာ (၁၅၉) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (U-195941) မှအစပြု၍ အရှေ့တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-197937) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-199938) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-203945) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-205945) အထိ၊ ထိုမှ မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-205950) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-207952) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-207946) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-204942) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-205941) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-199937) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-200933) အထိ၊ ထိုမှ အနောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-198933) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-200931) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-202930) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-200927) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-193932) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-195933) အထိ၊ ထိုမှ မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-194939) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (U-195941) အထိ။

၃။ **တားမြစ်ချက်များ**

"ကြည့်မြင်ကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) သစ်တောဦးစီးဌာနက သတ်မှတ်ထားသော သစ်ပင်အမျိုးအစားများကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း၊

(ခ) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ဂ) အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း၊

(ဃ) စိုက်ပျိုးရန်အတွက် မြေကိုတူးဆွခြင်း သို့မဟုတ် ရှင်းလင်းခြင်း၊

(င) ရေတွင် အဆိပ်ခတ်ခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊

(စ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း၊

(ဆ) မီးမွှေးခြင်း၊ မီးဖိုခြင်း သို့မဟုတ် မီးသယ်ယူခြင်း။

၄။ **ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၅၀/၂၀၁၈)
## ကြိုးဝိုင်းတောဖွဲ့စည်းရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ - ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ သံတောင်ကြီးမြို့နယ် အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃၄,၅၆၀) ဧကရှိသောနယ်မြေကို "ဂမုန်းတောင်ကြိုးဝိုင်းတော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၅ ရက် (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်) မှစ၍ ဖွဲ့စည်းရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်နိမိတ်နှင့် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ် မိဿလင်တောင်ကြိုးပြင်ကာကွယ်တော နယ်နိမိတ်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (W-208573) မှစ၍ ကရင်ပြည်နယ်နှင့်ရှမ်းပြည်နယ် ပြည်နယ်ခြားနယ်နိမိတ်အတိုင်း အရှေ့ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (W-233577) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (W-257571) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (W-273558) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁) မိုင်ခန့်လာရာ အမြင့်ပေ (၅၃၀၀) ရှိ တောင်ထိပ် ခန့်မှန်းမြေပုံညွှန်း (W-293557) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ ကရင်ပြည်နယ်နှင့်ရှမ်းပြည်နယ် ပြည်နယ်ခြားနယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၂) မိုင် (၃) ဖာလုံခန့်လာရာ သံတောင်ကြီးမြို့နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ်၊ မြို့နယ်ခြားနယ်နိမိတ် ခန့်မှန်းမြေပုံညွှန်း (W-314521) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ကြောတစ်လျှောက် (၁) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (W-319502) အထိ၊ ထိုမှ တောင်ကြောအတိုင်း တောင်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ ကလဲထ-ဘာရက်ဆို ကျေးရွာသွား လူသွားလမ်းဆုံ ခန့်မှန်းမြေပုံညွှန်း (W-328479) အထိ၊ ထိုမှ တောင်ကြောအတိုင်း တောင်ဘက်သို့ (၃) မိုင်ခန့်လာရာ ကလေထ-လိုရောဒိုးကျေးရွာသွား လူသွားလမ်းဆုံ ခန့်မှန်းမြေပုံညွှန်း (W-336430) အထိ၊

တောင်ဘက် ။ ။ ထိုမှ လုရောဒိုး-တဘိုချိ ကျေးရွာသွား လူသွားလမ်းအတိုင်း အနောက်ဘက်သို့ (၅) ဖာလုံခန့် လာရာ ခိချိကျေးရွာသွား လူသွားလမ်းဆုံ ခန့်မှန်းမြေပုံညွှန်း (W-327430) အထိ၊ ထိုမှ လုရောဒိုး-ခိချိကျေးရွာသွား လူသွားလမ်းအတိုင်း အနောက်မြောက်ဘက်သို့ (၁) မိုင်ခန့် လာရာ ခန့်မှန်းမြေပုံညွှန်း (W-317443) အထိ၊ ထိုမှ လုရောဒိုး-ခိချိကျေးရွာသွား လူသွားလမ်းအတိုင်း အနောက်တောင်ဘက်သို့ (၂) မိုင် (၅) ဖာလုံခန့်လာရာ ခိချိကျေးရွာအနီး ခန့်မှန်းမြေပုံညွှန်း (W-281420) အထိ၊ ထိုမှ ခိချိ-တဘိုချိကျေးရွာသွား လူသွားလမ်းအတိုင်း တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခီးချောင်းအနီး ခန့်မှန်းမြေပုံညွှန်း (W-285413) အထိ၊ ထိုမှ ခီးချောင်းတစ်လျှောက် အနောက်တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (W-280406) အထိ၊ ထိုမှ လိုရောဒိုး-သကွဲပလိုးကျေးရွာသွား လူသွားလမ်းအတိုင်း အနောက်တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (W-273402) အထိ၊ ထိုမှ ခိချိ-သကွဲပလိုးကျေးရွာသွား လူသွားလမ်းအတိုင်း အနောက်ဘက်သို့ (၁) မိုင် (၅) ဖာလုံခန့်လာရာ ဆပ်ချောင်းတံတားအနီး ခန့်မှန်းမြေပုံညွှန်း (W-248409) အထိ၊

အနောက်ဘက် ။ ။ ထိုမှ ဆပ်ချောင်းအတိုင်း အနောက်မြောက်ဘက်သို့ (၁) မိုင် (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (W-224426) အထိ၊ ထိုမှ ဆပ်ချောင်းအတိုင်း အနောက်မြောက်ဘက်သို့ (၃) မိုင် (၅) ဖာလုံခန့်လာရာ မုဆိုးမချောင်းနှင့်ဘာဘီချောင်းတို့ဆုံရာ ခန့်မှန်းမြေပုံညွှန်း (W-182469) အထိ၊ ထိုမှ မြောက်ဘက်ရှိ တောင်ကြောအတိုင်း အရှေ့မြောက်ဘက်သို့ (၂) မိုင်ခန့်လာရာ အမြင့်ပေ (၂၄၁၈) ရှိ တောင်ထိပ် ခန့်မှန်းမြေပုံညွှန်း (W-193500) အထိ၊ ထိုမှ တောင်ကြောအတိုင်း အရှေ့မြောက်ဘက်သို့ (၁) မိုင် (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (W-219517) အထိ၊ ထိုမှ တောင်ကြောအတိုင်း အနောက်မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ အမြင့်ပေ (၄၂၅၀) ရှိ ဖာပိုလိုတောင် ခန့်မှန်းမြေပုံညွှန်း (W-206539) အထိ၊ ထိုမှ တောင်ကြောအတိုင်း မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့် လာရာ မိဿလင်တောင်ကြီးပြင်ကာကွယ်တော နယ်နိမိတ်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (W-208563) အထိ၊ ထိုမှ မိဿလင်တောင်ကြီးပြင်ကာကွယ်တောနယ်နိမိတ်အတိုင်း မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ မူလစတင်သည့် ပျဉ်းမနားမြို့နယ် နယ်နိမိတ်နှင့် သံတောင်ကြီးမြို့နယ် နယ်နိမိတ်၊ မိဿလင်တောင်ကြီးပြင်ကာကွယ်တော နယ်နိမိတ်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (W-208573) အထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း

ကြိုးဝိုင်းတော ဖွဲ့စည်းကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးဝိုင်းနယ်နိမိတ်များ ဖွဲ့စည်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) အရ သံတောင်ကြီးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး အား သစ်တောကြေးတိုင်အရာရှိ အဖြစ် ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၅၁/၂၀၁၈)

## ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ သတ်မှတ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင်ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝ ထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်အတွင်း ကျရောက်နေသည့် အကျယ်အဝန်း (၁၆၅) ဧက၊ (၀. ၂၆) စတုရန်းမိုင်ရှိမြေကို သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ **ထောင်ဝိတောင်ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ** အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၅ ရက် (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့) မှစတင်၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

## နယ်နိမိတ်အလားအလာဖော်ပြချက်

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

မြောက်ဘက် ။ ။ သံလွင်မြစ်ကမ်းဘေးပွိုင့်အမှတ် (A) ခန့်မှန်းမြေပုံညွှန်း (N- 226414) အရှေ့တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ပွိုင့်အမှတ် (B) ခန့်မှန်းမြေပုံညွှန်း (N-228412) အထိလည်းကောင်း၊ ထိုမှ အရှေ့မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (C) ခန့်မှန်းမြေပုံညွှန်း (N-229413) အထိလည်းကောင်း၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ သံလွင်မြစ်ကမ်းဘေး ပွိုင့်အမှတ် (D) ခန့်မှန်းမြေပုံညွှန်း (N-228417) အထိလည်းကောင်း၊ ထိုမှအရှေ့ဘက်သို့ (၁) ဖာလုံခန့်လာရာ ပွိုင့်အမှတ် (E) ခန့်မှန်းမြေပုံညွှန်း (N-232415) အထိလည်းကောင်း၊ ထိုမှ အရှေ့တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (F) ခန့်မှန်းမြေပုံညွှန်း (N-233414) အထိလည်းကောင်း၊

အရှေ့ဘက် ။ ။ ထိုမှတစ်ဆင့် တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (G) ခန့်မှန်းမြေပုံညွှန်း (N-233413) အထိလည်းကောင်း၊ ထိုမှ အနောက်တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (H) ခန့်မှန်းမြေပုံညွှန်း (N-231411) အထိလည်းကောင်း၊ ထိုမှ အနောက်မြောက်ဘက်သို့လာရာ မိုးကုတ်ဝိပဿနာကျောင်းအနီး ပွိုင့်အမှတ် (I) ခန့်မှန်းမြေပုံညွှန်း (N-229413) အထိလည်းကောင်း၊ ထိုမှ အနောက်တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (J) ခန့်မှန်းမြေပုံညွှန်း (N-229412) အထိလည်းကောင်း၊ ထိုမှ အရှေ့တောင်ဘက်သို့ (၅) ဖာလုံခန့်လာရာ သထုံလမ်းခွဲအနီး ပွိုင့်အမှတ် (K) ခန့်မှန်းမြေပုံညွှန်း (N-235403) အထိလည်းကောင်း၊

တောင်ဘက် ။ ။ ထိုမှတစ်ဆင့် အနောက်တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ပွိုင့်အမှတ် (L) ခန့်မှန်းမြေပုံညွှန်း (N-232402) အထိလည်းကောင်း၊

အနောက်ဘက် ။ ။ ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ ပွိုင့်အမှတ် (M) ခန့်မှန်းမြေပုံညွှန်း (N-225405) အထိလည်းကောင်း၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ပွိုင့်အမှတ် (N) ခန့်မှန်းမြေပုံညွှန်း (N-227410) အထိလည်းကောင်း၊ ထိုမှ မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (O) ခန့်မှန်းမြေပုံညွှန်း (N-227411) အထိလည်းကောင်း၊ ထိုမှ အနောက်ဘက်သို့လာရာ ပွိုင့်အမှတ် (P) ခန့်မှန်းမြေပုံညွှန်း (N-226411) အထိလည်းကောင်း၊ ထိုမှ အနောက်တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (Q) ခန့်မှန်းမြေပုံညွှန်း (N-226410) အထိလည်းကောင်း၊ ထိုမှအနောက်မြောက်ဘက်သို့လာရာ သံလွင်မြစ်ကမ်းဘေး ပွိုင့်အမှတ် (R) ခန့်မှန်းမြေပုံညွှန်း (N-224412) အထိလည်းကောင်း၊ ထိုမှ သံလွင်မြစ်ကမ်းဘေးအတိုင်း အရှေ့မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ မူလစတင်သည့် ပွိုင့်အမှတ် (A) အထိ။

## တားမြစ်ချက်များ

၂။ ထောင်ဝိတောင်ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအဖြစ် ဖွဲ့စည်းသတ်မှတ်သည့် နယ်မြေအတွင်း အောက်ဖော်ပြပါ တားမြစ်ချက်များကိုမပြုလုပ်ရန် ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊

(ဃ) ကာကွယ်ထားသည့် တိရစ္ဆာန်များအပါအဝင် မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်းသော်လည်းကောင်း၊ ၎င်းနှင့် ဆက်စပ်နေသည့် နေရာဒေသအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

( င ) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်း မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊

( စ ) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထား တည်ရှိမှု တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသောတိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

( ဇ ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသည့်နေရာများမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

၃။ **ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| ၁။ | မရှိပါ | မရှိပါ |

၄။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၅၂/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ - ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၅,၄၇၀) ဧကရှိသောနယ်မြေကို "ဘိတ်သိတ်-မဟာ-သာသာ ဒီရေတောကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၆ ရက် (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ဇောတိကကျေးရွာပိုင်နယ်နိမိတ် ခန့်မှန်းမြေပုံညွှန်း (M-232329) မှအစပြု၍ အရှေ့တောင်ဘက်သို့ (၄) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-234253) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၃) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-211198) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-196206) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အရှေ့မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-199214) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁) မိုင် (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-201240) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-208263) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-206264) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) မိုင် (၃) ဖာလုံကျော်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-215283) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-205291) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-217307) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-215308) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (M-232329) အထိ။

**၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် အား သစ်တောကြေးတိုင် အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၀၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၂/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ ပြည်ထောင်စုဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲတွင် လစ်လပ် လျက်ရှိသော လက်ထောက်အတွင်းဝန်၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သစ်သစ်မာ အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလျက် အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲတွင် နေရာချထားလိုက်သည်။

(ပုံ) အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၉၂/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ လောင်းလုံးမြို့နယ်ရှိ Myanmar Paradise Beach Bangalows အား

စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျိုးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ လောင်းလုံးမြို့နယ်ရှိ Myanmar Paradise Beach Bangalows အား တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ် လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ-၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အသေးစား/အလတ်စားစက်မှုလုပ်ငန်းများ အပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများ လုပ်ငန်းတည်ထောင်ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်သက်သာစေရန်အတွက် ၂၀၁၅ ခုနှစ်မှစ၍ နှစ်အလိုက်တင်သွင်းခွင့်ပြုခဲ့သော အသုံးပြုနိုင်သည့် ပြုပြင်ထားခြင်းမရှိသောစက်ပစ္စည်း (Used Machine) များကို ၂၀၁၉ ခုနှစ်အတွက် ဆက်လက်၍ အထူးကိစ္စရပ်အနေဖြင့် တင်သွင်းခွင့်ပြုလိုက်သည်။

၃။ အသုံးပြုပြီးစက်ပစ္စည်းများတင်သွင်းခြင်းကို ပင်လယ်ရေကြောင်းမှသာ ခွင့်ပြုမည်ဖြစ်ပြီး ပြည်တွင်းတွင် အသုံးမတည့်သောစက်ပစ္စည်းများ စုပုံနေခြင်း၊ ပတ်ဝန်းကျင်ထိခိုက်စေခြင်းများ မဖြစ်ပေါ်စေရန်နှင့် လုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုစွမ်းရည်တိုးတက်စေရန်တို့အတွက် ရည်ရွယ်၍ အသုံးပြုပြီးသည့် ခုနှစ် (၁၀) နှစ်ထက်မပိုသော တိုက်ရိုက်အသုံးပြုနိုင်မည့် စက်ပစ္စည်းများကို အောက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များနှင့်အညီ တင်သွင်းရမည်ဖြစ်သည် -

(က) တင်သွင်းမည့်စက်ပစ္စည်းအား တင်သွင်းခွင့်လျှောက်ထားရာတွင် စက်ပစ္စည်း၏ စံချိန်စံညွှန်း အပြည့်အစုံကို အောက်ဖော်ပြပါအတိုင်း ဖော်ပြလျှောက်ထားရမည် -

(၁) Brand Name

(၂) Capacity

(၃) ထုတ်လုပ်သည့်ခုနှစ် (Model Year)

(၄) ထုတ်လုပ်သည့်နိုင်ငံ (Country of Origin)

(၅) စက်၏ သုံးစွဲသည့်စွမ်းအင်/လောင်စာ (လျှပ်စစ်၊ ရေနွေးငွေ့၊ ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့သုံး)

(ခ) အသုံးပြုနိုင်သည့် စက်အရည်အသွေးသည် နည်းပညာ (၈၀) ရာခိုင်နှုန်းထက်မနည်းသော အရည်အသွေး ရှိရမည်။

(ဂ) အသုံးပြုပြီးစက်ပစ္စည်းတင်သွင်းရန်အတွက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ထောက်ခံချက်ပါရှိရမည်။

(ဃ) အသုံးပြုပြီးစက်ပစ္စည်း၏ ပြည်ပနိုင်ငံတွင် Running Condition နှင့်ပတ်သက်၍ ဆိပ်ကမ်းဆိုက်ရောက်သည့်ရက်မတိုင်မီ (၆) လအတွင်း စစ်ဆေးထားသော Pre-shipment Inspection Certificate တင်ပြရမည်။

(င) စက်မှုဖွံ့ဖြိုးပြီးသည့်နိုင်ငံမှ ခေတ်မီနည်းပညာဖြင့် ထုတ်လုပ်သောစက်ပစ္စည်းဖြစ်ရမည်။

(စ) အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်၊ စတော့ဟုမ်းကွန်ဗင်းရှင်း၊ ဘာဆယ်ကွန်ဗင်းရှင်းများအရ သတ်မှတ်ချက်များနှင့်ကိုက်ညီခြင်းရှိစေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ထောက်ခံချက်ပါရှိရမည်။

(ဆ) အမှန်တကယ် အသုံးပြုမည့် လုပ်ငန်းဖော်ပြချက်များဖြင့် တင်ပြလျှောက်ထားရမည်။

၄။ အသုံးပြုသည့် ခုနှစ် (၁၀) နှစ်ထက် ကျော်လွန်နေသည့်တိုင် အရည်အသွေးမြင့်အသုံးပြုပြီး စက်ပစ္စည်းများဖြစ်ပါက ပြည်တွင်းအသေးစား/အလတ်စားလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေမည့် စက်ပစ္စည်းများအား စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် အထူးကိစ္စတစ်ရပ်အနေဖြင့် တင်သွင်းခွင့်ပြုမည်ဖြစ်သည်။

၅။ တင်သွင်းလာသော အသုံးပြုပြီးစက်ပစ္စည်းများအား တင်သွင်းလိုင်စင်ပါ လျှောက်ထားချက်များနှင့် ကိုက်ညီမှု ရှိ မရှိ ကို လိုအပ်ပါက စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

၆။ အပိုဒ် (၅) ပါ စစ်ဆေးချက်အရ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိကြောင်း စိစစ်တွေ့ရှိပါက သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၇။ အသုံးပြုပြီးစက်ပစ္စည်း (Used Machine) များ တင်သွင်းခွင့်ပြုသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် သတ်မှတ်ချက်များကို နှစ်စဉ်ပြန်လည်သုံးသပ်ထုတ်ပြန်သွားမည်ဖြစ်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၉)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်စွဲပါ စာအမှတ် ၁၁၈ (၂)/၈/သမ္မတရုံးကို ရည်ညွှန်းလျက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း အား ယင်းဌာန၏ ခေတ္တညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ပေးအပ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၉ အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၂။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးအောင်စိုး သည် ညွှန်ကြားရေးမှူးချုပ် အဆင့်တွင်ထမ်းဆောင်ရသည့်တာဝန်များအပြင် ဝန်ကြီးဌာန၏ တာဝန်များကိုပါ တာဝန်ခံဆောင်ရွက် ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၆၀ နှင့်အညီ လက်ရှိခံစားလျက်ရှိသော လစာနှင့် စရိတ်အပြင် လစဉ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

(ပုံ) ဒေါက်တာသန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

အမှတ် ၁၁၃ ။ ။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈) ဆုံးဖြတ်ချက် အရ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အား အမည်နှင့် ယှဉ်တွဲပါ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူး၊ ဌာနသို့ တိုးမြှင့် ခန့်ထားလိုက်သည် -

| ဆမ | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁၁၇၇၂ | ဒေါက်တာမြင့်မြင့်သန်း<br>MPH<br>ညွှန်ကြားရေးမှူး<br>ကလေးကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် | ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၁၁၄ ။ ။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈) ဆုံးဖြတ်ချက် အရ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒု-တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အမည်နှင့် ယှဉ်တွဲ ဖော်ပြပါ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူး၊ ဌာနများသို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ၁၂၂၈၁ | ဒေါက်တာအေးသိန်း<br>Dip.Med.Sc (TB & Chest)<br>M.Med.Sc (PH)<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး | ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် |

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၂။ | ၁၂၉၁၁ | ဒေါက်တာခင်နန်းလုံ<br>M.Med.Sc (PH)<br>ဒု-တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး (ရောဂါနှိမ်နင်းရေး)<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး | ညွှန်ကြားရေးမှူး<br>သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေ<br>တုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ညွှန်ကြားရေးမှူးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်)

အမှတ် ၁၁၅ ။ ။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈) ၏ သဘောတူ ဆုံးဖြတ်ချက်အရ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအဖြစ် ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၅၂၂၅ | ဒေါက်တာပပစိုး<br>M.Med.Sc (PH)<br>M.S.H.C.A<br>Ph.D<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>ကာကွယ်ရေးနှင့်<br>လူမှုရေးဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ပါမောက္ခ<br>ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| ၂။ | ၁၄၂၄၆ | ဒေါက်တာအေဘီ<br>M.Med.Sc (PH)<br>Ph.D<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ (ဌာနမှူးတာဝန်)<br>ရောဂါနှိမ်နင်းရေးဌာန<br>အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး)<br>(ပါမောက္ခ/ဌာနမှူးရာထူးကို ကျောထောက်နောက်ခံပြု၍) | ပါမောက္ခ/ဌာနမှူး<br>ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မကွေး) |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခများသည် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့် ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၁၆ ။ ။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ဇီဝဓာတုဗေဒဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၄၆၁၁ | ဒေါက်တာစိုးဟန်<br>M.Med.Sc (Biochemistry)<br>Ph.D (Biochemistry)<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>ဇီဝဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) | ပါမောက္ခ<br>ဇီဝဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |

မှတ်ချက်။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် ပါမောက္ခသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့်အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၁၇ ။ ။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) မှ အောက်ဖော်ပြပါ ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၄၈၁၈ | ပါမောက္ခဒေါက်တာချိုမာကောင်းမြင့်<br>M.Med.Sc (PH)<br>Ph.D<br>Dip.Med.Ed<br>ပါမောက္ခ/ဌာနမှူး<br>လူမှုဆက်ဆံရေးနှင့် အပြုအမူပိုင်းဆိုင်ရာပညာဌာန<br>ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) | ပါမောက္ခ/ဌာနမှူး<br>ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန<br>ဆေးတက္ကသိုလ် (တောင်ကြီး) |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခ/ဌာနမှူးသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၁၈ ။ ။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈) ၏ သဘောတူ

ဆုံးဖြတ်ချက်အရ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) မှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အလုပ်တာဝန်များစတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၆၁၈၉ | ဒေါက်တာခိုင်လေးမွန်<br>M.Med.Sc (PH)<br>Ph.D<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>ဆေးပညာသင်ကြားရေးနှင့်<br>သတင်းဆက်သွယ်ရေး<br>နည်းပညာဌာန<br>ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) | ပါမောက္ခ<br>လူမှုဆက်ဆံရေးနှင့် အပြုအမူပိုင်းဆိုင်ရာ<br>ပညာဌာန<br>ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) |

မှတ်ချက်။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် ပါမောက္ခသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း (**သတ်မှတ်ရက်အတွင်း**) အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

အမှတ် ၁ ။ ။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၈) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အမည်နှင့်ယှဉ်တွဲပါ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) သို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | တဆမ/ ဆမ | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ |
|---|---|---|---|
| ၁။ | ၁၇၇၆ | ဒေါက်တာဥမ္မာစိုးဝင်း<br>B.V.S, DFT,MFT<br>ဒုတိယညွှန်ကြားရေးမှူး<br>(အစားအသောက်)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ (ရန်ကုန်) | ညွှန်ကြားရေးမှူး (အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |
| ၂။ | ၁၅၈၅၃ | ဒေါက်တာတင်ဝါဝါဝင်း<br>M.B,B.S, M.Med.Sc<br>(Pharmacology)<br>ဒုတိယညွှန်ကြားရေးမှူး<br>(ဆေးဝါးကြီးကြပ်)<br>အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊<br>နေပြည်တော် | ညွှန်ကြားရေးမှူး<br>(ဆေးပစ္စည်း၊ အလှကုန်/လူသုံးကုန်)<br>ဆေးပစ္စည်း၊ အလှကုန်/<br>လူသုံးကုန်ဌာနခွဲ<br>အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊<br>နေပြည်တော် |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ညွှန်ကြားရေးမှူးများသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

အမှတ် ၂။ ။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈) ၏ သဘောတူခွင့်ပြုချက်အရ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး၊ ဒေါက်တာလှမြသွေးက္ကန္ဒာ (ဆမ-၁၀၂၃၃) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်၊ အကျိုးသက်ရောက်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **အထူးကုန်စည်ခွန်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် အထူးကုန်စည်ခွန်ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ အထူးကုန်စည်ခွန်ဥပဒေကို ဆိုသည်၊

(ခ) **လုပ်ငန်းမှတ်ပုံတင်ရရှိသူ**ဆိုသည်မှာ အထူးကုန်စည်များကို ပြည်တွင်းသို့တင်သွင်းရန်၊ ထုတ်လုပ်ရန်နှင့် ပြည်ပသို့တင်ပို့ရန် ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ ထုတ်ပေးထားသည့် လုပ်ငန်းမှတ်ပုံတင်ရရှိသူကို ဆိုသည်၊

(ဂ) **ဇယား**ဆိုသည်မှာ ဘဏ္ဍာရေးနှစ်အလိုက် ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ အထူးကုန်စည်ဇယားကို ဆိုသည်၊

(ဃ) **တစ်ပိုင်းတစ်စကုန်စည်**ဆိုသည်မှာ အခွန်ကျသင့်သည့် အခြားအထူးကုန်စည်တွင် အစိတ်အပိုင်းအဖြစ်သာပါဝင်သည့် ပြည်တွင်းသို့တင်သွင်းသော သို့မဟုတ် အခြားအထူးကုန်စည်ထုတ်လုပ်သူထံမှ ဝယ်ယူသည့် အထူးကုန်စည်ကို ဆိုသည်၊

(င) **အထူးကုန်စည်ခွန်အရာရှိ**ဆိုသည်မှာ မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က အထူးကုန်စည်ခွန်ကောက်ခံရန် တာဝန်ပေးထားသူကို ဆိုသည်၊

(စ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး**ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး၏ တာဝန်ခံအရာရှိကို ဆိုသည်။ **ယင်းစကားရပ်တွင် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ** အခွန်ရုံးဌာနမှူးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးတို့လည်း ပါဝင်သည်။

## အခန်း (၂)

## မှတ်ပုံတင်ခြင်းနှင့် လုပ်ငန်းဥပစာခွင့်ပြုပေးခြင်း

၃။ (က) အထူးကုန်စည်တင်သွင်းသူ၊ ထုတ်လုပ်သူ၊ တင်ပို့သူများသည် လုပ်ငန်းမှတ်ပုံတင်ခြင်း သို့မဟုတ် သက်တမ်းတိုးလျှောက်ထားခြင်းကို ဆောင်ရွက်ရာတွင် သတ်မှတ်ထားသောပုံစံဖြင့် အောက်ဖော်ပြပါကာလအတွင်းတွင် လျှောက်လွှာတင်သွင်းရမည် -

(၁) ဘဏ္ဍာရေးနှစ်အလိုက် သက်တမ်းတိုးခြင်းဖြစ်ပါက ယင်းဘဏ္ဍာနှစ် မစတင်မီ သုံးလ၊

(၂) အခြားသောကိစ္စရပ်များအတွက် လုပ်ငန်းစတင်သည့်နေ့ မတိုင်မီ သုံးလ။

(ခ) နည်းဥပဒေခွဲ (က) နှင့်အညီ လိုက်နာဆောင်ရွက်ရန်ခက်ခဲသည့်ကိစ္စအတွက် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးသည့်ကာလအတွင်း။

၄။ ညွှန်ကြားရေးမှူးချုပ်သည် အထူးကုန်စည်ခွန်ဥပဒေအရ လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ မည်သည့်မြို့နယ်အခွန်ဦးစီးဌာနမှူးထံတွင် မှတ်ပုံတင်ရမည်ကို သတ်မှတ်နိုင်သည်။

၅။ (က) ဤနည်းဥပဒေများအရ လုပ်ငန်းမှတ်ပုံတင်ခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းတို့အတွက် သတ်မှတ်ပုံစံဖြင့် လျှောက်ထားရမည်။

(ခ) နည်းဥပဒေခွဲ (က) နှင့်အညီ လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုရန် လျှောက်လွှာတင်သွင်းခြင်းအတွက် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းဖြစ်လျှင် အဖွဲ့အစည်း၏အကြီးအကဲ သို့မဟုတ် ယင်းကတာဝန်လွှဲအပ်သူ၊ တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်လျှင် တစ်ဦးချင်းပုဂ္ဂိုလ်ကိုယ်တိုင်၊ ကုမ္ပဏီဖြစ်လျှင် ယင်းကုမ္ပဏီ၏ အတွင်းရေးမှူး၊ အထွေထွေမန်နေဂျာ၊ မန်နေဂျာ သို့မဟုတ် ကိုယ်စားလှယ်၊ အစုစပ်လုပ်ငန်း သို့မဟုတ် အခြားအဖွဲ့အစည်း၊ အသင်း စသည်တို့ဖြစ်လျှင် ယင်းတို့တွင် ပါဝင်သူတစ်ဦးဦး၊ သမဝါယမအသင်းဖြစ်လျှင် အသင်း ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးတစ်ဦးဦးက လက်မှတ်ရေးထိုး လျှောက်ထားရမည်။

၆။ (က) ဤနည်းဥပဒေများအရ ထုတ်လုပ်မှုအတွက် လုပ်ငန်းမှတ်ပုံတင်ခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းတို့အတွက် သတ်မှတ်ပုံစံနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည် -

(၁) ခွင့်ပြုချက်လျှောက်ထားသည့် အထူးကုန်စည်ထုတ်လုပ်မည့် လုပ်ငန်းဥပစာနေရာ သို့မဟုတ် လိပ်စာအပြည့်အစုံ၊

(၂) အထူးကုန်စည်များကို ထုတ်လုပ်သူ သို့မဟုတ် အထူးကုန်စည်များကို ထုတ်လုပ်သည့်နေရာရှိ တာဝန်ရှိပုဂ္ဂိုလ်၊

(၃) အထူးကုန်စည်များကို ထုတ်လုပ်သည့်နေရာရှိ ဝန်ထမ်းအရေအတွက်၊

(၄) ထုတ်လုပ်မည့် အထူးကုန်စည် အမျိုးအစား၊

(၅) မှတ်ပုံတင်ထားသော ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ခွင့်ပြုချက်လျှောက်ထားသောလုပ်ငန်းဥပစာတစ်ခုစီ၌ ထုတ်လုပ်မည့်အထူးကုန်စည်အမျိုးအစားတစ်ခုချင်းစီ၏ ပမာဏနှင့် တန်ဖိုး၊

(၆) ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုချက်လျှောက်ထားသည့် အဆောက်အဦ၊ မြေအကျယ်အဝန်းနှင့် နယ်နိမိတ်၊

(၇) အဆောက်အဦ အတွင်းပိုင်းပုံစံ၊

(၈) ခြံစည်းရိုးနှင့် အကာအရံ အမျိုးအစား၊

(၉) သီးခြားသတ်မှတ်ထားသော နေရာများ -

(ကက) လုပ်ငန်းဥပစာအတွင်း ထုတ်လုပ်မှုတွင်အသုံးပြုမည့် ကုန်ကြမ်း သို့မဟုတ် အခြားကုန်စည်များ၊ ကုန်ချောများနှင့် စွန့်ပစ်ပစ္စည်းများထားရှိရန် နေရာ၊

(ခခ) အထူးကုန်စည် ထုတ်လုပ်ရန်အတွက်သာ အသုံးပြုမည့်နေရာများ။

(ခ) လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုရန် လျှောက်လွှာမူရင်းကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံသို့လည်းကောင်း၊ မူရင်းခွဲနှစ်စောင်ပြုစု၍ တစ်စောင်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူးထံသို့လည်းကောင်း၊ ကျန်တစ်စောင်ကို ညွှန်ကြားရေးမှူးချုပ်ထံသို့လည်းကောင်း ပေးပို့ရမည်။

၇။ အထူးကုန်စည်များကို ပြည်တွင်းသို့တင်သွင်းရန် လုပ်ငန်းမှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးခြင်းများဆောင်ရွက်ရာတွင် နည်းဥပဒေ ၆ အရ လိုအပ်သောအချက်အလက်အပြင် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သောသတင်းအချက်အလက်နှင့် အထောက်အထားများကိုပါ ပူးတွဲ၍ပေးပို့ရမည်။

၈။ အထူးကုန်စည်များကို ပြည်ပသို့တင်ပို့ရန် လုပ်ငန်းမှတ်ပုံတင်ခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းများဆောင်ရွက်ရာတွင် နည်းဥပဒေ ၆ အရ လိုအပ်သောအချက်အလက်အပြင် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ထားသောသတင်းအချက်အလက်များကိုပါ ပူးတွဲ၍တင်ပြရမည်။

၉။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည်များကို ပြည်တွင်းသို့တင်သွင်းရန်၊ ပြည်တွင်း၌ထုတ်လုပ်ရန်၊ ပြည်ပသို့တင်ပို့ရန် လုပ်ငန်းမှတ်ပုံတင်လျှောက်ထားခြင်းကို စိစစ်၍ ခွင့်ပြုနိုင်သည်။ ခွင့်ပြုသည့်လုပ်ငန်းမှတ်ပုံတင်တွင် အောက်ပါအချက်များ ပါဝင်ရမည် -

(၁) မှတ်ပုံတင်သူ၏ အမည်နှင့် လိပ်စာ၊

(၂) ခွင့်ပြုသည့် အထူးကုန်စည်အမျိုးအစားနှင့် ထုပ်ပိုးမှုပုံစံ၊

(၃) အထူးကုန်စည် အလွှာတစ်ခုစီအလိုက် ခွင့်ပြုသည့်လုပ်ငန်းဥပစာ၊

(၄) လုပ်ငန်းဥပစာအတွက် တာဝန်ရှိပုဂ္ဂိုလ်နှင့် ကြီးကြပ်ကွပ်ကဲခွင့်ပြုသည့် ပုဂ္ဂိုလ်အမည်များ။

(ခ) လုပ်ငန်းမှတ်ပုံတင်ရရှိသူသည် လုပ်ငန်းမှတ်ပုံတင်တွင် ခွင့်ပြုသည့် လုပ်ငန်းဥပစာကို သတ်မှတ်ထားသော အထူးကုန်စည်အမျိုးအစားအတွက်သာ အသုံးပြုရမည်၊

(ဂ) လုပ်ငန်းမှတ်ပုံတင်တွင် ခွင့်ပြုထားသော တာဝန်ရှိပုဂ္ဂိုလ်သာလျှင် လုပ်ငန်းဥပစာကို ထိန်းချုပ်ခြင်းပြုရမည်၊

(ဃ) လုပ်ငန်းမှတ်ပုံတင်လျှောက်ထားခြင်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သင့်လျော်သည်ဟုယူဆသောစည်းကမ်းချက်များ သို့မဟုတ် ကန့်သတ်ချက်များကို ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်သတ်မှတ်နိုင်သည်။

၁၀။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် လုပ်ငန်းနေရာတစ်နေရာထက်ပိုရှိသော လုပ်ငန်းဖြစ်လျှင် လျှောက်လွှာတွင်ဖော်ပြထားသော စက်ရုံ၊ အလုပ်ရုံ၊ ဥပစာနေရာများအတွက် လိုအပ်သော လုပ်ငန်းမှတ်ပုံတင်မူရင်းခွဲများကို ထုတ်ပေးရမည်။

၁၁။ လုပ်ငန်းမှတ်ပုံတင်ရရှိသူသည် ဤနည်းဥပဒေများအရ ထုတ်ပေးထားသော လုပ်ငန်းမှတ်ပုံတင်မူရင်းကို ပင်မလုပ်ငန်းဥပစာတွင်လည်းကောင်း၊ လုပ်ငန်းမှတ်ပုံတင်မူရင်းခွဲကို သက်ဆိုင်ရာ လုပ်ငန်းခွဲဥပစာ အသီးသီးတွင်လည်းကောင်း အများမြင်သာအောင်ချိတ်ဆွဲထားရမည်။

၁၂။ လုပ်ငန်းမှတ်ပုံတင်ရရှိသူသည် -

(က) အောက်ပါကိစ္စတစ်ရပ်ရပ် ဆောင်ရွက်ခြင်းမပြုမီ ခုနစ်ရက်ကြိုတင်၍ မှတ်ပုံတင်လက်မှတ်နှင့်အတူ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံ စာဖြင့်အကြောင်းကြားရမည်။ ထိုသို့ အကြောင်းကြားခြင်းကို မြို့နယ်အခွန်ဦးစီးဌာနမှူးက လက်ခံအတည်ပြုပြီး လုပ်ငန်းမှတ်ပုံတင်ရရှိသူကတောင်းဆိုလျှင် သတ်မှတ်မှတ်ပုံတင်လက်မှတ်ကို ပြင်ဆင်၍ ပြန်လည်ထုတ်ပေးရမည်-

(၁) ခွင့်ပြုထားသောလုပ်ငန်းဥပစာရှိ လုပ်ငန်းများအနက် လုပ်ငန်းဆောင်ရွက်မှုတစ်ခုခုရပ်စဲခြင်း၊

(၂) အမည်၊ လိပ်စာ၊ လုပ်ငန်းတည်နေရာ၊ ပိုင်ဆိုင်မှုပါဝင်သူများ သို့မဟုတ် အဓိကလုပ်ငန်း၏ သဘောသဘာဝ သို့မဟုတ် မှတ်ပုံတင်ထားသူ၏ လုပ်ငန်းဆောင်ရွက်မှုများ ပြောင်းလဲခြင်း၊

(၃) အောက်ပါပြောင်းလဲမှုတစ်ခုခုဆောင်ရွက်ခြင်း -

(កក) ထုတ်လုပ်မည့် အထူးကုန်စည်အမျိုးအစား၊

(ခခ) အထူးကုန်စည်ထုတ်လုပ်မည့် လုပ်ငန်းဥပစာ၊

(ဂဂ) အထူးကုန်စည်ထုတ်လုပ်မည့် စက်ရုံနှင့် အသုံးပြုမည့် စက်ပစ္စည်း၊

(ဃဃ) ကုန်စည်အမှတ်တံဆိပ် ပြောင်းလဲခြင်း။

(ခ) လုပ်ငန်းဥပစာတွင် ကြိုတင်စီစဉ်ထားခြင်းမဟုတ်သော လုပ်ငန်းရပ်စဲခြင်းအတွက် လုပ်ငန်းရပ်စဲသည့်နေ့မှ ခုနစ်ရက်အတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူးထံသို့ အကြောင်းကြားရမည်။

**လုပ်ငန်းမှတ်ပုံတင်ရရှိသူမှ မှတ်တမ်းများကို ထိန်းသိမ်းခြင်း**

၁၃။ လုပ်ငန်းမှတ်ပုံတင်ရရှိသူသည် ညွှန်ကြားရေးမှူးချုပ်က ထုတ်ပြန်သတ်မှတ်ထားသည့် ညွှန်ကြားချက်နှင့်အညီ သတ်မှတ်ထားသော စာရင်းစာအုပ်များနှင့် မှတ်တမ်းများကို လုပ်ငန်းဥပစာတွင် ထိန်းသိမ်းထားရမည်။

**စုံစမ်းစစ်ဆေးခြင်း**

၁၄။ မြို့နယ်အခွန်ဦးစီးဌာနမှူးမှ တောင်းခံပါက လုပ်ငန်းမှတ်ပုံတင်ရရှိသူသည် -

(က) မည်သည့်နည်းစနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသောစာရင်းများ၊ အထောက်အထားနှင့် လိုအပ်သော အခြားမည်သည့် စာရွက်စာတမ်းများကိုမဆို ပြသရမည်၊

(ခ) လက်ဝယ်တွင် သို့မဟုတ် ထိန်းသိမ်းမှုအောက်တွင်ထားရှိသော အထူးကုန်စည်များ၊ ထုတ်လုပ်ရာတွင် အသုံးပြုမည့် ကုန်ကြမ်းနှင့် အခြားကုန်စည်များ၏ ပမာဏကို ဖော်ပြထားသော စာရင်းများနှင့် ယင်းပစ္စည်းများထားရှိသောနေရာများ သို့မဟုတ် ဥပစာများကို ဖော်ပြရမည်။

**အထူးကုန်စည်များကို လုပ်ငန်းဥပစာမှ ရွှေ့ပြောင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်း**

၁၅။ ထုတ်လုပ်သူသည် ဤနည်းဥပဒေများနှင့်အညီ သတ်မှတ်ထားသည့်အတိုင်း အထူးကုန်စည်များကို အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်း သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက ထုတ်ပေးသော ခွင့်ပြုချက် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိပါက လုပ်ငန်းဥပစာအတွင်းမှ ယင်းအထူးကုန်စည်များကို ရွှေ့ပြောင်းခြင်းမပြုရ။

၁၆။ တင်ပို့သူသည် ဤနည်းဥပဒေများနှင့်အညီ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် သတ်မှတ်ထားသော အထူးကုန်စည်များကို အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိပါက ပြည်ပသို့တင်ပို့ခြင်းမပြုရ။

## အခန်း (၃)
## တာဝန်ခွဲဝေသတ်မှတ်ခြင်း

၁၇။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၁၂ အရ ပေးအပ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အောက်ပါအတိုင်း ကျင့်သုံးဆောင်ရွက်နိုင်သည် -

(က) အခြားသက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စ၌ ယင်းဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အဖွဲ့များဖွဲ့စည်းပြီး တာဝန်ခွဲဝေပေးအပ်ခြင်း၊

(ခ) ကျန်ကိစ္စရပ်များအတွက် မိမိဦးစီးဌာနဝန်ထမ်းများကို တာဝန်ခွဲဝေပေးအပ်ခြင်း။

**အထူးကုန်စည်ခွန် အရာရှိများ၏လုပ်ပိုင်ခွင့်**

၁၈။ နည်းဥပဒေ ၁၇ အရ တာဝန်ပေးအပ်ခြင်းခံရသူသည် ဥပဒေပုဒ်မ ၁၃ အရ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်သည်။

## အခန်း (၄)
## အခွန်ကျသင့်စေခြင်းနှင့် အခွန်အမှတ်တံဆိပ်

၁၉။ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်နှင့်စပ်လျဉ်း၍ အခွန်အမှတ်တံဆိပ်ကို မှန်ကန်စွာကပ်နှိပ်မထားခြင်း သို့မဟုတ် လွဲမှားစွာ အသုံးပြုထားခြင်းဖြစ်ပါက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်သည်ဟု မှတ်ယူရမည်။

၂၀။ လုပ်ငန်းမှတ်ပုံတင်ရရှိသူသည် အခွန်အမှတ်တံဆိပ်များကို ကပ်နှိပ်ရာတွင် အောက်ဖော်ပြပါကာလများ မတိုင်မီ ဤနည်းဥပဒေများနှင့်အညီ ကပ်နှိပ်ရမည် -

(က) လုပ်ငန်းဥပစာမှ အထူးကုန်စည်များကို ရွှေ့ပြောင်းခြင်း၊

(ခ) တင်သွင်းလာသော ကုန်စည်များကို အကောက်ခွန်သိုလှောင်ရုံမှ ရွေးယူခြင်း၊ ထုတ်ယူခြင်း၊ ရွှေ့ပြောင်းခြင်း၊

(ဂ) လုပ်ငန်းဥပစာတွင်သိုလှောင်ထားသည့် အထူးကုန်စည်များကို လုပ်ငန်းမှတ်ပုံတင်ထားသော ထုတ်လုပ်သူက ရောင်းချခြင်း၊

(ဃ) အခွန်ကျသင့်သော ပို့ကုန်များကို ပြည်ပသို့တင်ပို့ခြင်း။

၂၁။ ညွှန်ကြားရေးမှူးချုပ်သည် အထူးကုန်စည်များ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန်ခက်ခဲသော ကိစ္စရပ်များအတွက် နည်းလမ်းများသတ်မှတ်ပေးနိုင်သည်။

၂၂။ ညွှန်ကြားရေးမှူးချုပ်သည် အခွန်ကင်းလွတ်ခွင့်ပြုထားသော အထူးကုန်စည်များတွင် ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ် အမျိုးအစားသတ်မှတ်ခြင်း၊ ကပ်နှိပ်ခြင်းနှင့်သက်ဆိုင်သည့် နည်းလမ်းများကို သတ်မှတ်နိုင်သည်။

၂၃။ လုပ်ငန်းမှတ်ပုံတင်ရရှိသူသည် ဤနည်းဥပဒေများအရ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာနှင့် အညီ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့် အထူးကုန်စည်ခွန်အတွက် လုံလောက်သော အရေအတွက်နှင့် အမျိုးအစားတို့ကိုဖော်ပြပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးထံမှ အသုံးမပြုမီကြိုတင်ရယူထားရမည်။

၂၄။ ညွှန်ကြားရေးမှူးချုပ်သည် အခွန်အမှတ်တံဆိပ် ကပ်နှိပ်အသုံးပြုခြင်းအတွက် အောက်ပါကိစ္စရပ်များ နှင့်စပ်လျဉ်း၍ နည်းလမ်းများ သတ်မှတ်ပေးနိုင်သည် -

(က) အခွန်အမှတ်တံဆိပ်များ မှာယူခြင်း၊ လက်ခံရရှိခြင်း၊ ပြန်လည်အပ်နှံခြင်း၊ ထိန်းသိမ်းထားရှိခြင်း၊

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်အသုံးပြုရမည့် စည်းကမ်းချက်များ၊

(ဂ) အခွန်အမှတ်တံဆိပ်အမျိုးမျိုးကို အသုံးပြုခွင့်လျှောက်ထားခြင်းနှင့် အသုံးပြုခွင့်ရရှိခြင်း၊

(ဃ) အခွန်အမှတ်တံဆိပ်များ ထိန်းသိမ်းထားရှိမည့် လုပ်ငန်းဥပစာနေရာအပါအဝင် အခွန်အမှတ်တံဆိပ်များကို ကပ်နှိပ်ရမည့်နည်းလမ်း၊ အသုံးပြုပုံနှင့် ကပ်နှိပ်ရမည့်နေရာ၊

(င) အခွန်အမှတ်တံဆိပ်ပုံစံနှင့် ပုံသဏ္ဌာန်၊

(စ) အခွန်အမှတ်တံဆိပ် လက်ဝယ်ထားရှိခြင်းနှင့် အသုံးပြုခြင်းအတွက် ထားရှိရမည့်သတင်းအချက်အလက်များနှင့် မှတ်တမ်းစာအုပ်များ၊

(ဆ) ပျက်စီး၊ ပျောက်ဆုံးသွားသော အခွန်အမှတ်တံဆိပ်များ၊

(ဇ) အခွန်အမှတ်တံဆိပ်များကို မှန်ကန်စွာအသုံးပြုခြင်း၊

(ဈ) အခွန်အမှတ်တံဆိပ်များ ထုတ်ယူခြင်း၊ လက်ဝယ်ကိုင်ဆောင်ထားခြင်းနှင့် အသုံးပြုခြင်းတို့အတွက် မြို့နယ်အခွန်ဦးစီးဌာနမှူးထံ တင်သွင်းရမည့် သတင်းအချက်အလက်များ၊

(ည) အခွန်အမှတ်တံဆိပ်များ သိုလှောင်ထားရှိခြင်းနှင့် အသုံးပြုခြင်းတို့ကို သွားရောက်စစ်ဆေးရန် ပြည်တွင်းအခွန်များဦးစီးဌာနမှ အရာရှိများ၏လုပ်ပိုင်ခွင့်များ၊

(ဋ) အကူးအပြောင်းကာလရှိ ကုန်သွယ်လုပ်ငန်းခွန်အမှတ်တံဆိပ်များနှင့်

(ဌ) ဤနည်းဥပဒေများနှင့်စပ်လျဉ်းသည့် အခြားကိစ္စရပ်များ။

၂၅။ ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့် အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ရောင်းချစေခြင်းသည် ရောင်းချသည့်ကုန်စည်၏ အရောင်းတန်ဖိုးတွင် အခွန်အပါအဝင်ဖြစ်ကြောင်း အထောက်အထားဖြစ်သည်။

## အခန်း (၅)

## အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

### အထူးကုန်စည် သွင်းကုန်များအတွက် အခွန်ကင်းလွတ်ခွင့်

၂၆။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ ယာယီအသုံးပြုရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းသို့တင်သွင်းလာပြီး မူလတင်သွင်းသည့်နိုင်ငံသို့ မူရင်းပမာဏအခြေအနေအတိုင်း အကောက်ခွန်သတ်မှတ်ချက်များနှင့်အညီ ပြန်လည်တင်ပို့မည့် အထူးကုန်စည်များအပေါ် အထူးကုန်စည်ခွန် မကျသင့်စေရ။ သို့ရာတွင် အောက်ဖော်ပြပါရည်ရွယ်ချက်နှင့် မကိုက်ညီသောကိစ္စရပ်များအတွက် ကျသင့်အခွန်ကို တင်သွင်းလာသည့်နေ့ရှိအခွန်နှုန်းဖြင့် သက်ဆိုင်ရာအကောက်ခွန်ဦးစီးဌာနတွင် ပြန်လည်ပေးဆောင်စေရမည် -

(က) ပြည်တွင်း၌ ယာယီအသုံးပြုရန်ရည်ရွယ်ချက်ဖြင့် တင်သွင်းလာသည့် အထူးကုန်စည်များ၊

(ခ) တင်သွင်းသည့်နေ့မှ ၁၂ လအတွင်း ပြန်လည်တင်ပို့ရန်ခံဝန်ချက်ဖြင့် တင်သွင်းလာသည့် အထူးကုန်စည်များ၊

(ဂ) တင်သွင်းလာသည့် မူရင်းအခြေအနေ၊ ပမာဏအတိုင်း ပြန်လည်တင်ပို့ခြင်း၊

(ဃ) ပြန်လည်တင်ပို့ရာတွင် မူရင်းတင်သွင်းလာသည့်နိုင်ငံ၊ အဖွဲ့အစည်းသို့ ပြန်လည်တင်ပို့ခြင်း။

၂၇။ ယာယီတင်သွင်းခြင်းအစီအစဉ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းရှင်သည် မြို့နယ်အခွန်ဦးစီးဌာနမှူးထံ မှတ်ပုံတင်ရာတွင် အောက်ပါအချက်များကို ဖော်ပြလျှောက်ထားရမည် -

(က) တင်သွင်းမည့် ကုန်စည်အမျိုးအစား၊ ပမာဏ၊ တန်ဖိုး၊

(ခ) ပြန်လည်တင်ပို့မည့် ကာလ၊

(ဂ) ပြည်တွင်းသို့တင်သွင်းရခြင်း အကြောင်းအရင်း၊

(ဃ) သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့မည်ဖြစ်ကြောင်း ခံဝန်ချက်။

## အခန်း (၆)

## အထူးကုန်စည်များကို တန်ဖိုးအဆင့် သတ်မှတ်ခြင်း

၂၈။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ လွှဲအပ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ညွှန်ကြားရေးမှူးချုပ်သည် အထူးကုန်စည်များ၏ ဈေးကွက်ပေါက်ဈေးတန်ဖိုးအဆင့်ကို သတ်မှတ်နိုင်သည်။

၂၉။ ဘဏ္ဍာနှစ်တစ်နှစ်ချင်းစီအတွက် အထူးကုန်စည်များ၏ တန်ဖိုးအဆင့်သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) မည်သည့်အထူးကုန်စည်များကိုမဆို ထုတ်လုပ်သူသည် နိုင်ငံတော်အတွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည်နှင့်စပ်လျဉ်း၍ တန်ဖိုးအဆင့်များသတ်မှတ်ပေးရန် မြို့နယ်အခွန်ဦးစီးဌာနမှူးမှ တစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်၊

(ခ) နည်းဥပဒေခွဲ (က) အရ တင်ပြရာတွင် -

(၁) သက်ဆိုင်ရာဘဏ္ဍာနှစ်မတိုင်မီ ကုန်ဆုံးသည့်ပြက္ခဒိန်နှစ်၏ ဒီဇင်ဘာလ ၃၁ ရက်နေ့ နောက်ဆုံးထား၍ သတ်မှတ်ထားသောနည်းလမ်းများအတိုင်း သတ်မှတ်ပုံစံဖြင့် တင်သွင်းရမည်၊

(၂) နည်းဥပဒေခွဲငယ် (၁) အရ တင်သွင်းသည့်ပုံစံတွင် တင်သွင်းသည့်နေ့မတိုင်မီ ၁၂ လ အတွင်း တန်ဖိုးအဆင့် သတ်မှတ်ပေးရန်လျှောက်ထားသည့် ကုန်စည်များ၏ နိုင်ငံတော်အတွင်း လက်လီရောင်းချသည့် ဈေးကွက်ပေါက်ဈေးနှင့် စက်ရုံထုတ်ရောင်းဈေးများ ဖော်ပြပါရှိရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သော တန်ဖိုးအဆင့်သည် ပြက္ခဒိန်နှစ် ကုန်ဆုံးပြီးနောက် စတင်သော ဘဏ္ဍာနှစ်အတွက် သက်ဆိုင်သည့်အထူးကုန်စည်များအပေါ် အကျိုးဝင်စေရမည်၊

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် အထူးကုန်စည်များ၏ တန်ဖိုးအဆင့်သတ်မှတ်ရာတွင် အောက်ဖော်ပြပါ အချက်များနှင့်အညီ သတ်မှတ်နိုင်သည် -

(၁) ဘဏ္ဍာနှစ်အလိုက်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ အထူးကုန်စည် ဇယား၏ စာတိုင် (၂) ပါ အထူးကုန်စည်အမျိုးအစား၊

(၂) သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် အထူးကုန်စည်များ၏ လက်လီရောင်းဈေးတန်ဖိုးသတ်မှတ်ရာတွင် ယင်းဘဏ္ဍာနှစ်မတိုင်မီ ကုန်ဆုံးသော ပြက္ခဒိန်နှစ်နောက်ဆုံးရက် လက်လီရောင်းဈေး တန်ဖိုး၊

(၃) နည်းဥပဒေခွဲ (က) မှအပ အထူးကုန်စည်များဈေးနှုန်း သတ်မှတ်ရာတွင် သက်ဆိုင်ရာ ပြက္ခဒိန်နှစ်အတွင်းရောင်းချသော အလားတူကုန်စည်များ၏ လက်လီရောင်းဈေးများနှင့် နှိုင်းယှဉ်၍ ဈေးနှုန်းတန်ဖိုး။

၃၀။ ညွှန်ကြားရေးမှူးချုပ်သည် ဘဏ္ဍာနှစ်တစ်နှစ်မစတင်မီ အထူးကုန်စည်များ၏ တန်ဖိုးအဆင့်များကို လျှောက်ထားသူသို့ သတ်မှတ်ပုံစံဖြင့် အကြောင်းကြားရမည်။

၃၁။ ညွှန်ကြားရေးမှူးချုပ်သည် အထူးကုန်စည်များ၏ တန်ဖိုးအဆင့်များသတ်မှတ်နိုင်ရန် သတင်းအချက် အလက်များပေးပို့စေခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်အခွန်ရုံးများ သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများသို့ တာဝန် ပေးအပ်နိုင်သည်။

၃၂။ အထူးကုန်စည်ခွန်နှုန်းထားများကို တန်ဖိုး၏ရာခိုင်နှုန်းအပေါ် သတ်မှတ်ကောက်ခံပါက အဆိုပါ တန်ဖိုးသည် -

(က) အထူးကုန်စည်များကို ပြည်တွင်းသို့ တင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ် အခြေခံ၍ တွက်ချက်ကောက်ခံရမည်။ ကုန်းပေါ်ရောက်တန်ဖိုးတွက်ချက်ခြင်းနှင့်စပ်လျဉ်း၍ အကောက်ခွန်ကောက်ခံသည့် နည်းလမ်းများနှင့်အညီ တွက်ချက်ရမည်၊

(ခ) ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်များကို ဈေးကွက်ပေါက်ဈေးတန်ဖိုးအပေါ် အခြေခံ၍ တွက်ချက်ကောက်ခံရမည်။ ဈေးကွက်ပေါက်ဈေးကို အခြေခံ၍ အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး တွက်ချက်ခြင်းကို ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးသည့်နည်းလမ်းများနှင့်အညီ တွက်ချက်ရမည်၊

(ဂ) ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ပြည်ပသို့ သယ်ယူပို့ဆောင်ပေးမည့် ယာဉ်ပေါ်အရောက် တန်ဖိုးအပေါ် အခြေခံ၍ တွက်ချက်ကောက်ခံရမည်။

## **အခန်း (၇)**

## **ကြေညာလွှာ တင်သွင်းခြင်း**

၃၃။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါတို့ကို သတ်မှတ်ပေးရမည် -

(က) အထူးကုန်စည်ခွန် ကြေညာလွှာပုံစံ၊

(ခ) အထူးကုန်စည်ခွန် ကြေညာလွှာတွင် ပါဝင်ရမည့် သတင်းအချက်အလက်များနှင့် ပူးတွဲတင်သွင်းရမည့် အထောက်အထားများ၊ လိုအပ်ပါက အထူးကုန်စည်ခွန်ကြေညာလွှာတွင် ဖြည့်သွင်းရမည့် အချက်အလက်များ၊

(ဂ) ကြေညာလွှာ တင်သွင်းရမည့် နည်းလမ်း။

၃၄။ လုပ်ငန်းမှတ်ပုံတင်ရရှိသူသည် -

(က) ဤနည်းဥပဒေများနှင့်အညီ အခွန်ပေးဆောင်ခြင်းနှင့် ကြေညာလွှာတင်သွင်းခြင်းကို ဆောင်ရွက်နိုင်ရန် မြို့နယ်အခွန်ဦးစီးဌာနမှူးထံမှ ပုံစံများကို ကြိုတင်တောင်းခံရယူထားရမည်။

(ခ) သက်ဆိုင်ရာ သုံးလပတ်အတွက် အထူးကုန်စည်ခွန် ကြေညာလွှာကို တင်သွင်းရာတွင် -

(၁) သက်ဆိုင်သည့် စည်းကြပ်ကာလအတွက် ကျသင့်သည့် အထူးကုန်စည်ခွန်ပမာဏကို ဖော်ပြပေးရမည်။

(၂) သက်ဆိုင်ရာလအတွက် ပေးဆောင်ရမည့်အခွန်ကို အထူးကုန်စည်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးသည့် လကုန်ဆုံးပြီး ၁၀ ရက်အတွင်း သက်ဆိုင်ရာဘဏ်၌ ချလန်/ငွေသွင်းလွှာ သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် ပေးသွင်းရမည့်အပြင် ငွေသွင်းလွှာချလန်အမှတ်နှင့် နေ့စွဲကို ကြေညာလွှာတွင် ဖြည့်သွင်းရမည်။

(၃) တင်သွင်းသောကြေညာလွှာတွင် မှားယွင်းချက်နှင့် လိုအပ်ချက်များရှိပါက ယင်းကြေညာလွှာကို စည်းကြပ်မှုမပြုမီ ပြင်ဆင်နိုင်သည်။

၃၅။ (က) မည်သူကိုမဆို အခွန်ကျသင့်သည့် အထူးကုန်စည်ကို ထုတ်လုပ်ခြင်း သို့မဟုတ် တင်ပို့ခြင်း ပြုလုပ်သည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် သက်ဆိုင်ရာလအတွက် အထူးကုန်စည်ခွန် ပေးဆောင်ရန် အကြောင်းကြားစာကို ကြေညာလွှာပုံစံ၊ ငွေသွင်းလွှာချလန်တို့နှင့်အတူ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပေးပို့အကြောင်းကြားရမည်၊

(ခ) နည်းဥပဒေခွဲ (က) အရ အကြောင်းကြားစာ လက်ခံရရှိသော အခွန်ထမ်းသည် အကြောင်းကြားစာပါ သတ်မှတ်ရက်အတွင်း အခွန်ပေးသွင်းခြင်းနှင့် ကြေညာလွှာတင်သွင်းခြင်းပြုရမည်။

၃၆။ (က) ကြေညာလွှာတွင် လက်မှတ်ရေးထိုးသူသည် အထူးကုန်စည်ခွန်ကြေညာလွှာနှင့်စပ်လျဉ်း၍ တိကျမှန်ကန်ပြည့်စုံမှုအပေါ် တာဝန်ခံရမည်။

(ခ) အထူးကုန်စည်ခွန် ကြေညာလွှာတစ်ခုကိုဖြစ်စေ၊ ယင်း၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ အခြားပုဂ္ဂိုလ်တစ်ဦးက အခကြေးငွေယူ၍ ပြင်ဆင်တင်သွင်းခြင်းဖြစ်ပါက ယင်းပုဂ္ဂိုလ်သည် ကြေညာလွှာပေါ်တွင် ပူးတွဲလက်မှတ်ထိုးရမည်။

၃၇။ ဤနည်းဥပဒေများအရ တင်သွင်းသည့် ကြေညာလွှာများတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည် -

(က) လုပ်ငန်းဥပစာအတွင်းမှ အထူးကုန်စည်များကို ရောင်းချခြင်းဖြစ်ပါက ယင်းလအတွက် ပေးဆောင်ရမည့် အထူးကုန်စည်ခွန် ပမာဏ၊

( ခ ) အခွန်ကျသင့်သော အထူးကုန်စည်ကို သက်ဆိုင်ရာလအတွင်း ပြည်ပသို့ တင်ပို့ခြင်းဖြစ်ပါက ယင်းလအတွက် ပေးဆောင်ရမည့် အထူးကုန်စည်ခွန်ပမာဏ၊

( ဂ ) သုံးလပတ်အစတွင်ရှိသည့် အထူးကုန်စည်ခွန် အမှတ်တံဆိပ်များ၏ လက်ကျန်အရေအတွက်နှင့်တန်ဖိုး၊

(ဃ) နည်းဥပဒေခွဲ (က) နှင့် (ခ) အရ သက်ဆိုင်ရာ သုံးလပတ်အတွင်း အထူးကုန်စည်များပေါ်တွင် ကပ်နှိပ်အသုံးပြုပြီးဖြစ်သည့် အခွန်အမှတ်တံဆိပ် အမျိုးအစားနှင့် အရေအတွက်၊

( င ) အထူးကုန်စည်ထုတ်လုပ်ရန်အတွက် အထူးကုန်စည်ကုန်ကြမ်း သို့မဟုတ် တစ်ပိုင်းတစ်စကုန်စည်များကို ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်တွင်း၌ အခြားထုတ်လုပ်သူထံမှ ဝယ်ယူခြင်း ဆောင်ရွက်စဉ်က ပေးဆောင်ခဲ့သည့် ခုနှိမ်ခွင့်ရှိသော အထူးကုန်စည်ခွန် စုစုပေါင်းပမာဏ၊

( စ ) အထူးကုန်စည်များကို ပြည်တွင်းထုတ်လုပ်သူထံမှ တိုက်ရိုက်ဝယ်ယူခြင်း၊ ပြည်တွင်းသို့ ကိုယ်တိုင်တင်သွင်းခြင်းတို့အပေါ်တွင် နည်းဥပဒေ ၄၆ အရ တောင်းခံခွင့်ရှိသည့် ခုနှိမ်ခွင့်များနှင့်စပ်လျဉ်း၍ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့်အချက်အလက်များ၊

(ဆ) သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးချိန်တွင် ပေးဆောင်ရမည့် အထူးကုန်စည်ခွန်ပမာဏ သို့မဟုတ် ခုနှိမ်ရန်ကျန်ရှိသည့် ပမာဏ။

## အခန်း (၈)

## စည်းကြပ်ခြင်း၊ ပြန်လည်စည်းကြပ်ခြင်း၊ ခုနှိမ်ခြင်း၊ အခွန်ငွေပြန်အမ်းခြင်းနှင့် အယူခံဝင်ခြင်း စည်းကြပ်ခြင်းနှင့် အကြောင်းကြားစာ ပေးပို့ခြင်း

၃၈။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်းတို့နှင့်စပ်လျဉ်း၍ တင်သွင်းသည့် ကြေညာလွှာတွင်ပါရှိသည့် အထူးကုန်စည်နှင့်ပတ်သက်သော တန်ဖိုး၊ ပမာဏစသည်တို့ကို သတ်မှတ်ထားသည့် အခွန်နှုန်းထားများနှင့်တွက်ချက်ခြင်းဖြင့် ရရှိလာမည့်အခွန်သည် အနီးစပ်ဆုံးအနေအထားဖြစ်လျှင် ယင်းကြေညာလွှာကိုအခြေပြု၍ အခွန်စည်းကြပ်ရမည်။

( ခ ) အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရရှိထားသော သတင်းအချက်အလက်များကိုအခြေပြု၍ စည်းကြပ်မှုကိုဆောင်ရွက်နိုင်သည် -

(၁) အထူးကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ပြည်ပသို့ တင်ပို့သူက တင်သွင်းသည့် ကြေညာလွှာသည် မှန်ကန်ပြည့်စုံသည်ဟု မြို့နယ်အခွန်ဦးစီးဌာနမှူးက ယုံကြည်ကျေနပ်မှု မရှိခြင်း၊

(၂) အထူးကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ပြည်ပသို့တင်ပို့သူက လုံလောက်သောအကြောင်း မရှိဘဲ ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ခြင်း၊

(၃) အထူးကုန်စည်ခွန်ဥပဒေ သို့မဟုတ် ဤနည်းဥပဒေများကို ဖောက်ဖျက်၍ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ခြင်း၊

(၄) သတ်မှတ်သည့် ခွင့်ပြုလိုင်စင်ရရှိသူဖြစ်သော်လည်း အထူးကုန်စည်ခွန်ဥပဒေကို လိုက်နာမှုမရှိခြင်း။

၃၉။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည်ခွန်မစည်းကြပ်မီ မည်သူ့ကိုမဆို ခေါ်ယူစစ်ဆေးခြင်း၊ လိုအပ်သည့်သတင်းအချက်အလက်များ တောင်းယူခြင်းကို ပြုလုပ်နိုင်သည်။

၄၀။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးက ချအပ်သော အခွန်စည်းကြပ်တောင်းခံလွှာ သို့မဟုတ် ပြန်လည်စည်းကြပ်မှုအရ အခွန်တောင်းခံလွှာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည် -

(၁) အခွန်ထမ်း အမည်၊

(၂) အခွန်ထမ်း မှတ်ပုံတင်အမှတ်၊

(၃) အခွန်စည်းကြပ်တောင်းခံလွှာအမှတ်နှင့် ရက်စွဲ၊

(၄) အခွန်စည်းကြပ်တောင်းခံလွှာနှင့်စပ်လျဉ်းသည့် အကြောင်းအရာကိစ္စ၊

(၅) ကျသင့်သည့် အထူးကုန်စည်ခွန် ပမာဏ၊

(၆) အခွန်စည်းကြပ်တောင်းခံလွှာပါ အထူးကုန်စည်ခွန်ကို ပေးဆောင်ရမည့်နေ့ရက်နှင့် ပေးသွင်းပြီးသည့် အထူးကုန်စည်ခွန်ရှိက ဖော်ပြရန်၊

(၇) အထူးကုန်စည်ခွန် ပေးဆောင်ရမည့် နေရာ၊ မြို့၊ ဘဏ်၊ ဘဏ်စာရင်းအမှတ်၊

(၈) လုပ်ငန်းအမျိုးအစားနှင့် အခွန်တွက်ချက်ပုံ အကျဉ်းချုပ်ဖော်ပြချက်၊

(၉) စည်းကြပ်မှုအပေါ် အယူခံဝင်နိုင်သည့် ကာလ၊ နေရာ၊ နည်းလမ်း။

(ခ) ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (စ) တို့အရ ဒဏ်ငွေပေးဆောင်ရန် တောင်းခံလွှာကို ဒဏ်ငွေတပ်ရိုက်ခံရသူအပေါ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးက အတည်ပြုချအပ်ရမည်။ ယင်းတောင်းခံလွှာတွင် ပေးဆောင်ရမည့်ဒဏ်ငွေပမာဏ၊ သက်ဆိုင်သည့်ပြဋ္ဌာန်းချက်၊ နောက်ဆုံးပေးဆောင်ရမည့်နေ့၊ ဒဏ်ငွေပေးဆောင်ရန် တောင်းခံလွှာအမှတ်နှင့် ရက်စွဲတို့ကို ဖော်ပြပေးရမည်။ ထို့အပြင် -

(၁) ဒဏ်ငွေပေးဆောင်ရမည့် နောက်ဆုံးနေ့သည် စည်းကြပ်တောင်းခံလွှာတွင် ဖော်ပြသည့်နေ့ ဖြစ်ရမည်၊

(၂) အခွန်ထမ်းသည် စည်းကြပ်တောင်းခံလွှာတွင် ဖော်ပြပါ အထူးကုန်စည်ခွန်နှင့် အထူးကုန်စည်ခွန် ဒဏ်ငွေပမာဏကို ပေးဆောင်ရန် တာဝန်ရှိသည်။

## ပြည်ပထွက်ခွာမည့်သူများအား စည်းကြပ်ခြင်း

၄၁။ အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းသူ၊ ပြည်တွင်း၌ထုတ်လုပ်သူ၊ ပြည်ပသို့တင်ပို့သူ၊ လက်ဝယ်ထားရှိသူ သို့မဟုတ် ပိုင်ဆိုင်သူတစ်ဦးဦးသည် ပြည်ပသို့ ခေတ္တဖြစ်စေ၊ အပြီးအပိုင်ဖြစ်စေ ထွက်ခွာပါက ၎င်းပေးဆောင်ရန်အခွန်ငွေရှိလျှင် အပြီးသတ်စည်းကြပ်ဆောင်ရွက်ပေးနိုင်ရန်နှင့် ပေးဆောင်ရန်ဒဏ်ငွေရှိလျှင် အပြီးသတ်ကောက်ခံပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

၄၂။ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၄၁ အရ အကြောင်းကြားစာရရှိလျှင် ထိုသူအား စည်းကြပ်ရန်ရှိသော စည်းကြပ်မှုအားလုံး သို့မဟုတ် စည်းကြပ်ရန်ရှိသော စည်းကြပ်မှုအားလုံးနှင့် ကောက်ခံရန်ရှိသော ဒဏ်ငွေအားလုံးကို ပြီးပြတ်အောင် ဆောလျင်စွာ ဆောင်ရွက်ရမည်။

၄၃။ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၄၂ ပါ အတိုင်း စည်းကြပ်မှုအားလုံးနှင့် ကောက်ခံရန်ရှိသော ဒဏ်ငွေအားလုံး သို့မဟုတ် စည်းကြပ်မှုအားလုံးကိုသော်လည်းကောင်း၊ ကောက်ခံရန်ရှိသော ဒဏ်ငွေအားလုံးကိုသော်လည်းကောင်း ပြီးပြတ်အောင်ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ပြည်ပသို့ ထွက်ခွာသွားမည့်သူနှင့်ပတ်သက်၍ စည်းကြပ်မှုပြုလုပ်နိုင်ရန် လိုအပ်သည်များကို ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားရမည်။ ထို့ပြင် ကျသင့်မည့်အခွန်များကို ကောက်ခံရရှိနိုင်ရန် လုံလောက်သောအစီအစဉ်များကိုလည်း ပြုလုပ်ထားရမည်။

## နိုင်ငံခြားငွေဖြင့်ရရှိသူများအား စည်းကြပ်ခြင်း

၄၄။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေဖြင့်ရရှိပါက အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) နိုင်ငံခြားငွေဖြင့်ရောင်းရငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နေ့စဉ်သတ်မှတ်သော နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် နိုင်ငံခြားငွေမှ ကျပ်ငွေသို့ဖလှယ်၍ တန်ဖိုးသင့်ရမည်၊

(ခ) အခွန်ထမ်း၏ရောင်းရငွေသည် နိုင်ငံခြားငွေတစ်မျိုးတည်းဖြင့်သာ ရရှိခြင်းဖြစ်ပါက နည်းဥပဒေခွဲ (က) ပါအတိုင်း တန်ဖိုးဖလှယ်၍ ရရှိသည့်ကျပ်ငွေစုစုပေါင်းကို တည်ဆဲအခွန်နှုန်းဖြင့်တွက်ချက်၍ ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ရမည်၊

(ဂ) အခွန်ထမ်း၏ရောင်းရငွေသည် ကျပ်ငွေအပြင် နိုင်ငံခြားငွေလည်းပါဝင်ပါက ယင်းနိုင်ငံခြားငွေကို နည်းဥပဒေခွဲ (က) ပါအတိုင်း တန်ဖိုးဖလှယ်၍ ရရှိသည့်ကျပ်ငွေနှင့် ကျပ်ငွေဖြင့်ရောင်းရငွေတို့ကိုစုပေါင်း၍ ရရှိသည့်ကျပ်ငွေစုစုပေါင်းကို တည်ဆဲအခွန်နှုန်းဖြင့်တွက်ချက်၍ ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ရမည်။

**စည်းကြပ်မှုနှင့် ပြန်လည်စည်းကြပ်မှုများအတွက် အချိန်ကာလသတ်မှတ်ချက်များ**

၄၅။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အောက်ပါပြန်လည်စည်းကြပ်မှုအပါအဝင် စည်းကြပ်မှုတစ်ရပ်ရပ်ရှိမှားယွင်းမှုကို ပြန်လည်စည်းကြပ်နိုင်သည် -

(က) ပြန်လည်စည်းကြပ်မှုအရ ပြုလုပ်ခဲ့သောစည်းကြပ်မှုသည် လျော့နည်းစည်းကြပ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါက ယင်းအမိန့်ချမှတ်သည့်နေ့မှ သုံးနှစ်အတွင်း ပြင်ဆင်နိုင်သည်။

(ခ) ပြန်လည်စည်းကြပ်မှုအရ ပြုလုပ်ခဲ့သော စည်းကြပ်မှုသည် အခွန်ထမ်း၏လိမ်လည်မှု သို့မဟုတ် တမင်လျစ်လျူရှုမှုကြောင့် မမှန်ကန်သောသတင်းအချက်အလက်များအပေါ် အခြေခံတွက်ချက်ခဲ့သည်ဟု တွေ့ရှိပါက ပြန်လည်စည်းကြပ်သည့်နေ့မှ သုံးနှစ်အတွင်း ပြန်လည်စည်းကြပ်နိုင်သည်။

**ခုနှိမ်ခြင်း**

၄၆။ (က) အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူနှင့် ပြည်ပသို့တင်ပို့ရောင်းချသူသည် ဥပဒေအရ အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေရေးအတွက် အခွန်ခုနှိမ်ပေးသွင်းခြင်းကို ဆောင်ရွက်နိုင်သည်။

(ခ) အထူးကုန်စည်ကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချသူသည် မိမိထုတ်လုပ်သည့် အထူးကုန်စည် ရောင်းချမှုအပေါ် ကျသင့်သည့် အထူးကုန်စည်ခွန်မှ ယင်းအထူးကုန်စည်ထုတ်လုပ်မှုလုပ်ငန်း အလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ အထူးကုန်စည်ခွန်များကို ခုနှိမ်နိုင်သည် -

(၁) ပြည်တွင်းသို့ ကိုယ်တိုင်ဝယ်ယူတင်သွင်းသော အထူးကုန်စည်များ၏ ကုန်းပေါ်ရောက် တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်၊

(၂) ပြည်တွင်း၌ အထူးကုန်စည်ထုတ်လုပ်သူထံမှ တိုက်ရိုက်ဝယ်ယူသော အထူးကုန်စည်များ အတွက် ပေးဆောင်ခဲ့ရသော အထူးကုန်စည်ခွန်။

(ဂ) အထူးကုန်စည်ကို ပြည်ပသို့တင်ပို့ရောင်းချသူသည် ပြည်ပသို့တင်ပို့ရောင်းချမှုအပေါ် ကျသင့်သည့် အထူးကုန်စည်ခွန်မှ ယင်းအထူးကုန်စည်ကို ပြည်ပသို့တင်ပို့ရောင်းချမှုလုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ အထူးကုန်စည်ခွန်များကို ခုနှိမ်နိုင်သည် -

(၁) ပြည်တွင်းသို့ ကိုယ်တိုင်ဝယ်ယူတင်သွင်းသော အထူးကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုး အပေါ် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်၊

(၂) ပြည်တွင်း၌ အထူးကုန်စည်ထုတ်လုပ်သူထံမှ တိုက်ရိုက်ဝယ်ယူသော အထူးကုန်စည်အတွက် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်။

(ဃ) အခွန်ခုနှိမ်ပေးသွင်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) အထူးကုန်စည်ခွန် ခုနှိမ်ပေးသွင်းခွင့်ရှိသူများဖြစ်ကြသော အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူနှင့် ပြည်ပသို့တင်ပို့ရောင်းချသူတို့သည် အထူးကုန်စည်ခွန်ဆိုင်ရာ လုပ်ငန်းမှတ်ပုံတင်ပြီးသူများ ဖြစ်ရမည်၊

(၂) ပြည်တွင်း၌ အထူးကုန်စည်ထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်ရန် -

(ကက) အထူးကုန်စည်ကို ပြည်တွင်းသို့ ဝယ်ယူတင်သွင်းခြင်းဖြစ်ပါက တင်သွင်းသည့် အထူးကုန်စည်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို တင်သွင်းသူသည် သတ်မှတ် ပုံစံဖြင့် သက်သေခံလက်မှတ်နှစ်စောင်ပြုစု၍ မူရင်းခွဲကို မိမိနှင့်သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးထံပေးပို့ပြီး မူရင်းကို လက်ခံအဖြစ် သိမ်းဆည်းထား ရမည်၊

(ခခ) အထူးကုန်စည်ကို တန်ဖိုးမြှင့်ကုန်စည်အဖြစ် ထုတ်လုပ်ရန် ပြည်တွင်း၌ ထုတ်လုပ် ရောင်းချသူထံမှ တိုက်ရိုက်ဝယ်ယူခြင်းဖြစ်ပါက အထူးကုန်စည်ကို ထုတ်လုပ် ရောင်းချသူသည် သတ်မှတ်ပုံစံဖြင့် သက်သေခံလက်မှတ် သုံးစောင်ပြုစု၍ မူရင်းကို ဝယ်ယူသူသို့လည်းကောင်း၊ မူရင်းခွဲတစ်စောင်ကို ဝယ်ယူသူနှင့်သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးထံလည်းကောင်း ပေးပို့၍ ကျန်မူရင်းခွဲတစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားရမည်။

(၃) ပြည်ပသို့တင်ပို့ရောင်းချမှုလုပ်ငန်း လုပ်ကိုင်ရန် -

(ကက) အထူးကုန်စည်ကို ပြည်တွင်းသို့ ဝယ်ယူတင်သွင်းခြင်းဖြစ်ပါက တင်သွင်းသည့် အထူးကုန်စည်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို တင်သွင်းသူသည် သတ်မှတ်ပုံစံဖြင့် သက်သေခံလက်မှတ်နှစ်စောင်ပြုစုပြီး မူရင်းခွဲကို မိမိနှင့် သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ပြီး မူရင်းကို လက်ခံအဖြစ် သိမ်းဆည်းထားရမည်၊

(ခခ) အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူထံမှ တိုက်ရိုက်ဝယ်ယူခြင်း ဖြစ်ပါက အထူးကုန်စည်ကို ထုတ်လုပ်ရောင်းချသူသည် သတ်မှတ်ပုံစံဖြင့် သက်သေခံ လက်မှတ် သုံးစောင်ပြုစု၍ မူရင်းကို ဝယ်ယူသူသို့လည်းကောင်း၊ မူရင်းခွဲတစ်စောင်ကို ဝယ်ယူသူနှင့်သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးထံလည်းကောင်း ပေးပို့၍ ကျန်မူရင်းခွဲတစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားရမည်။

(၄) အခွန်ခုနှိမ်ပေးသွင်းလိုသူသည် သက်ဆိုင်ရာလများအတွက် ကျသင့်အခွန်မှ အခွန်ခုနှိမ် ခွင့်များ ခုနှိမ်ပြီးကျန်ငွေကို ပေးသွင်းခြင်းဖြစ်ပါက သုံးလပတ်အလိုက် ကြေညာလွှာတင်သွင်း ရာတွင် ခုနှိမ်ထားသည့် သတ်မှတ်ပုံစံတို့ကို ပူးတွဲ၍ မြို့နယ်အခွန်ဦးစီးဌာနမှူးထံ တင်သွင်း ရမည်၊

(၅) ခုနှိမ်ခွင့်ရှိသည့် အထူးကုန်စည်ခွန်တွက်ချက်ရာတွင် ဆောင်ရွက်သည့်လုပ်ငန်း၏ ပုံသေပိုင် ပစ္စည်း သို့မဟုတ် မတည်အပိုင်ပစ္စည်းများအတွက် ပေးဆောင်ခဲ့သည့်အခွန်ကို ခုနှိမ်ခွင့် မရှိစေရ။

(ဂ) ပြည်တွင်း၌ ထုတ်လုပ်ရောင်းချမှု သို့မဟုတ် ပြည်ပသို့ တင်ပို့ရောင်းချမှုအတွက် ကျသင့်အထူး ကုန်စည်ခွန်မှ ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်ကို ခုနှိမ်ရာတွင် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်ကပိုသည့်ကိစ္စ၌ ခုနှိမ်ရန်ပိုနေသည့် အထူးကုန်စည်ခွန်ကို လုပ်ငန်း၏ အသုံးစရိတ်အဖြစ် ဝင်ငွေခွန်တွက်ချက်ရာတွင် ခွင့်ပြုနုတ်ပယ်ပေးရမည်၊

(ဃ) အခွန်ခုနှိမ်ခွင့်ရှိသူသည် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချမှု သို့မဟုတ် ပြည်ပသို့တင်ပို့ရောင်းချမှု အတွက် ကျသင့်အထူးကုန်စည်ခွန် ပေးသွင်းရာတွင် အခွန်ခုနှိမ်ပေးသွင်းရန်ရှိပါက အခွန် ခုနှိမ်ပေးသွင်းကြောင်း သတ်မှတ်ပုံစံနှင့်အတူ နည်းဥပဒေခွဲ (ဃ)၊ နည်းဥပဒေခွဲငယ် (၂) သို့မဟုတ် (၃) အရ ရရှိထားသည့် သက်သေခံလက်မှတ်များကို ပူးတွဲလျက် မြို့နယ်အခွန် ဦးစီးဌာနမှူးထံ တင်ပြရမည်။ သို့ရာတွင် ပျက်စီးဆုံးရှုံးသွားသည့် အထူးကုန်စည်များ၊ ရောင်းချခြင်းမပြုရသေးသည့် အထူးကုန်စည်များအတွက် ပေးဆောင်ခဲ့ရသည့် အထူး ကုန်စည်ခွန်ကို ခုနှိမ်ခွင့်မရှိစေရ၊

(ဆ) ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် သို့မဟုတ် ပြည်ပသို့ တင်ပို့ရောင်းချသည့် အထူးကုန်စည်များအတွက်သာ အခွန်ခုနှိမ်ပေးသွင်းရန်ဖြစ်၍ ရောင်းချခြင်းမပြုရသေးသည့် အထူးကုန်စည်ကုန်လက်ကျန်များအတွက် အခွန်ခုနှိမ်ခွင့်ကို ရောင်းချသည့်အချိန်တွင် ခုနှိမ်ပေးသွင်းနိုင်ရေးအတွက် သတ်မှတ်ပုံစံတွင် ဖြည့်စွက်ခွင့်ပြုရမည်၊

(ဇ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထက်ပါနည်းလမ်းများအတိုင်း အခွန်ခုနှိမ်ခြင်းဆောင်ရွက်ရန်ခက်ခဲသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခြားနည်းလမ်းဖြင့် ဆောင်ရွက်ခွင့်ပြုနိုင်ရန်ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြနိုင်သည်။ အမှန်ပင်လိုက်နာဆောင်ရွက်ရန်ခက်ခဲကြောင်း စိစစ်တွေ့ရှိရပါက ဆောင်ရွက်ရမည့်နည်းလမ်းကို ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးနိုင်သည်၊

(စျ) ညွှန်ကြားရေးမှူးချုပ်သည် အထူးကုန်စည်များဝယ်ယူခြင်းနှင့် တင်သွင်းခြင်းအပေါ် အခွန်ကျသင့်သည့်ကိစ္စရပ်များနှင့် အခွန်မကျသင့်သည့်ကိစ္စရပ်များ ဆောင်ရွက်ရန်အလို့ငှာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ နည်းလမ်းများသတ်မှတ်နိုင်သည်။

၄၇။ လုပ်ငန်းမှတ်ပုံတင်ရရှိသူသည် နည်းဥပဒေ ၄၆ အရ အောက်ပါကိစ္စရပ်များတွင် အခွန်ခုနှိမ်ခွင့်မရှိစေရ -

(က) ပြည်တွင်းထုတ်လုပ်သူထံမှ တိုက်ရိုက်ဝယ်ယူသည့် သို့မဟုတ် ပြည်တွင်းသို့ ကိုယ်တိုင်တင်သွင်းထားသည့် အထူးကုန်စည်များအပေါ်တွင် ဤနည်းဥပဒေများအရ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားမှုမရှိခြင်း၊

(ခ) ပြည်တွင်းထုတ်လုပ်ရောင်းချသူထံမှ တိုက်ရိုက်ဝယ်ယူသည့်ကိစ္စတွင် ကျသင့်အထူးကုန်စည်ခွန်ကိုထုတ်လုပ်ရောင်းချသူက ပေးဆောင်ထားမှုမရှိသည်ကို စိစစ်တွေ့ရှိရခြင်း။

**အခွန်ငွေပြန်အမ်းခြင်း**

၄၈။ အခွန်ထမ်းသည် -

(က) အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၈ အရ ပြန်အမ်းငွေရရန်ရှိကြောင်း အကြောင်းကြားသည့်စာရရှိလျှင် မိမိလစဉ်ပေးဆောင်ရန်ရှိသည့် ကျသင့်အခွန်ငွေမှ ရရန်ရှိသော ပြန်အမ်းငွေကို ခုနှိမ်ပြီးလိုငွေကိုသာ ပေးဆောင်ရမည်၊

(ခ) ပြန်အမ်းငွေပမာဏသည် သက်ဆိုင်ရာလအတွက် ကျသင့်သည့် အခွန်ပမာဏထက်ပိုလျှင်ခုနှိမ်ရန်ကျန်သည့်အခွန်ငွေကို ကျန်လများတွင် ဆက်လက်ခုနှိမ်ပေးရမည်၊

(ဂ) ခုနှိမ်သည့်ငွေပမာဏကို သက်ဆိုင်ရာသုံးလပတ်အလိုက် တင်သွင်းသည့် ကြေညာလွှာတွင်ရှင်းလင်းတင်ပြရမည်။

၄၉။ အခွန်ထမ်းက ပြန်အမ်းငွေရရန်ရှိကြောင်း အကြောင်းကြားစာ လက်ခံရရှိသည့်နှစ်အတွင်း အခွန်ပေးဆောင်ရန်မရှိတော့လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေကို ထုတ်ပေးရမည်။

**အယူခံဝင်ခြင်း**

၅၀။ အခွန်ထမ်းသည် အခွန်ငွေကို အကျေပေးဆောင်ခြင်းမရှိဘဲ မြို့နယ်အခွန်ဦးစီးဌာနမှူးက ချမှတ်သောအမိန့်ကို အယူခံဝင်ခွင့်ပြုပါရန် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားလာပါကတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူးသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အခွန်ထမ်းသည် အမှန်ပင်အခွန်ငွေကို အကျေပေးဆောင်နိုင်ခြင်း ရှိ မရှိ စိစစ်ပြီး -

(၁) အခွန်ထမ်းသည် အခွန်ငွေကို အကျေပေးဆောင်နိုင်သူဖြစ်သည်ဟု ယူဆရန်အကြောင်းရှိလျှင် အခွန်ငွေကို အကျေပေးဆောင်ပြီးမှသာ ယင်းအား အယူခံဝင်ခွင့်ပြုရမည်၊

(၂) အခွန်ထမ်းသည် အခွန်ငွေကို အကျေပေးဆောင်နိုင်သူမဟုတ်ဟု ယူဆရန်အကြောင်းရှိလျှင် ထပ်မံပေးဆောင်ရမည့်အခွန်၏ ၅၀ ရာခိုင်နှုန်းကို ပေးဆောင်စေ၍ ကျန်အခွန်ငွေအတွက် လုံလောက်သော အာမခံပစ္စည်း တင်သွင်းစေပြီးမှသာ အယူခံဝင်ခွင့်ပြုရမည်။

(ခ) နည်းဥပဒေခွဲငယ် (၁) သို့မဟုတ် (၂) အရ ချမှတ်သောအမိန့်ကို အခွန်ထမ်းထံ ပေးပို့ရမည်။

၅၁။ အခွန်ထမ်းသည် -

(က) ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ အယူခံဝင်လိုပါက အခွန်ထမ်းသည် အယူခံလွှာကို သတ်မှတ်ထားသည့်ပုံစံဖြင့် ပေးပို့ရမည်။ အယူခံလွှာနှင့်အတူ အခွန်ငွေ တောင်းခံလွှာနှင့် မှန်ကန်ကြောင်းသက်သေခံလက်မှတ် ရေးထိုးထားသည့် အမိန့်မိတ္တူတို့ကို ပူးတွဲပေးပို့ရမည်၊

(ခ) ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ အခွန်အယူခံခုံအဖွဲ့ထံသို့ အယူခံဝင်ရာတွင် ယင်းအဖွဲ့က သတ်မှတ်ထားသည့်ပုံစံနှင့်အတူ မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုး ထားသည့် အမိန့်မိတ္တူကို ပူးတွဲပေးပို့ရမည်၊

(ဂ) ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထံသို့ အယူခံဝင်ရာတွင် အယူခံလွှာနှင့်အတူ အခွန်အယူခံခုံအဖွဲ့ကချမှတ်သည့် မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသည့် အမိန့်မိတ္တူကို ပူးတွဲပေးပို့ရမည်။

၅၂။ ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ အယူခံမှုကိုဆုံးဖြတ်သည့်ကိစ္စဖြစ်လျှင် ပြည်ထောင်စုတရား လွှတ်တော်ချုပ် သို့မဟုတ် အခွန်အယူခံခုံအဖွဲ့ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးသည် -

(က) လိုအပ်သည့် အမှုတွဲ သို့မဟုတ် စာမှတ်စာတမ်းများကို သက်ဆိုင်ရာဌာနမှ တောင်းယူနိုင်သည်။

(ခ) အယူခံမှုကို ဆုံးဖြတ်နိုင်ရန် မည်သူ့ကိုမဆို ခေါ်ယူစစ်ဆေးနိုင်သည်။

(ဂ) လိုအပ်သည့် သတင်းအချက်အလက်များကို တောင်းယူနိုင်သည်။

၅၃။ အယူခံမှုနှင့်စပ်လျဉ်း၍ အယူခံဝင်သူအား ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ရှေ့နေဖြင့် ဖြစ်စေ ရှင်းလင်းတင်ပြခွင့်ပေးရမည်။ အယူခံဝင်သူက စာဖြင့်လျှောက်လဲတင်ပြလာလျှင်လည်း ခွင့်ပြုရမည်။

၅၄။ အယူခံမှုနှင့်စပ်လျဉ်း၍ အမိန့်မိတ္တူကို အောက်ပါအတိုင်းပေးပို့ရမည် -

(က) အခွန်အယူခံခုံအဖွဲ့ကချမှတ်သည့် အမိန့်ဖြစ်လျှင် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊

(ခ) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့်ဖြစ်လျှင် သက်ဆိုင်ရာမြို့နယ်အခွန် ဦးစီးဌာနမှူး။

## အခန်း (၉)

## ထူးခြားသောကိစ္စများအတွက် ဆောင်ရွက်ရန်နည်းလမ်းများ

၅၅။ (က) လုပ်ငန်းတစ်ခုခုတွင် အစုပါဝင်သူတိုင်းသည် ယင်းလုပ်ငန်းကို ရပ်စဲလျှင်ရပ်စဲသည့်နေ့အထိ အခွန်စည်းကြပ်ခံရန်နှင့် ကျသင့်သည့်အခွန်ငွေကို ပေးဆောင်ရန် တွဲဖက်၍ဖြစ်စေ၊ တစ်ဦး ချင်းစီဖြစ်စေ တာဝန်ရှိစေရမည်၊

(ခ) လုပ်ငန်းတစ်ခုခု၏ ပိုင်ရှင်ပြောင်းလဲခဲ့လျှင် မူလပိုင်ရှင်နှင့် ဆက်ခံသည့်ပိုင်ရှင်တို့သည် ထိုသို့ ပြောင်းလဲသည့်နေ့အထိ အခွန်စည်းကြပ်ခံရန်နှင့် ကျသင့်သည့်အခွန်ငွေကို ပေးဆောင်ရန်

တွဲဖက်၍ဖြစ်စေ၊ တစ်ဦးချင်းစီဖြစ်စေ တာဝန်ရှိစေရမည်။ မူလပိုင်ရှင်နှင့် ဆက်သွယ်ရာတွင် အခက်အခဲရှိပါက ဆက်ခံသည့်ပိုင်ရှင်ကို မူလပိုင်ရှင်၏ကိုယ်စားလှယ်အဖြစ် သတ်မှတ်၍ အောက်ပါကာလများအတွက် အခွန်စည်းကြပ်ရမည် -

(၁) ပိုင်ရှင်ပြောင်းလဲသည့်နှစ်အတွင်း မူလပိုင်ရှင်လုပ်ကိုင်ခဲ့သည့်ကာလ၊

(၂) ပိုင်ရှင်ပြောင်းလဲသည့်နှစ်မတိုင်မီ ကပ်လျက်ရှိသောဘဏ္ဍာနှစ်။

၅၆။ သေဆုံးသူ သို့မဟုတ် အကြောင်းတစ်ခုခုကြောင့် တရားဝင်မစွမ်းဆောင်နိုင်သူတို့အတွက် တရားဝင်ကိုယ်စားလှယ်ကိုဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရတာဝန်ရှိသူကိုဖြစ်စေ အခွန်စည်းကြပ်ကောက်ခံရမည်။ သို့ရာတွင် တရားဝင်ကိုယ်စားလှယ် သို့မဟုတ် ယင်းတာဝန်ရှိသူအနေဖြင့် ဤနည်းဥပဒေအရပေးဆောင်ရမည့် အခွန်ငွေမှာ ယင်းတို့တာဝန်ယူထားသည့်ပစ္စည်း၏ ပေးဆောင်နိုင်စွမ်းရှိသမျှသာဖြစ်စေရမည်။

၅၇။ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးသည် ဝင်ငွေခွန်ဥပဒေပါ အဓိပ္ပာယ်ဖော်ပြချက်များအရ သတ်မှတ်သော ပြည်ပနေနိုင်ငံခြားသား သို့မဟုတ် ပြည်ပနေနိုင်ငံသားကသော်လည်းကောင်း၊ ပြည်တွင်းနေနိုင်ငံခြားသား သို့မဟုတ် ပြည်တွင်းနေနိုင်ငံသားကသော်လည်းကောင်း နိုင်ငံတော်အတွင်း အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းတို့အတွက် ထိုသူ၏ကိုယ်စားလှယ်အဖြစ် သတ်မှတ်ရန်ရည်ရွယ်ကြောင်း အောက်ပါတစ်ဦးဦးကို အကြောင်းကြားပြီးနောက် ဥပဒေပါကိစ္စရပ်တစ်ခုခု သို့မဟုတ် တစ်ခုထက်ပိုသော ကိစ္စရပ်များအတွက် ယင်းအား ကိုယ်စားလှယ်အဖြစ်မှတ်ယူနိုင်သည် -

(က) ပြည်ပနေသူ သို့မဟုတ် ပြည်တွင်းနေသူက မိမိ၏ ပြည်တွင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ တစ်နည်းနည်းဖြင့် တာဝန်လွှဲထားသူ၊

(ခ) ပြည်ပနေသူ သို့မဟုတ် ပြည်တွင်းနေသူနှင့် စီးပွားရေးဆက်သွယ်သူ၊

(ဂ) ပြည်ပနေသူ သို့မဟုတ် ပြည်တွင်းနေသူကိုအကြောင်းပြု၍ ဝင်ငွေရရှိသူ၊ သို့ရာတွင် ကိုယ်စားလှယ်အဖြစ်သတ်မှတ်ရန် ရည်ရွယ်ထားသူအား ကြိုတင်ရှင်းလင်းခွင့်မပေးဘဲ ဤနည်းဥပဒေအရ ကိုယ်စားလှယ်အဖြစ်မသတ်မှတ်ရ။

၅၈။ ဤနည်းဥပဒေပါ ကိစ္စရပ်များအလို့ငှာ အခွန်ထမ်းကိုယ်တိုင်ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်မှတစ်ပါး ကျန်ကိစ္စရပ်များကို ဝင်ငွေခွန်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသူသည် အခွန်ထမ်း၏ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

၅၉။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများအပေါ် အခွန်စည်းကြပ်ကောက်ခံရန် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၀)

## အထွေထွေ

၆၀။ ဥပဒေအရအကြောင်းကြားစာ သို့မဟုတ် အခွန်ငွေတောင်းခံစာနှင့်စပ်လျဉ်း၍ ယင်းတို့တွင် အမည်ဖော်ပြထားသူအားလည်းကောင်း၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ အသင်း၊ ကုမ္ပဏီ၊ ဖက်စပ်လုပ်ငန်းနှင့် အစုစပ်လုပ်ငန်းတို့၏ ဥက္ကဋ္ဌ၊ အုပ်ချုပ်သူ၊ ဒါရိုက်တာ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်နှင့် အစုဝင်တစ်ဦးဦးအားလည်းကောင်း စာတိုက်မှဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ ပေးပို့အတည်ပြုနိုင်သည်။ ထို့ပြင် အဆိုပါအကြောင်းကြားစာ သို့မဟုတ် အခွန်ငွေတောင်းခံလွှာကို တရားမကျင့်ထုံးဥပဒေအရ သမ္မန်စာချအပ်သည့် နည်းလမ်းအတိုင်းလည်း ချအပ်နိုင်သည်။

၆၁။ ကျသင့်သည့်အခွန်ကို တွက်ချက်သတ်မှတ်ရာတွင် ပြား ၅၀ အောက်နည်းသော အခွန်ငွေကို ထည့်သွင်းမတွက်ချက်ဘဲ ပြား ၅၀ နှင့် တစ်ကျပ်အကြားရှိ အခွန်ငွေကို တစ်ကျပ်ဟု ထည့်သွင်းတွက်ချက်ရမည်။ သို့ရာတွင် တစ်ယူနစ်အပေါ် ကျသင့်အခွန်နှုန်း တွက်ချက်သတ်မှတ်ရာတွင် ပြားစွန်းတန်ဖိုးကို ထည့်သွင်းတွက်ချက်နိုင်သည်။

၆၂။ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက်ပြဋ္ဌာန်းသော ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ထိုက်သင့်သောဆုကြေးငွေ ချီးမြှင့်ဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်မည့်ခန့်မှန်းပမာဏကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲ တောင်းခံ၍ သုံးစွဲရမည်။

၆၃။ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် နည်းဥပဒေပါ သတ်မှတ်ချက်များကို လွယ်ကူစွာလိုက်နာဆောင်ရွက်ရန် ညွှန်ကြားရေးမှူးချုပ်သည် လိုအပ်သောပုံစံများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကိုထုတ်ပြန်နိုင်ပြီး လိုက်နာဆောင်ရွက်ရန်ခက်ခဲသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်နည်းလမ်းများကို သတ်မှတ်နိုင်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

## Secured Transaction Law ရေးဆွဲပြဋ္ဌာန်းနိုင်ရန် Working Group ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကဏ္ဍအသီးသီးတွင် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကာလတို၊ ကာလရှည် ဆောင်ရွက် ရမည့်လုပ်ငန်းများအဖြစ် ငွေကြေးကဏ္ဍတွင် ထင်သာမြင်သာရှိမှုကို မြှင့်တင်နိုင်မည့် မူဝါဒကျင့်သုံးရန်၊ ငွေကြေးကဏ္ဍအတွင်း ဥပဒေ၊ စည်းမျဉ်းနှင့် အရေးယူရေးကိစ္စရပ်များ ပေါ်ပေါက်လာပါက ထိရောက်သော စည်းမျဉ်းထိန်းချုပ်ရေး အစီအမံတစ်ရပ် အလျင်မြန်ဆုံးပေါ်ပေါက်လာစေရန်၊ ငွေကြေးတောင့်တင်းသော အသေးစားချေးငွေလုပ်ငန်းများကိုစုစည်း၍ အဆင့်သတ်မှတ်ထားသော အသေးစားချေးငွေလုပ်ငန်းစနစ် ဖြစ်လာစေရန်၊ ချေးငွေလုပ်ငန်းများကို အန္တရာယ်ကင်းရှင်းလုံခြုံစွာ ဆောင်ရွက်နိုင်ရန်နှင့် ငွေကြေးဆိုင်ရာ ကဏ္ဍနှင့်စပ်လျဉ်း၍ ပိုမိုပွင့်လင်းမြင်သာမှုရှိသည့်ဥပဒေနှင့် စည်းမျဉ်းများရေးဆွဲ၍ မူဝါဒလမ်းညွှန်ချက် များအား အကောင်အထည်ဖော်ဆောင်ရန်အတွက် Secured Transaction Law ရေးဆွဲပြဋ္ဌာန်းနိုင်ရန် လိုအပ်ပါသည်။

၂။ အဆိုပါလုပ်ငန်းစဉ်ကို ဦးစီးကွပ်ကဲဆောင်ရွက်နိုင်ရန်နှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အခြေခံ၍ ချေးငွေများထုတ်ချေးရာတွင် ကြုံတွေ့နိုင်သည့် အခက်အခဲအတားအဆီးများကို ကျော်လွှားနိုင်ရန်ရည်ရွယ်၍ Secured Transaction Law ရေးဆွဲပြဋ္ဌာန်းနိုင်ရန် Working Group ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ဦးဇော်နိုင် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) ဒေါ်သန်းသန်းဆွေ — ပူးတွဲဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဂ) ဦးထွန်းဇော် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဃ) ဒေါ်တင်အေးဟန် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(င) ဒေါ်ရှင်မိုး အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(စ) ဦးတင်မိုးသိန်း အဖွဲ့ဝင်
ဒုတိယအထွေထွေမန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဆ) ဦးလွင်ဦး အဖွဲ့ဝင်
ဒုတိယအထွေထွေမန်နေဂျာ
မြန်မာ့အာမခံလုပ်ငန်း
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဇ) ဒေါ်နိုင်နိုင်လင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာန
စက်မှုဝန်ကြီးဌာန

(ဈ) ဦးစိုးညွန့်နိုင် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ည) ဒေါ်မီမီထွေး အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဥပဒေလုပ်ထုံးလုပ်နည်းဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

(ဋ) ဒေါ်သင်းသင်းဝေ အဖွဲ့ဝင်
မန်နေဂျာ
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဌ) ဦးမျိုးမြင့်သိန်း အဖွဲ့ဝင်
မန်နေဂျာ
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဍ) ဒေါ်ယဉ်မွန်လွင် အဖွဲ့ဝင်
ဦးစီးအရာရှိ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဎ) ဦးသန်းဇော် အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ (၃)
မြန်မာနိုင်ငံဘဏ်များအသင်း

(ဈ) ဒေါ်ချိုချိုသိန်း — အဖွဲ့ဝင်
Sr. Financial Sector Specialist
International Finance Corporation (IFC)

(ည) ဦးမင်းနိုင်ဦး — အဖွဲ့ဝင်
Legal Expert (Local Consultant)
International Finance Corporation (IFC)

(ဋ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
World Bank

(ဌ) ဒေါ်ဝင်းဝင်းကြူ — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဍ) ဒေါ်လှထွေးမော် — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၃။ Working Group ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းနိုင်သောပစ္စည်းအပေါင်ထားရှိနိုင်သည့် ချေးငွေဈေးကွက် ပေါ်ပေါက်ရန် ရွှေ့ပြောင်းနိုင်သောပစ္စည်းအခြေခံ၍ ချေးငွေထုတ်ချေးခြင်းဥပဒေ (Secured Transactions Law-ST) မူကြမ်းအား အခြားဆက်စပ်လျက်ရှိသော ဥပဒေများနှင့် နှိုင်းယှဉ်စိစစ်တင်ပြရန်၊

(ခ) Secured Transactions Law ရေးဆွဲအတည်ပြုပြဋ္ဌာန်းရာတွင် ဖွဲ့စည်းထားသောလုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် အချိန်ကာလ (Time Line) သတ်မှတ်ရန်နှင့် အဆိုပါ အချိန်ကာလ သတ်မှတ်ခြင်းအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးထံ တင်ပြ၍ အတည်ပြုချက်ရယူရန်၊

(ဂ) Secured Transactions Law ရေးဆွဲရေးလုပ်ငန်းအဖွဲ့၏ အစည်းအဝေးအား လစဉ်ပြုလုပ်၍ တိုးတက်မှုအစီရင်ခံစာအား ဒုတိယဝန်ကြီးထံ တင်ပြရန်၊

(ဃ) Secured Transactions Law မူကြမ်းရေးဆွဲပြီးချိန်တွင် အစိုးရ၊ ပုဂ္ဂလိကနှင့် Stakeholders များ၏ အကြံဉာဏ်ရယူနိုင်ရေးအတွက် Consultation Meeting များ ပြုလုပ်ရန်၊

(င) Secured Transactions Law ရေးဆွဲပြီးချိန်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရေးဆောင်ရွက်ရန်။

## **အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

## **အခွန်အယူခံခုံအဖွဲ့ အဖွဲ့ဝင်အမည် ပြင်ဆင်ဖွဲ့စည်းခြင်း**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၃/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သော **အခွန်အယူခံခုံအဖွဲ့** တွင် အဖွဲ့ဝင်အဖြစ် ပြည်ထောင်စုတရားသူကြီးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးသန့်ဇော်သန်း **အစား** ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ဘတ်ဂျက်နှင့် ထောက်ပံ့ဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမြိုင် အား ပြောင်းလဲပြင်ဆင် ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

## နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံပိုင်ဘဏ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်ပိုမိုထက်မြက်လာစေရန် ရည်ရွယ်၍ ပြုပြင်ပြောင်းလဲဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သောမူဘောင်များကို လေ့လာဆန်းစစ်သုံးသပ်နိုင်ရန်အတွက် နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းကော်မတီကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉၃/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့၌ ကျင်းပသည့် နိုင်ငံတော် စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အဆင့် (၂) အဖြစ် ဆက်လက်ဆောင်ရွက်ရန်နှင့် စပ်လျဉ်းသည့် အစည်းအဝေးဆွေးနွေးချက်အရ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၃/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ သို့ရာတွင် ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ကော်မတီဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ် တို့မှ အဓိကတာဝန်ယူ ဆောင်ရွက်ရပါသဖြင့် **နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးမောင်မောင်ဝင်း<br>ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးဘိုဘိုငယ်<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ဃ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | အဖွဲ့ဝင် |
| (စ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းဥပဒေ၊ စည်းမျဉ်းနှင့် ငွေကြေးခဝါချမှု<br>တိုက်ဖျက်ရေးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |

(ဈ) ဒုတိယအမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

၃။ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအောင်မြင်စေရန် အထောက်အကူပြု ဆောင်ရွက်ရန်၊

(ခ) နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရာတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများအား ခေတ်နှင့်အညီ ပြင်ဆင်ရေးအတွက် ကြီးကြပ် ဆောင်ရွက်ရန်၊

(ဂ) နိုင်ငံပိုင်ဘဏ်များ ဖွံ့ဖြိုးလာစေခြင်းဖြင့် နိုင်ငံပိုင်ငွေရေးကြေးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ခေတ်မီတိုးတက်လာစေရန်၊

(ဃ) ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဘဏ်ဝန်ထမ်းများစွမ်းဆောင်ရည် မြင့်မားရေး၊ တိုင်းကျိုးပြည်ပြုဘဏ်လုပ်ငန်းများဆောင်ရွက်ရေး ဦးတည်ကြိုးပမ်းရန်။

## အမိန့်ကြော်ငြာစာအမှတ် ၁၉/ ၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း

၁။ မေခရိုစီးပွားရေး စီမံခန့်ခွဲမှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဒုတိယအကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မေခရိုစီးပွားရေးစီမံခန့်ခွဲမှုကဏ္ဍခွဲ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းအဖွဲ့အား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း လိုက်သည် -

(က) ဒေါ်မိုးမိုးကြည် — အဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ခ) ဒေါ်ခင်ခင်လွင် — ဒုတိယအဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

(ဂ) ဦးတင်မိုးသိန်း — အဖွဲ့ဝင်
ဒုတိယအထွေထွေမန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်

(ဃ) ဦးကျော်သိန်း — အဖွဲ့ဝင်
ဒုတိယအထွေထွေမန်နေဂျာ
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

(င) ဒေါ်မိုးမိုးအောင် — အဖွဲ့ဝင်
လက်ထောက်အထွေထွေမန်နေဂျာ
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်

(စ) ဒေါ်ကြည်ကြည်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(ဆ) ဒေါ်အေးအေးမော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဇ) ဦးဇော်မိုး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဈ) ဒေါ်ခင်သူဇာထွန်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ည) ဒေါ်သူဇာဝင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဋ) ဦးဇေယျာစိုး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဌ) ဒေါ်နီနီသန်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ငွေတိုက်ဦးစီးဌာန

(ဍ) ဒေါ်စုဝါလှိုင် — တွဲဖက်အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး
ပင်စင်ဦးစီးဌာန (ပြည်ထောင်စုဝန်ကြီးရုံးတွဲဖက်)

၂။ အဆိုပါအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ ငွေဖောင်းပွမှုနှုန်းလျှော့ကျရေးနှင့် တည်ငြိမ်ရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန်၊ အစိုးရငွေချေးသက်သေခံများ လေလံဈေးကွက် တိုးတက်ဖွံ့ဖြိုးခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊ ဗဟိုဘဏ်မှ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း လိုငွေဖြည့်ဆည်းခြင်းကို လျှော့ချရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်ရန်၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေးနှင့် ဘဏ္ဍာရေးစနစ် အားကောင်းခိုင်မာရေးဆောင်ရွက်ရန်၊ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများအား မေခရိုစီးပွားရေးစီမံခန့်ခွဲမှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သို့ တင်ပြရန်၊ Myanmar Sustainable Development Plan (MSDP) Pillar 1, Goal 2 ၏ Strategy 2.1, 2.2 နှင့် 2.3 တို့အား အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အခြားဆက်စပ်အကောင်အထည်ဖော်ရန်ရှိသည်များကို ဆောင်ရွက်ရန်၊ ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒများ ချိတ်ဆက်မှုအားကောင်းရေးအတွက် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းရေးများပံ့ပိုးပေးရန်၊ Monetary Policy များချမှတ်ရာတွင် Fiscal Policy အပေါ် သက်ရောက်နိုင်မှုများ သုံးသပ်တင်ပြရန်၊ Fiscal Policy များ ချမှတ်ရာတွင် Monetary Policy အပေါ် သက်ရောက်နိုင်မှုများ သုံးသပ်တင်ပြရန်တို့ဖြစ်ပါသည်။

၃။ အဖွဲ့၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် (၃) လ တစ်ကြိမ် အစည်းအဝေးခေါ်ယူရန်နှင့် အခါအားလျော်စွာကိစ္စရပ်များ ပေါ်ပေါက်လာပါက ကြားဖြတ် အစည်းအဝေးခေါ်ယူရန် ဖြစ်ပါသည်။

စိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် (သောကြာ) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၈) ၏ သဘောတူညီချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို ဝန်ကြီးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့ဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်မှစ၍ အောက်ပါအတိုင်း စတင်ဖွဲ့စည်းလိုက်သည် -

| စဉ် | ဌာန၊ ဦးစီးဌာနအမည် | အရာထမ်း ရာထူး | အမှုထမ်း ရာထူး | စုစုပေါင်း ရာထူး |
|---|---|---|---|---|
| ၁။ | ဝန်ကြီးရုံး | ၅၀ | ၁၁၅ | ၁၆၅ |
| ၂။ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန | ၃၇၅ | ၄၈၄ | ၈၅၉ |
| ၃။ | နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန | ၁၅၈ | ၁၈၇ | ၃၄၅ |
| | **စုစုပေါင်း** | **၅၈၃** | **၇၈၆** | **၁၃၆၉** |

သောင်းထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၆၂/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

### မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေပုဒ်မ- ၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံ မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁ (ရုံးပေါင်းစုံ)၊ မြေကွက်အမှတ် (၁၆၁၊ ၁၆၂)၊ ဧရိယာ (၀. ၂၂၉)

ဧကရှိ အစိုးရမြေနေရာကို မင်္ဂလာဒုံမြို့နယ်၊ အမှတ် (၆၄) ယာဉ်ထိန်းရဲတပ်ဖွဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ မင်္ဂလာဒုံမြို့နယ်၊ အမှတ် (၆၄) ယာဉ်ထိန်းရဲတပ်ဖွဲ့ပိုင်မြေနေရာအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) မြေကို ပြည်ထဲရေးဝန်ကြီးဌာနက အသုံးပြုရန်မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေ ဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံမြို့နယ် | ၁ (ရုံးပေါင်းစုံ) | ၁၆၁၊ ၁၆၂ | ၀ | ၂၂၉ | |
| **စုစုပေါင်း** | | | | **၀** | **၂၂၉** | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - လမ်း
အနောက်လားသော် - မြေကွက်အမှတ် - ၁၆၄
တောင်လားသော် - မြေကွက်အမှတ် - ၁၄၃၊ ၁၄၄
မြောက်လားသော် - လမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၈) အရ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁ (ရုံးပေါင်းစုံ)၊ မြေကွက်အမှတ် (၁၆၁၊ ၁၆၂)၊ ဧရိယာ (၀. ၂၂၉) ဧကရှိ အစိုးရမြေကို ပြည်ထဲရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၆၃/၂၀၁၈)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေပုဒ်မ-၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁ (ရုံးပေါင်းစုံ)၊ မြေကွက်အမှတ် (၆၅၊ ၆၆)၊ ဧရိယာ (၀. ၂၂၉) ဧကရှိ အစိုးရမြေနေရာကို မင်္ဂလာဒုံမြို့နယ်၊ လူမှုဖူလုံရေးအဖွဲ့အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ မင်္ဂလာဒုံမြို့နယ်၊ လူမှုဖူလုံရေးအဖွဲ့အတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) မြေကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အသုံးပြုရန်မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်း ရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေ ဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံမြို့နယ် | ၁ (ရုံးပေါင်းစုံ) | ၆၅၊ ၆၆ | ၀ | ၂၂၉ | |
| **စုစုပေါင်း** | | | | **၀** | **၂၂၉** | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - လမ်း
အနောက်လားသော် - မြေကွက်အမှတ် - ၂၁၊ ၂၂
တောင်လားသော် - မြေကွက်အမှတ် - ၆၄
မြောက်လားသော် - လမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၈) အရ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁ (ရုံးပေါင်းစုံ)၊ မြေကွက်အမှတ် (၆၅၊ ၆၆)၊ ဧရိယာ (၀. ၂၂၉) ဧကရှိ အစိုးရမြေကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၆၄/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်)

### မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေ ပုဒ်မ - ၂၇ (၁) (ခ - ၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃ဂျီ)၊ မြေကွက်အမှတ် (၇၊ ၈)၊ ဧရိယာ (၀. ၂၃၀) ဧကရှိ အစိုးရမြေနေရာကို ကာကွယ်ရေးဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ကာကွယ်ရေးဝန်ကြီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) မြေကို ကာကွယ်ရေးဝန်ကြီးဌာနက အသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကို အသုံးပြုရာတွင် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ် ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | အလုံမြို့နယ် | (၂၃ဂျီ) | ၇၊ ၈ | ၀ | ၂၃၀ | |
| **စုစုပေါင်း** | | | | **၀** | **၂၃၀** | |

၃။ နယ်နိမိတ်အလားအလာဖော်ပြချက်

| | | |
|---|---|---|
| အရှေ့လားသော် | - | ကမ်းနားလမ်း |
| အနောက်လားသော် | - | B.D.S ၊ မြေကွက်အမှတ် ၂. I (အ. ထ. က-၇) |
| တောင်လားသော် | - | လမ်း |
| မြောက်လားသော် | - | မြေကွက်အမှတ်-၆ |

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၃၇/၂၀၁၈) အရ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃ဂျီ)၊ မြေကွက်အမှတ် (၇၊ ၈)၊ ဧရိယာ (၀. ၂၃၀) ဧကရှိ အစိုးရမြေကို ကာကွယ်ရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၂၈/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်း ရန်ကုန် - တောင်တွင်း - မကွေးကားလမ်း မိုင်တိုင် (၂၂၅/၆) မှ ကိုးပင် - တောညောင်ပင်သာ ဆက်သွယ်သော အောက်ဖော်ပြပါလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းအဖြစ် သတ်မှတ်ကြေညာလိုက်သည် -

| | | |
|---|---|---|
| (က) | လမ်းပိုင်းအမည် | - ကိုးပင်-တောညောင်ပင်သာ မြေသားလမ်း။ |
| (ခ) | လမ်းအရှည် | - ၀ မိုင် ၁. ၄၈ ဖာလုံ။ |
| (ဂ) | စတင်သည့်နေရာနှင့် | - ရန်ကုန် - တောင်တွင်း - မကွေးကားလမ်း။ |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | - တောညောင်ပင်သာကျေးရွာ။ |

၂။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းအရှည်မိုင် စုစုပေါင်းကို (၆၅၅၂) မိုင် (၇. ၂၄) ဖာလုံဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၃၅၃/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

## ကယားပြည်နယ် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကယားပြည်နယ် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဝန်ကြီး — ဥက္ကဋ္ဌ
လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန
ကယားပြည်နယ်

(ခ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဂ) ဒုတိယညွှန်ကြားရေးမှူး　အဖွဲ့ဝင်
ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(ဃ) ဒုတိယညွှန်ကြားရေးမှူး　အဖွဲ့ဝင်
ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(င) ဥက္ကဋ္ဌ　အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ
ကယားပြည်နယ်

(စ) ဥက္ကဋ္ဌ　အဖွဲ့ဝင်
မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းခွဲ
ကယားပြည်နယ်

(ဆ) ညွှန်ကြားရေးမှူး　အတွင်းရေးမှူး
ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဇ) လက်ထောက်ညွှန်ကြားရေးမှူး　တွဲဖက်အတွင်းရေးမှူး
ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၃၅၄/၂၀၁၈

## ကရင်ပြည်နယ် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကရင်ပြည်နယ် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဝန်ကြီး　ဥက္ကဋ္ဌ
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊
သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
ကရင်ပြည်နယ်

(ခ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဂ) ဒုတိယညွှန်ကြားရေးမှူး　အဖွဲ့ဝင်
ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(င) ဥက္ကဋ္ဌ　အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ
ကရင်ပြည်နယ်

(စ) ဒုတိယဥက္ကဋ္ဌ (၁)　အဖွဲ့ဝင်
မြန်မာနိုင်ငံဗိသုကာပညာရှင်အသင်းခွဲ
ကရင်ပြည်နယ်

(ဆ) ဥက္ကဋ္ဌ　အဖွဲ့ဝင်
မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းခွဲ
ကရင်ပြည်နယ်

(ဇ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဈ) ဒုတိယညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၃၅၅/၂၀၁၈

## ချင်းပြည်နယ် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ချင်းပြည်နယ် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဝန်ကြီး — ဥက္ကဋ္ဌ
လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
ချင်းပြည်နယ်

(ခ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဂ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(င) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(စ) ဒုတိယညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၃၅၆/၂၀၁၈

## စစ်ကိုင်းတိုင်းဒေသကြီး စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဝန်ကြီး — ဥက္ကဋ္ဌ
လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

(ခ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဂ) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(ဃ) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန

(င) ပြန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ
စစ်ကိုင်းတိုင်းဒေသကြီး

(စ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းခွဲ
စစ်ကိုင်းတိုင်းဒေသကြီး

(ဆ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဇ) ဒုတိယညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၃၅၇/၂၀၁၈

## တနင်္သာရီတိုင်းဒေသကြီး စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် တနင်္သာရီတိုင်းဒေသကြီး စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဝန်ကြီး — ဥက္ကဋ္ဌ
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
တနင်္သာရီတိုင်းဒေသကြီး

(ခ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဂ) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန

(င) တွဲဖက်ဘဏ္ဍာရေးမှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(စ) အလုပ်အမှုဆောင်ကော်မတီဝင် — အဖွဲ့ဝင်
မြန်မာနိုင်ငံဗိသုကာအသင်း

(ဆ) တွဲဖက်အတွင်းရေးမှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ
အသင်း

(ဇ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဈ) လက်ထောက်အင်ဂျင်နီယာ — တွဲဖက်အတွင်းရေးမှူး
တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၃၅၈/၂၀၁၈

## မန္တလေးတိုင်းဒေသကြီး စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် မန္တလေးတိုင်းဒေသကြီး စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဝန်ကြီး<br>လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန<br>မန္တလေးတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ<br>မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းခွဲ<br>မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

## အမိန့်ကြော်ငြာစာအမှတ် ၃၅၉/၂၀၁၈

## မွန်ပြည်နယ် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် မွန်ပြည်နယ် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဝန်ကြီး<br>စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန<br>မွန်ပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဃ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | တွဲဖက်အတွင်းရေးမှူး<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ<br>မွန်ပြည်နယ် | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းခွဲ<br>မွန်ပြည်နယ် | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

## အမိန့်ကြော်ငြာစာအမှတ် ၃၆၀/၂၀၁၈

## ရခိုင်ပြည်နယ် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ရခိုင်ပြည်နယ် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဝန်ကြီး<br>လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန<br>ရခိုင်ပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးစီးအရာရှိ<br>ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | အတွင်းရေးမှူး<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ<br>ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (စ) | အဖွဲ့ဝင်<br>မြန်မာနိုင်ငံဗိသုကာအသင်းခွဲ<br>ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းခွဲ<br>ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဈ) | လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

## အမိန့်ကြော်ငြာစာအမှတ် ၃၆၁/၂၀၁၈

## ရန်ကုန်တိုင်းဒေသကြီး စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဝန်ကြီး<br>လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | လက်ထောက်ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | တွဲဖက်ဘဏ္ဍာရေးမှူး<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း | အဖွဲ့ဝင် |
| (စ) | အလုပ်အမှုဆောင်ကော်မတီဝင်<br>မြန်မာနိုင်ငံဗိသုကာအသင်း | အဖွဲ့ဝင် |
| (ဆ) | အလုပ်အမှုဆောင်ကော်မတီဝင်<br>မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဈ) | ဒုတိယညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

## အမိန့်ကြော်ငြာစာအမှတ် ၃၆၂/၂၀၁၈

## ရှမ်းပြည်နယ် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ရှမ်းပြည်နယ် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဝန်ကြီး<br>လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန<br>ရှမ်းပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(င) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ
ရှမ်းပြည်နယ်

(စ) အဖွဲ့ဝင် — အဖွဲ့ဝင်
မြန်မာနိုင်ငံဗိသုကာအသင်းခွဲ
ရှမ်းပြည်နယ်

(ဆ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဇ) ဒုတိယညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၃၆၃/၂၀၁၈

## ဧရာဝတီတိုင်းဒေသကြီး စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဧရာဝတီတိုင်းဒေသကြီး စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဝန်ကြီး — ဥက္ကဋ္ဌ
လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
ဧရာဝတီတိုင်းဒေသကြီး

(ခ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဂ) လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(ဃ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန

(င) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ
ဧရာဝတီတိုင်းဒေသကြီး

(စ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းခွဲ
ဧရာဝတီတိုင်းဒေသကြီး

(ဆ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဇ) ဒုတိယညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၉၅/ ၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉၉/၂၀၁၈ အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဇော် အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅/ ၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အငယ်တန်းအင်ဂျင်နီယာ (၁) (စက်မှု) (၂) ဦးအား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၈) ၏ သဘောတူညီချက်အရ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဦးစီးအရာရှိ (စက်မှု) ရာထူးသို့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစ၍ ၎င်းဦးစီးဌာနတွင် တိုးမြှင့်ခန့်အပ်လိုက်သည် -

| စဉ် | အမည် ကိုယ်ပိုင်အမှတ် | လက်ရှိနေရာ |
|---|---|---|
| (က) | ဦးချမ်းငြိမ်းဌေး ဆလက/၄၇၇၁၂ | ညွှန်ကြားရေးမှူးရုံး ချင်းပြည်နယ် |
| (ခ) | ဦးရဲလင်းကျော် ဆလက/၄၈၈၅၂ | စက်မှုဌာနခွဲ |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆/ ၂၀၁၉)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ အထောက်အကူပြုဌာနခွဲ (စက်မှု) မှ ကိုယ်ပိုင်အမှတ်၊ ဆလက/၄၈၀၁၄၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အငယ်တန်းအင်ဂျင်နီယာ (၁) (စက်မှု) ဒေါ်ခက်ခက်မာန် အား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၈) ၏ သဘောတူညီချက်အရ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (စက်မှု) ရာထူးသို့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစ၍ ၎င်းဦးစီးဌာနတွင် တိုးမြှင့်ခန့်အပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၇/ ၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ရခိုင်ပြည်နယ်မှ ကိုယ်ပိုင်အမှတ်၊ ဆ/၃၃၃၃ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးရွှေဝင်း အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်

(၃/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့ (နေပြည်တော်)တွင် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးသို့ လစ်လပ်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၃/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ (၁၈/၂၀၁၈) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ လူမှုဝန်ထမ်းဦးစီးဌာန၊ ကရင်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ ဘားအံမြို့မှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးဇော်မင်း အား ကရင်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ ဘားအံမြို့တွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာဝင်းမြတ်အေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င) အရ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက အငြိမ်းစားဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များကို ခန့်အပ်ရန်လိုအပ်သဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ အဆိုပြုတင်ပြရာတွင် လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ) နှင့်အညီ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ သတ်မှတ်လိုက်သည်။

၁။ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ခန့်ထားလိုသော ရာထူးအဆင့်အတွက် သတ်မှတ်ထားသည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်းများနှင့် ကိုက်ညီရမည့်အပြင် လက်ရှိတာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများထက် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း ထူးကဲသာလွန်၍ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းအတွက် စွမ်းစွမ်းတမံ

အထောက်အကူပြုပံ့ပိုးပေးနိုင်သော အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အငြိမ်းစား ဝန်ထမ်းနှင့် ပြင်ပပုဂ္ဂိုလ်များကို ခန့်ထားနိုင်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ အဆိုပြုတင်ပြနိုင်သည် -

(က) **အဆိုပြုတင်ပြနိုင်သည့်ရာထူးအဆင့်။** လက်ထောက်ညွှန်ကြားရေးမှူးရာထူးနှင့် လစာနှုန်းတူ ရာထူးအဆင့်၊ ဒုတိယညွှန်ကြားရေးမှူးရာထူးနှင့် လစာနှုန်းတူ ရာထူးအဆင့်များကိုသာ ခန့်ထား နိုင်ရေး အဆိုပြုတင်ပြရမည်။

(ခ) **အငြိမ်းစားဝန်ထမ်းအတွက် သတ်မှတ်ချက်**

(၁) လျော်ကြေးပင်စင်ခံစားခဲ့သည့် အငြိမ်းစားဝန်ထမ်းကိုသာ အဆိုပြုတင်ပြရမည်။

(၂) လက်ရှိခံစားနေသည့် ပင်စင်လစာနှင့် လုပ်သက်ဆုငွေကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၇ မှ နည်းဥပဒေ ၂၄၀ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်ရမည်။

(၃) အသက် ၄၅ နှစ်ထက်မကျော်လွန်စေရ။

(၄) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(၅) ကျန်းမာကြောင်းဆေးလက်မှတ်တင်ပြနိုင်ရမည်။

(၆) နိုင်ငံရေးပါတီတစ်ခုခုတွင် ပါဝင်နေသူဖြစ်ပါက နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်ခန့်အပ် တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ ပါတီဝင်အဖြစ်မှ နုတ်ထွက်ရမည်။

(ဂ) **ပြင်ပပုဂ္ဂိုလ်အတွက် သတ်မှတ်ချက်**

(၁) အသက် ၄၅ နှစ်ထက်မကျော်လွန်စေရ။

(၂) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(၃) ကျန်းမာကြောင်းဆေးလက်မှတ်တင်ပြနိုင်ရမည်။

(၄) မိမိသဘောဆန္ဒအလျောက် ဝန်ထမ်းအဖြစ်မှ နုတ်ထွက်သူများမဖြစ်စေရ။

(၅) နိုင်ငံရေးပါတီတစ်ခုခုတွင် ပါဝင်နေသူဖြစ်ပါက နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်ခန့်အပ် တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ ပါတီဝင်အဖြစ်မှ နုတ်ထွက်ရမည်။

၂။ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့် ပြင်ပပုဂ္ဂိုလ်များအား ခန့်ထားရာတွင် လက်ရှိတာဝန် ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ ရာထူးတိုးမြှင့်ခံစားခွင့်ကို ဆုံးရှုံးနစ်နာမှုမရှိစေရန် မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းအတွက် အမှန်တကယ် လိုအပ်မှသာ ခန့်ထားလိုသည့် ရာထူး၏ အလုပ်တာဝန်လိုအပ်ချက်နှင့်ကိုက်ညီသော ပညာရှင်ဝန်ထမ်းများကို ခန့်ထားနိုင်ရေး အဆိုပြု တင်ပြရမည်။

ဒေါက်တာဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရာထူးဝန်အဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်မိုးမိုးမြင့် အား ယင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ညွှန်ကြားရေးမှူး၊

လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည်။

ဒေါက်တာဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်း အကယ်ဒမီ၊ စီးပွားရေးပညာဌာနမှ ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်စန်းစန်းဦး အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဒေါက်တာဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နေပြည်တော်ကောင်စီ**

**ရုံးအမိန့်အမှတ် (၄/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

**ကိုယ်ရေးအရာရှိခန့်အပ်ခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်စွဲပါ အမိန့်အမှတ်၊ (၃၇/၂၀၁၈) ဖြင့် ခန့်အပ်ခဲ့သော နေပြည်တော်ကောင်စီဝင် ဦးညီထွန်း ၏ ကိုယ်ရေးအရာရှိရာထူးနေရာတွင် နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အကြီးတန်းစာရေး ဦးစိုးမင်းထိုက်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/ဝတန (နိုင်) ၁၄၁၆၆၂] အား နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေနှင့်အညီ အမှန်တကယ်အလုပ်ဝင်ရောက်သည့်နေ့မှစ၍ ခန့်ထား လိုက်သည်။

၂။ လစာနှုန်းထားမှာ အမြင့်ဆုံးလစာငွေ (၂၉၅,၀၀၀/) ကို ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမျိုးအောင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၆ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၂) ဦးအား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိဌာန** |
|---|---|---|
| (၁) | ဒေါ်အေးအေးမော် | ငွေကြေးမူဝါဒ၊ သုတေသနနှင့်စာရင်းအင်းဌာန |
| (၂) | ဒေါ်ကလျာနေထွန်း | ငွေကြေးမူဝါဒ၊ သုတေသနနှင့်စာရင်းအင်းဌာန |

၂။ ၎င်းတို့သည် မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်ရမည်ကို ဆက်လက်ထုတ်ပြန်ပါမည်။

ကျော်ကျော်မောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးစီမံခန့်ခွဲမှုဌာန၊ ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန (မန္တလေးဘဏ်ခွဲ) မှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဦးအောင်ကျော်ထူးသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ မေလ ၁ ရက်နေ့မှစ၍ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ကျော်ကျော်မောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

ကရင်ပြည်နယ်အစိုးရအဖွဲ့ကြီးကြပ်မှုအောက်ရှိ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်

နေသော ဦးစိုးမြင့် (နစ-၃၈၇၂) သည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်ပြီဖြစ်၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှစ၍ အတည်ပြုခန့်အပ်လိုက်သည်။

နန်းခင်ထွေးမြင့်
ပြည်နယ်ဝန်ကြီးချုပ်
ပြည်နယ်အစိုးရအဖွဲ့ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မွန်ပြည်နယ်အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၃) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ယင်းတို့၏အမည်နှင့် ယှဉ်တွဲပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(၁) ဒေါ်နွယ်နီမင်း (၂-၁၀-၂၀၁၈)
မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(၂) ဒေါ်ခိုင်ခိုင်သိန်း (၉-၁၀-၂၀၁၈)
ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့

(၃) ဒေါ်မိုးစန္ဒာရွှေ (၂-၁၀-၂၀၁၈)
ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဒေါက်တာအေးဇံ
ဝန်ကြီးချုပ်
ပြည်နယ်အစိုးရအဖွဲ့

## ၂၀၁၆ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၆ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄။)**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၂၀၁၆ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ဇယား (၃) အဆက်၊ ဇယား (၃) အဆုံး၊ ဇယား (၄)၊ ဇယား (၄) အဆုံး၊ ဇယား (၅) နှင့် ဇယား (၆) တို့ကို ဤဥပဒေပါဇယား အသီးသီးဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာအောင်မိုးညို
ဝန်ကြီးချုပ်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃) အဆက်
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | **ပြည်ထဲရေး** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | **၃၄. ၇၀၂** | | | | | | |
| ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၄. ၄၇၄ | | | | | | |
| ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၂၈ | | | | | | |
| ၃ | မီးသတ်ဦးစီးဌာန | | | | ၃၀. ၂၀၀ | | | | | | |
| ၆ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **၎င်း** | | | **၄၄. ၀၃၉** | | | | | | |
| ၁ | စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) | | | | ၂၁. ၀၀၀ | | | | | | |
| ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၂. ၀၂၀ | | | | | | |
| ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၇. ၈၀၆ | | | | | | |
| ၄ | သမဝါယမဦးစီးဌာန | | | | ၁၂. ၀၄၈ | | | | | | |
| ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၁. ၁၆၅ | | | | | | |
| ၇ | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **၎င်း** | | | **၁၄. ၇၆၆** | | | | | | |
| ၁ | သစ်တောဦးစီးဌာန | | | | ၁၄. ၇၁၆ | | | | | | |
| ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | | | ၀. ၀၅၀ | | | | | | |
| ၈ | **ကျန်းမာရေးနှင့် အားကစား** | **၎င်း** | | | **၂၃. ၉၃၀** | | | | | | |
| | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၂၃. ၉၃၀ | | | | | | |
| ၉ | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **၎င်း** | | | **၀. ၁၄၅** | | | **၁၄၁၅၂၅. ၀၀၀** | | | |
| ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၁၄၅ | | | | | | |
| ၂ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၁၄၁၅၂၅. ၀၀၀ | | | |
| ၁၀ | **ဆောက်လုပ်ရေး** | **၎င်း** | | | **၂၁၁. ၈၆၉** | | | | | | |
| ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၃၂. ၅၈၃ | | | | | | |
| ၂ | အဆောက်အဦ၊ လမ်းနှင့် တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းဦးစီးဌာန | | | | ၁၇၉. ၂၈၆ | | | | | | |
| ၁၁ | **စည်ပင်သာယာရေးအဖွဲ့များ** | **၎င်း** | | | **၇၁၈၆. ၁၉၂** | | | | | | |
| | **ပေါင်း** | | **၁၈၉၀. ၂၃၅** | | **၇၅၁၅. ၆၄၃** | | | **၁၄၁၅၂၅. ၀၀၀** | | | |

## တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၁၂၁၆၈. ၅၅၈** | | | **၃၀၇၉. ၅၉၅** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၉၈၉၃. ၈၃၄ | | | ၄၁၈. ၆၇၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၃၆. ၈၄၂ | | | ၁၈. ၂၄၅ | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | ၂၀၃၇. ၈၈၂ | | | ၂၇၄၂. ၆၈၀ | | | |
| ၂ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **ရှင်း** | **၆၀၆၀. ၃၃၁** | | | **၁၂၂၉. ၈၄၅** | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) | | ၃၉၄၉. ၀၄၅ | | | ၆၂၆. ၂၂၂ | | | |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၁၃၂. ၂၅၄ | | | ၈၅. ၅၀၀ | | | |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၆၁၀. ၅၇၆ | | | ၁၀၉. ၈၀၀ | | | |
| | ၄ | သမဝါယမဦးစီးဌာန | | ၁၂၆၇. ၁၈၇ | | | ၁၀၀. ၉၄၇ | | | |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၀၁. ၂၆၉ | | | ၃၀၇. ၃၇၆ | | | |
| ၃ | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **ရှင်း** | **၃၃၄၃. ၄၅၈** | | | **၃၄၅. ၉၆၀** | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၁၈၆၀. ၇၇၈ | | | ၇၉. ၃၀၀ | | | |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | ၁၄၈၂. ၆၈၀ | | | ၂၆၆. ၆၅၀ | | | |
| ၄ | | **ကျန်းမာရေးနှင့် အားကစား** | **ရှင်း** | **၆၂၅. ၁၅၅** | | | **၂၆၂. ၀၀၀** | | | |
| | | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၆၂၅. ၁၅၅ | | | ၂၆၂. ၀၀၀ | | | |
| ၅ | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **ရှင်း** | **၈၉၆. ၈၇၇** | | | **၁၇၀. ၅၀၀** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၈၁၆. ၂၁၃ | | | ၁၅၀. ၀၀၀ | | | |
| | ၂ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၈၀. ၆၆၄ | | | ၂၀. ၅၀၀ | | | |
| ၆ | | **ဆောက်လုပ်ရေး** | **ရှင်း** | **၃၀၁၁၀. ၉၄၅** | | | **၅၈၅၁၅. ၄၂၀** | | | |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၈၄. ၀၇၀ | | | ၂၁၅၂. ၈၀၀ | | | |
| | ၂ | အဆောက်အဦ၊ လမ်းနှင့် တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းဦးစီးဌာန | | ၂၉၉၂၆. ၈၇၅ | | | ၅၆၃၆၂. ၆၂၀ | | | |
| ၇ | | **စည်ပင်သာယာရေးအဖွဲ့များ** | **ရှင်း** | **၅၁၀၇. ၃၈၅** | | | **၃၁၂၈. ၀၈၉** | | | |
| | | **ပေါင်း** | | **၅၈၃၁၂. ၇၀၉** | | | **၆၆၈၃၁. ၄၀၉** | | | |

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| **၁** | | **လျှပ်စစ်နှင့် စွမ်းအင်** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | **၂. ၆၉၀** | | | | | | |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | ၂. ၆၉၀ | | | | | | |
| | | **ပေါင်း** | | | | **၂. ၆၉၀** | | | | | | |

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| **၁** | | **လျှပ်စစ်နှင့် စွမ်းအင်** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | | **၄၀၅၈.၃၄၃** | | | |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | | ၄၀၅၈.၃၄၃ | | | |
| | | **ပေါင်း** | | | | | **၄၀၅၈.၃၄၃** | | | |

# မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၆ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅။)**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (င) ၏နောက်၌ **ပုဒ်မခွဲ (စ)** အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"(စ) ကော်မရှင်ဆိုသည်မှာ မကွေးတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကပိုင်လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းပေးသော ရွေးချယ်ရေးကော်မရှင်ကို ဆိုသည်။"**

(ခ) ပုဒ်မခွဲ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ) တို့ကို **ပုဒ်မခွဲ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)** တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(ဃ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှ ကောက်ခံရရှိသော ငွေများထဲမှ သတ်မှတ်ရန်ပုံငွေကို တိုင်းဒေသကြီးဘဏ္ဍာငွေသို့ ပေးသွင်း၍ တိုင်းဒေသကြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ အသုံးပြုရန်၊"**

၄။ မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၄။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးအဖွဲ့နှင့် ကော်မတီ၊ ကော်မရှင်တို့ကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း ပြုနိုင်သည်။"**

၅။ မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေ ပုဒ်မ ၅ တွင်ပါရှိသော **"တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးအဖွဲ့ကို"** ဆိုသည့်စကားရပ်၏ရှေ့တွင် **"အစိုးရအဖွဲ့သည်"** ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၆။ မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၆။ အစိုးရအဖွဲ့သည် ရွေးချယ်ရေးကော်မရှင်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -**

**(က) ဥက္ကဋ္ဌ (၁) ဦး**

**(ခ) အဖွဲ့ဝင် (၅) ဦး**

**(ဂ) အတွင်းရေးမှူး (၁) ဦး"**

၇။ မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၇။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကော်မတီကို ကော်မရှင်၏ ကြီးကြပ်မှုဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -**

**(က) ယာဉ်ပိုင်ရှင်များက နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။**

**(ခ) ကော်မတီဝင်အနည်းဆုံး (၃) ဦး မှ အများဆုံး (၉) ဦးအထိ ဖွဲ့စည်းရမည်။**

**(ဂ) ပုဒ်မခွဲ (က) အရ ရွေးချယ်ခံရသူများက ၎င်းတို့အထဲမှ ကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ကို ရွေးချယ်ရမည်။"**

၈။ မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(က) ကော်မတီ၏သက်တမ်းမှာ အစိုးရအဖွဲ့၏သက်တမ်းနှင့်အညီဖြစ်သည်။"**

၉။ မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဈ) တွင်ပါရှိသော "ခရီးသည်များ" ဆိုသည့် စကားရပ်၏နောက်တွင် **"ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ"** ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၁၀။ မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဌ)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၂၈ တို့တွင်ပါရှိသော **"မှတ်တမ်းတင်"** ဆိုသည့်စကားရပ်ကို **"မှတ်ပုံတင်"** ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၁။ မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(ဂ) ရန်ပုံငွေသုံးစွဲမှုကို အစိုးရအဖွဲ့က တာဝန်ပေးသူ၏စစ်ဆေးခြင်းကို ခံယူရမည်။"**

၁၂။ မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေ ပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၁၆။ ကော်မတီအဆင့်ဆင့်သည် ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများ၊ ကော်မတီရုံးဝန်ထမ်းများ၏ သက်သာချောင်ချိရေးလုပ်ငန်းများနှင့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သတ်မှတ်ချက်များနှင့်အညီ ငွေကြေးသုံးစွဲနိုင်သည်။"**

၁၃။ မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(က) ကော်မတီအဆင့်ဆင့်သည် ဘဏ္ဍာရေးအခြေအနေများကို သတ်မှတ်ချက်များနှင့်အညီ လစဉ် စစ်ဆေးခံရမည်။"**

**"(ဂ) အစိုးရအဖွဲ့သည် အထူးကိစ္စရပ်များအတွက် ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းဆိုင်ရာစာရင်း ဇယားများကို စစ်ဆေးနိုင်သည်။"**

၁၄။ မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေ ပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၂၂။ ကော်မတီအဆင့်ဆင့်မှ ရန်ပုံငွေထိန်းသိမ်းရန် တာဝန်ပေးခြင်းခံရသူသည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -**

**(က) ကော်မတီက သတ်မှတ်ထားသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစုထိန်းသိမ်း ထားရှိရမည်။**

**( ခ ) ပုဒ်မခွဲ (က) အရ ပြုစုထိန်းသိမ်းထားသည့် စာရင်းများကို သက်ဆိုင်ရာကော်မတီ၏ စစ်ဆေးခြင်းကို ခံယူရမည်။**

**( ဂ ) ပုဒ်မခွဲ (က) အရ ပြုစုထိန်းသိမ်းထားရှိသည့် စာရင်းများကို အစိုးရအဖွဲ့က တာဝန်ပေးအပ်သော စာရင်းစစ်အဖွဲ့၏ စစ်ဆေးခြင်းကို ခံယူရမည်။"**

၁၅။ မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေ ပုဒ်မ ၂၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၂၆။ (က) ကော်မတီသည် ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်အား လိုက်နာရန် ပျက်ကွက်သူအပေါ် ငွေဒဏ် အနည်းဆုံး (၅,၀၀၀ိ/-) မှ အများဆုံး (၁၀,၀၀၀ိ/-) အထိပေးဆောင်စေရန် ဒဏ်ရိုက် နိုင်သည်။ ဒဏ်ကြေးပေးသွင်းရန် ဆက်လက်ပျက်ကွက်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် (၂,၀၀၀ိ/-) ဒဏ်ကြေးပေးသွင်းစေရမည်။**

**( ခ ) ကော်မတီသည် ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်သူအပေါ် ငွေဒဏ် အနည်းဆုံး (၁၀,၀၀၀ိ/-) မှ အများဆုံး (၅၀,၀၀၀ိ/-) အထိ ပေးဆောင်စေရန် ဒဏ်ရိုက် နိုင်သည်။ ဒဏ်ကြေးပေးသွင်းရန် ဆက်လက်ပျက်ကွက်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် (၅,၀၀၀ိ/-) ဒဏ်ကြေးပေးသွင်းစေရမည်။"**

၁၆။ မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၂၈။ မည်သူမဆို ကော်မတီ၏ ကြီးကြပ်မှုအောက်ရှိ ယာဉ်လိုင်းတစ်ခုခုသို့ မှတ်ပုံတင်ခြင်းမရှိဘဲ ယာဉ်ပြေးဆွဲခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၆) လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာအောင်မိုးညို
ဝန်ကြီးချုပ်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

# မကွေးတိုင်းဒေသကြီး ဓာတ်မြေသြဇာစနစ်တကျသုံးစွဲရေးနှင့် သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေ

**(၂၀၁၇ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄။)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မကွေးတိုင်းဒေသကြီး ဓာတ်မြေသြဇာစနစ်တကျသုံးစွဲရေးနှင့် သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မကွေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြေသြဇာကော်မတီကို ဆိုသည်။

(စ) **မြေသြဇာ**ဆိုသည်မှာ သစ်သီးဝလံ၊ ပန်းမန်၊ သီးနှံနှင့်အပင်များ ရှင်သန်ကြီးထွားရေးအတွက် မြေဆီလွှာတွင် ဓာတုဆိုင်ရာပြောင်းလဲမှုဖြစ်စေရန် သို့မဟုတ် အခြားနည်းလမ်းတစ်ခုခုဖြင့် အာဟာရဓာတ်ရရှိစေရန် ထောက်ပံ့ပေးနိုင်သော ပစ္စည်းပါဝင်သည့် ဓာတ်မြေသြဇာ၊ ဇီဝမြေသြဇာနှင့် သဘာဝမြေသြဇာတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် စိုက်ပျိုးသူတစ်ဦးဦးက မိမိ၏ ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းတွင် သုံးစွဲရန်ပြုလုပ်သည့် သဘာဝမြေသြဇာ မပါဝင်။

(ဆ) **ဓာတ်မြေသြဇာ**ဆိုသည်မှာ သဘာဝအရ ပြုလုပ်ဖွဲ့စည်းမှုမဟုတ်ဘဲ ဓာတုပစ္စည်းများဖြင့် တစ်နည်းနည်းပြုပြင်စီမံထားသည့် မြေသြဇာကို ဆိုသည်။ ယင်းစကားရပ်တွင် တွင်းထွက် သို့မဟုတ် စက်ရုံမှ ထုတ်လုပ်သည့်အော်ဂဲနစ်နှင့် အင်အော်ဂဲနစ် ဓာတ်မြေသြဇာတို့လည်း ပါဝင်သည်။

(ဇ) **သဘာဝမြေသြဇာ**ဆိုသည်မှာ အပင်များရှင်သန်ကြီးထွားစေရန်အတွက် အကျိုးပြုသက်ရှိများပါဝင်သော ဘိုကာရှီမျိုးဖြင့်ထုတ်လုပ်သည့် မြေသြဇာများ၊ သက်ရှိသတ္တဝါတို့၏ ရုပ်ကြွင်းများနှင့် စွန့်ပစ်ပစ္စည်းများ၊ အပင်တို့၏ ရိုးပြတ်အကြွင်းအကျန်များ ဘေးထွက်ပစ္စည်းများကိုလည်းကောင်း၊ ယင်းတို့ကို ဆွေးမြည့်စေပြီး ပြုပြင်စီမံ၍ရရှိသော ပစ္စည်းများကိုလည်းကောင်း ဆိုသည်။

(ဈ) **စံချိန်စံညွှန်း**ဆိုသည်မှာ သက်ဆိုင်ရာမြေသြဇာတွင်ပါဝင်ရမည့် အပင်အာဟာရဓာတ် သို့မဟုတ် အခြားလိုအပ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ မြေသြဇာကော်မတီက သတ်မှတ်ထားသော အနည်းဆုံးပါဝင်ရမည့် အချိုးအစားနှင့် အရည်အသွေးစံသတ်မှတ်ချက်ကို ဆိုသည်။

(ည) **အဆိပ်ရှိပစ္စည်း**ဆိုသည်မှာ သက်ရှိသတ္တဝါ သို့မဟုတ် အပင်ကို အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ဓာတုပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(ဋ) **အရည်အသွေးအာမခံချက်**ဆိုသည်မှာ မြေသြဇာထုတ်လုပ်သူက စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိကြောင်း အာမခံချက်ကိုလည်းကောင်း၊ ပြည်တွင်းသို့တင်သွင်းသူ သို့မဟုတ် ပြည်ပသို့တင်ပို့သူက ပြည်ပနှင့်ချုပ်ဆိုသည့် သဘောတူစာချုပ်ပါ စံချိန်စံညွှန်းနှင့် ကိုက်ညီကြောင်း အာခမံချက်ကို လည်းကောင်း ဆိုသည်။

(ဌ) **အမှတ်တံဆိပ်**ဆိုသည်မှာ မြေသြဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့်အမှတ်အသားကို ဆိုသည်။

(ဍ) **သဘာဝမြေသြဇာလုပ်ငန်း**ဆိုသည်မှာ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်း လုပ်ငန်းများကို ဆိုသည်။

(ဎ) **သိုလှောင်ခြင်း**ဆိုသည်မှာ မြေသြဇာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန်အလို့ငှာ သိုလှောင်ခြင်းကို ဆိုသည်။

(ဏ) **ဖြန့်ဖြူးရောင်းချခြင်း**ဆိုသည်မှာ လိုင်စင်လျှောက်ထားရယူရန်အလို့ငှာ မြေသြဇာကော်မတီက သတ်မှတ်သောအလေးချိန် ပမာဏအလေးချိန်ထက်ကျော်လွန်သည့် မြေသြဇာဖြန့်ဖြူးရောင်းချခြင်းကို ဆိုသည်။

(တ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်လုပ်သော ခွင့်ပြုချက်ကို ဆိုသည်။

(ထ) **လိုင်စင်**ဆိုသည်မှာ မြေသြဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။

(ဒ) **ဦးစီးမှူး**ဆိုသည်မှာ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ရသည့် စိုက်ပျိုးရေးဦးစီးဌာန၏ တာဝန်ခံကို ဆိုလိုသည်။

(ဓ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဝန်ကြီးက စစ်ဆေးရေးအဖွဲ့အဖြစ် ဤဥပဒေပုဒ်မ ၂၂ အရ တာဝန်ပေးအပ်ခြင်းခံရသည့်အဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီး၏ အခြေခံစီးပွားရေးဖြစ်သော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊

(ခ) ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေးနှင့် သဘာဝမြေသြဇာ ထုတ်လုပ်သုံးစွဲရေးလုပ်ငန်းများကို စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာကို စိုက်ပျိုးသူများသုံးစွဲနိုင်ရန်၊

(ဃ) ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာကို စနစ်တကျသုံးစွဲခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းကို အထောက်အကူပြုနိုင်ရန်၊

(င) ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာကို စိုက်ပျိုးသူများ စနစ်တကျသုံးစွဲနိုင်ရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်၊

(စ) သဘာဝမြေသြဇာများ ပိုမိုထုတ်လုပ်သုံးစွဲခြင်းဖြင့် ပြည်ပမှမြေသြဇာများ သုံးစွဲမှုလျှော့ချနိုင်ရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် -

(က) ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီးဦးစီးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကြီးအကဲများ၊ ကျွမ်းကျင်သူပညာရှင်များနှင့် ရောင်းချသုံးစွဲသူ အစုအဖွဲ့မှ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ကော်မတီကို ဖွဲ့စည်းရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သဘာဝမြေသြဇာနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) သဘာဝမြေသြဇာ၏ စံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊

(ဂ) ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းလိုင်စင်ရယူရန် လိုအပ်သည့် သဘာဝမြေဩဇာအလေးချိန်ပမာဏကို သတ်မှတ်ခြင်း၊

(ဃ) သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကိုသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ညစ်ညမ်းမှု ကင်းရှင်းစေရေး၊ လူနှင့်တိရစ္ဆာန်များကို အန္တရာယ်များမဖြစ်စေရေးတို့အတွက် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(င) မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးခြင်း၊

(ဆ) မှတ်ပုံတင်လက်မှတ် သက်တမ်းသတ်မှတ်ခြင်း၊

(ဇ) သဘာဝမြေဩဇာနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊

(ဈ) စိုက်ပျိုးသူများက ဓာတ်မြေဩဇာကို စနစ်တကျသုံးစွဲကြစေရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးနှင့် သဘာဝမြေဩဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးနှင့် စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်စေခြင်း၊

(ဋ) ဈေးကွက်အတွင်းရှိ မြေဩဇာကို နမူနာထုတ်ယူစစ်ဆေးစေခြင်း။

၆။ ကော်မတီသည် မိမိ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် -

(က) ကော်မတီ၏ အတွင်းရေးမှူးအား အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်စေလျက် သင့်လျော်သော ကျွမ်းကျင်ပညာရှင်များဖြင့် မြေဩဇာဆိုင်ရာ နည်းပညာအဖွဲ့ကိုဖွဲ့စည်းပြီး ယင်းအဖွဲ့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်၊

(ခ) သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လုပ်ငန်းဆိုင်ရာဆပ်ကော်မတီများကို ဖွဲ့စည်းပြီး ယင်းဆပ်ကော်မတီ၏ တာဝန်များကို သတ်မှတ်ရမည်။

## အခန်း (၅)
## မှတ်ပုံတင်လက်မှတ်

၇။ သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၈။ ကော်မတီသည် -

(က) ပုဒ်မ ၇ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီ မညီ မြေဩဇာဆိုင်ရာ နည်းပညာအဖွဲ့အား စစ်ဆေးတင်ပြစေရမည်၊

(ခ) ပုဒ်မခွဲ (က) အရ တင်ပြချက်ကို စိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြောင်းအကြောင်းဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၉။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) အရည်အသွေးအာမခံချက်၊ အမှတ်တံဆိပ်နှင့် စံချိန်စံညွှန်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်၊

(ဃ) သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့များက လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

၁၀။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုလျှင် မှတ်ပုံတင်လက်မှတ်သက်တမ်း တိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၁၁။ ကော်မတီသည် -

(က) ပုဒ်မ ၁၀ အရ လျှောက်ထားချက်ကိုစိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၂။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲ စမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း (၆)
## လိုင်စင်

၁၃။ (က) သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ သိုလှောင်ခြင်းလုပ်ငန်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကိုစိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထား သူအား လိုင်စင်ထုတ်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကျိုးအကြောင်းဖော်ပြချက် နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၄။ (က) ကော်မတီက သတ်မှတ်သော အလေးချိန်ပမာဏထက်ကျော်လွန်သည့် မြေသြဇာကို ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီထံလျှောက်ထားရမည်။

(ခ) ကော်မတီသည် ပုဒ်ခွဲ (က) အရ လျှောက်ထားချက်ကိုစိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထား သူအား လိုင်စင်ထုတ်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကျိုးအကြောင်းဖော်ပြချက် နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၅။ လိုင်စင်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့် ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) စစ်ဆေးရေးအဖွဲ့များက လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

၁၆။ သဘာဝမြေဩဇာထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်း လိုင်စင်ရရှိသူသည် မြေဩဇာထုပ်ပိုးထားသည့် သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းအပေါ်တွင် အောက်ပါအချက်များကို ဖော်ပြရမည် -

(က) တင်သွင်း၊ ထုတ်လုပ်သည့် မှတ်ပုံတင်လက်မှတ်အမှတ်၊

(ခ) အမှတ်တံဆိပ်၊

(ဂ) သဘာဝမြေဩဇာ၏ အသားတင်အလေးချိန်၊

(ဃ) အရည်အသွေးအာမခံချက်၊

(င) သဘာဝမြေဩဇာတွင်ပါဝင်သော အပင်အာဟာရဓာတ်ရာခိုင်နှုန်း၊

(စ) သဘာဝမြေဩဇာတွင်ပါဝင်သော ပေါင်းစပ်၊ ရောနှောသည့်ပစ္စည်းများ၏အမည်နှင့် အချိုးအစား၊

(ဆ) မြန်မာဘာသာဖြင့် ဖော်ပြထားသော သုံးစွဲရန်အညွှန်းစာနှင့် သတိပြုရန်အချက်များ၊

(ဇ) ထုတ်လုပ်သည့်ကုမ္ပဏီ၊ လုပ်ငန်းအသင်းအဖွဲ့အမည်၊ ထုတ်လုပ်ရာဒေသ၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ သိုလှောင်ထားရှိရမည့်နည်းစနစ်။

၁၇။ သဘာဝမြေဩဇာသိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင် ရရှိသူသည် ပုဒ်မ ၁၆ ပါ အချက်များ ဖော်ပြထားသော မြေဩဇာကိုသာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း ပြုရမည်။

၁၈။ ဝန်ကြီးသည် ထုတ်ပေးခွင့်ရှိသည့် လိုင်စင်များ၏သက်တမ်းကို သတ်မှတ်ရမည်။

၁၉။ (က) သဘာဝမြေဩဇာလုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၀။ (က) သဘာဝမြေဩဇာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လိုင်စင်ရရှိသူသည် လုပ်ငန်းကိုဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၁။ မြေဩဇာလုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခ တို့ကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာဦးစီးမှူးများမှတစ်ဆင့် စိုက်ပျိုးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း (၇)
## စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၂၂။ ဝန်ကြီးသည် သင့်လျော်သောပုဂ္ဂိုလ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၂၃။ စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အဖွဲ့အား တာဝန်ပေးအပ်သည့်နယ်မြေအတွင်း၌ မြေဩဇာလုပ်ငန်းကို စစ်ဆေးခြင်း၊

(ခ) ဓာတ်မြေဩဇာများတွင် မြန်မာဘာသာဖြင့်အညွှန်းစာ ပါ မပါနှင့် သတိပြုရန်အချက်များ ပါ မပါ စစ်ဆေးခြင်း၊

(ဂ) ဓာတ်မြေဩဇာများအား ပြန်လည်ထုပ်ပိုးရောင်းချထားမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) ဓာတ်မြေဩဇာစနစ်တကျသိုလှောင်ထားရှိမှု ရှိ မရှိ စစ်ဆေးခြင်း၊

(င) သဘာဝမြေဩဇာကို စံချိန်၊ စံညွှန်းနှင့် ညီ မညီ စစ်ဆေးရန် မြေဩဇာနမူနာကို ရယူခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ကော်မတီသို့တင်ပြခြင်း၊

(စ) မြေဩဇာကို စိုက်ပျိုးရေးလုပ်ငန်းတွင်သာ သုံးစွဲခြင်း ပြု မပြု စစ်ဆေးခြင်း၊

(ဆ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ကော်မတီသို့ တင်ပြခြင်း၊

(ဇ) ဝန်ကြီးနှင့် ကော်မတီက ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၄။ စီမံခန့်ခွဲရေးပြစ်ဒဏ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခွင့်ပြုထားသော သဘာဝမြေဩဇာလုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး သဘာဝမြေဩဇာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း။

၂၅။ ကော်မတီသည် ပုဒ်မ ၉ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော မှတ်ပုံတင်လက်မှတ်ရရှိသူအား ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

၂၆။ ကော်မတီသည် သဘာဝမြေဩဇာလုပ်ငန်းလိုင်စင်ရရှိသူအား ပုဒ်မ ၁၅၊ ၁၆၊ ၁၇ ပါ တာဝန် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်ကို ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း (၉)
## အယူခံခြင်း

၂၇။ (က) သဘာဝမြေဩဇာသိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်း၍ ကော်မတီက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီ အစိုးရအဖွဲ့ထံ အယူခံနိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ကော်မတီကချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၂၈။ (က) မှတ်ပုံတင်လက်မှတ်နှင့်စပ်လျဉ်း၍ ကော်မတီကချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီ အစိုးရအဖွဲ့ထံ အယူခံနိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ ကော်မတီက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၀)
## တားမြစ်ချက်များ

၂၉။ မည်သူမျှ မှတ်ပုံတင်ခြင်းမရှိဘဲ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း မပြုရ။

၃၀။ မည်သူမျှ လိုင်စင်မရှိဘဲ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၁။ မည်သူမျှ မြေသြဇာအတုကိုဖြစ်စေ၊ မူလစံချိန်စံညွှန်းဖြင့် ကိုက်ညီခြင်းမရှိသော သဘာဝမြေသြဇာကို ဖြစ်စေ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၂။ မည်သူမျှ မြန်မာဘာသာနှင့် ဖော်ပြထားသော သုံးစွဲရန်အညွှန်းစာနှင့် သတိပြုရန်အချက်များ မပါရှိသည့် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာကို ရောင်းချခြင်း မပြုရ။

၃၃။ မည်သူမျှ မြေသြဇာဓာတ်ခွဲခန်း၏ အရည်အသွေးစစ်ဆေးတွေ့ရှိချက် သက်သေခံလက်မှတ်မရရှိဘဲ ရောင်းချခြင်း မပြုရ။

၃၄။ မည်သူမျှ အဆိပ်ရှိပစ္စည်းများရောနှောပါဝင်သော သဘာဝမြေသြဇာကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၅။ မည်သူမျှ မြေသြဇာကို စိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားနည်းလမ်းဖြင့် သုံးစွဲခြင်း မပြုရ။

၃၆။ မည်သူမျှ ဓာတ်မြေသြဇာကို ပြန်လည်ထုပ်ပိုးခြင်း မပြုရ။

၃၇။ မည်သူမျှ သီးနှံစိုက်ခင်းများတွင် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန်နှင့် သတ္တဝါများအပေါ် ကျန်းမာရေးမထိခိုက်စေရန် သတ်မှတ်ထားသော စံချိန်စံညွှန်းများထက် ပိုမိုသုံးစွဲခြင်း မပြုရ။

## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၈။ မည်သူမဆို ပုဒ်မ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် တစ်ဆယ်သိန်း အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

၃၉။ မည်သူမဆို ပုဒ်မ ၃၆၊ ၃၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ငါးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

၄၀။ တရားရုံးသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသော မြေသြဇာကို စီမံခန့်ခွဲရန် စိုက်ပျိုးရေးဦးစီး ဌာနသို့ လွှဲပြောင်းပေးရမည်။

၄၁။ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနသည် တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသော မြေသြဇာကို ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် စီမံခန့်ခွဲနိုင်သည်။

## အခန်း (၁၂)
## အထွေထွေ

၄၂။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် သဘာဝမြေသြဇာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေသူသည် ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း လိုအပ်သောမှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရယူရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၃။ ကော်မတီသည် မှတ်ပုံတင်ခ၊ လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်ရမည်။

၄၄။ ကော်မတီသည် မြေသြဇာလုပ်ငန်းတစ်ခုခုအတွက် မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း၊ လိုင်စင်လျှောက်ထားခြင်း၊ အခကြေးငွေပေးဆောင်ခြင်းတို့နှင့်စပ်လျဉ်း၍ အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုအား ကင်းလွတ်ခွင့်ပြုနိုင်သည်။

၄၅။ ကော်မတီသည် ဤဥပဒေအရ ရရန်ရှိသော ဒဏ်ကြေးနှင့် အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ ထိုဒဏ်ကြေးနှင့် အခကြေးငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရန် စိုက်ပျိုးရေးဦးစီးဌာနသို့ တာဝန်ပေးအပ်ရမည်။

၄၆။ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် မိမိလက်ဝယ်တွင်ရှိသော မြေသြဇာနှင့်စပ်လျဉ်း၍ ကော်မတီ သို့မဟုတ် စိုက်ပျိုးရေးဦးစီးဌာနက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၄၇။ ကော်မတီသည် မြေသြဇာကို ပြည်တွင်းသို့တင်သွင်းရန်ဖြစ်စေ၊ ပြည်ပသို့တင်ပို့ရန်ဖြစ်စေ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ထောက်ခံချက်ပေးနိုင်သည်။

၄၈။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုများတွင် သဘာဝမြေသြဇာနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာန၏ ဓာတ်ခွဲခန်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာသည် ယင်းပြစ်မှုအတွက် သက်သေခံချက် ဖြစ်စေရမည်။

၄၉။ ဤဥပဒေပုဒ်မ ၃၈ နှင့် ၃၉ အရ တရားစွဲဆိုသောပြစ်မှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသောပြစ်မှုအဖြစ် သတ်မှတ်သည်။

၅၀။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြားစာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၅၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာအောင်မိုးညို
ဝန်ကြီးချုပ်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

# မကွေးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဥပဒေ
# (၂၀၁၇ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅။)

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

## နိဒါန်း

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မကွေးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မကွေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးရေးကို တာဝန်ယူဆောင်ရွက်ရသော ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးရေးကို တာဝန်ယူဆောင်ရွက်ရသော ဝန်ကြီးဌာန၏ ဝန်ကြီးကို ဆိုသည်။

(င) **ဦးစီးဌာန**ဆိုသည်မှာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးရေးကို တာဝန်ယူဆောင်ရွက်ရသော မကွေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(စ) **တိုင်းဒေသကြီးဦးစီးမှူး**ဆိုသည်မှာ မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အကြီးအကဲကို ဆိုသည်။

(ဆ) **အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း**ဆိုသည်မှာ မိသားစုဝင်များဖြင့်သော်လည်းကောင်း၊ အလုပ်သမားငှားရမ်းအသုံးပြု၍သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ ကုန်ပစ္စည်းထုတ်လုပ်သော သို့မဟုတ် ပြုပြင်မွမ်းမံသော မြင်းကောင်ရေ၀.၅ ကောင်အားနှင့်အောက်အသုံးပြု၍ အလုပ်သမားကိုးဦးထက်မပိုသော အိမ်တွင်းစက်မှုလုပ်ငန်းများနှင့် အလုပ်သမားအရေအတွက် ကန့်သတ်ခြင်းမရှိသော အိမ်တွင်းလက်မှုလုပ်ငန်းများကို ဆိုသည်။

(ဇ) **အား**ဆိုသည်မှာ လျှပ်စစ်ဓာတ်အား၊ စက်ကိရိယာဖြင့် ဖြစ်ပေါ်စေသည့်အား သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖြစ်ပေါ်စေသည့်အားကို ဆိုသည်။

(ဈ) **လုပ်ငန်းရှင်**ဆိုသည်မှာ ဤဥပဒေအရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ရန် မှတ်ပုံတင်ခွင့်ရရှိထားသူကို ဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းရှင်၏ အမွေစားအမွေခံ၊ တရားဝင်ကိုယ်စားလှယ်နှင့် တရားဝင်ဆက်ခံသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများလည်း ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စွမ်းဆောင်ရည်မြင့်မားစေသော ခေတ်မီနည်းပညာများအသုံးပြု၍ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) မြန်မာ့ရိုးရာလက်မှုအနုပညာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ တိမ်ကောပပျောက်မှုမရှိစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) ဒေသထွက်သယံဇာတပစ္စည်းများကို အဓိကကုန်ကြမ်းအဖြစ် အသုံးပြု၍ စက်မှုလက်မှုကုန်ချော ပစ္စည်းများ ထုတ်လုပ်နိုင်စေရန်၊

(ဃ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို စနစ်တကျထိန်းသိမ်းကြီးကြပ်နိုင်ရန်၊

(င) လုပ်ငန်းရှင်များအား လိုအပ်သောနည်းပညာနှင့် အခြားကူညီပံ့ပိုးမှုများပေးနိုင်ရန်၊

(စ) ဘေးဥပဒ်ကင်းရှင်းပြီး စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ကုန်ပစ္စည်းများကို စားသုံးသူများ ယုံကြည် စိတ်ချစွာ သုံးစွဲခွင့်ရရှိစေရန်၊

(ဆ) ဘေးထွက်ပစ္စည်းနှင့် စွန့်ပစ်ပစ္စည်းများကို ကုန်ကြမ်းများအဖြစ်အသုံးပြု၍ စက်မှုလက်မှု ကုန်ချောများ ထုတ်လုပ်နိုင်စေရန်၊

(ဇ) ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဈ) ပြည်တွင်းပြည်ပဈေးကွက်များတွင် စံချိန်စံညွှန်းမီအဆင့်မြင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ် ရောင်းချနိုင်စေရန်၊

(ည) ကျေးရွာတစ်ရွာလျှင် အနည်းဆုံး ထုတ်ကုန်လုပ်ငန်းတစ်ခု ထုတ်လုပ်နိုင်စေရန်။

## အခန်း (၃)
## လုပ်ငန်းမှတ်ပုံတင်ခြင်း

၄။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ဦးစီးဌာနသို့ လုပ်ငန်းမှတ်ပုံတင်လျှောက်ထားရမည်။

၅။ ဦးစီးဌာနသည် ပုဒ်မ ၄ အရ လျှောက်ထားလာခြင်းကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက စည်းကမ်းချက်များဖော်ပြပါရှိသည့် လုပ်ငန်းမှတ်ပုံတင်ကို ရက် ၃၀ အတွင်း ထုတ်ပေးရမည်။ လုပ်ငန်း မှတ်ပုံတင်သက်တမ်းကာလကို နှစ်နှစ် သတ်မှတ်ရမည်။

၆။ လုပ်ငန်းရှင်သည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းမှတ်ပုံတင် သက်တမ်းတိုးရန် မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထား ရမည်။ ဦးစီးဌာနသည် လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးကာလကို နှစ်နှစ် သတ်မှတ်ပေးရမည်။

၇။ ဦးစီးဌာနသည် လုပ်ငန်းမှတ်ပုံတင်လျှောက်ထားရာတွင်ဖြစ်စေ၊ လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုး လျှောက်ထားရာတွင်ဖြစ်စေ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ဦးစီးဌာနသည် အကျိုးအကြောင်းဖော်ပြ၍ လျှောက်ထားခြင်းကို ငြင်းပယ်နိုင်သည်။

၈။ ဦးစီးဌာနသည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း၏ လုပ်ငန်းမှတ်ပုံတင်ကြေးကို တစ်သောင်းကျပ်၊ လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးကြေးကို ရှစ်ထောင်ကျပ် သတ်မှတ်ကောက်ခံရမည်။

၉။ ဦးစီးဌာနသည် သက်တမ်းကုန်ဆုံးပြီး ခြောက်လအတွင်း လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုး လျှောက်ထားသည့် လုပ်ငန်းရှင်အား လုပ်ငန်းမှတ်ပုံတင်ကြေး၏ သုံးဆကို ဒဏ်ကြေးအဖြစ် ပေးသွင်းစေပြီး လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးပေးနိုင်သည်။

## အခန်း (၄)
## လုပ်ငန်းရှင်၏ တာဝန်နှင့် အခွင့်အရေးများ

၁၀။ လုပ်ငန်းရှင်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေအရ သတ်မှတ်သည့်လုပ်ငန်းမှတ်ပုံတင်ကြေး၊ လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးကြေး၊ ဒဏ်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသည့် အခွန်အခများကို ပေးဆောင်ခြင်း၊

(ခ) ဦးစီးဌာန၏ လုပ်ငန်းဆိုင်ရာ ကြီးကြပ်မှုနှင့် စစ်ဆေးမှုကို ခံယူခြင်း၊

(ဂ) ထုတ်ကုန်ပစ္စည်းများကို မှတ်ပုံတင်ထားသည့် အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် အညီ ထုတ်လုပ်ခြင်း၊

(ဃ) လုပ်ငန်းလွှဲပြောင်းခြင်းနှင့် လုပ်ငန်းတည်နေရာပြောင်းလဲခြင်းရှိပါက ဦးစီးဌာနသို့ တင်ပြခြင်း၊

(င) သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် စီမံခြင်း၊

(စ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ထုတ်ပြန်သည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းဆိုင်ရာ စည်းကမ်းများ၊ ညွှန်ကြားချက်များကို လိုက်နာခြင်း။

၁၁။ လုပ်ငန်းရှင်၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းပြည်ပမှ ကူညီပံ့ပိုးသော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဆိုင်ရာ နည်းပညာနှင့် ထောက်ပံ့မှုများကို ခံစားခြင်း၊

(ခ) မိမိထုတ်လုပ်သောကုန်ပစ္စည်းများကို ပြည်ပဈေးကွက်သို့ တည်ဆဲဥပဒေများနှင့်အညီ တင်ပို့ရောင်းချနိုင်ခွင့်ရှိခြင်း၊

(ဂ) လိုအပ်သောစက်ပစ္စည်းကိရိယာများ၊ ကုန်ကြမ်းပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှ ဝယ်ယူတင်သွင်းခြင်းကို တိုင်းဒေသကြီးဦးစီးမှူးမှတစ်ဆင့် ဝန်ကြီးသို့ တင်ပြခြင်း၊

(ဃ) ပြည်တွင်းပြည်ပရှိ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို လေ့လာခြင်း၊ ဆွေးနွေးပွဲများနှင့် သင်တန်းများတက်ရောက်ခြင်း၊

(င) ဝန်ကြီးဌာန၏ ကူညီစီစဉ်ပေးမှုဖြင့် ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီရယူခြင်း၊

(စ) ချေးငွေများ၊ အထောက်အပံ့များနှင့် နည်းပညာများရယူခြင်း၊

(ဆ) မိမိထုတ်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ မူပိုင်ခွင့်ဥပဒေနှင့်အညီ ရပိုင်ခွင့်ရှိခြင်း၊

(ဇ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဆိုင်ရာ အငြင်းပွားမှုများကို ဦးစီးဌာနသို့ တင်ပြခြင်း၊

(ဈ) အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် လျှောက်ထားခြင်း၊

(ည) လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းရှင်အစုအဖွဲ့များ၊ အသင်းအဖွဲ့များဖွဲ့စည်းခြင်း၊

(ဋ) ဦးစီးဌာန၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများက အခါအားလျော်စွာ သတ်မှတ်ပေးသော အခြား အခွင့်အရေးများကို ခံစားခြင်း။

## အခန်း (၅)
## တိုင်းဒေသကြီးဦးစီးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ တိုင်းဒေသကြီးဦးစီးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များအောင်မြင်စေရန်၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင် စေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအား ပြည်တွင်းပြည်ပမှ ကူညီသောနည်းပညာ၊ ငွေကြေး အရင်းအနှီးများနှင့် အခြားအထောက်အပံ့များရရှိစေရန် ကူညီခြင်း၊

(ဂ) နှီးနှောဖလှယ်ပွဲ၊ ဆွေးနွေးပွဲ၊ ပြပွဲပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဃ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းရှင်က အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်လျှောက်ထားလာပါက ဝန်ကြီးထံ စိစစ်တင်ပြခြင်း၊

(စ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှ ထွက်ရှိသော ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီစေရေးနှင့် စံချိန်စံညွှန်းကိုက်ညီစေရေး ကြီးကြပ်ခြင်း၊

(ဆ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းအစုအဖွဲ့များ၊ အသင်းအဖွဲ့များ ဖွဲ့စည်းပေးခြင်းနှင့် အစုအဖွဲ့များ၊ အသင်းအဖွဲ့များကို ကူညီခြင်း၊

(ဇ) လုပ်ငန်းရှင်များအကြား လုပ်ငန်းဆိုင်ရာ အငြင်းပွားမှုများကို ဦးစီးဌာနသို့ တင်ပြလာပါက ညှိနှိုင်းပေးခြင်း၊ လိုအပ်ပါက ဝန်ကြီးထံ စိစစ်တင်ပြခြင်း၊

(ဈ) အောင်မြင်စွာဆောင်ရွက်နိုင်သော လုပ်ငန်းရှင်များနှင့် စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီသော ထုတ်ကုန်ပစ္စည်းများ၏ စာရင်းကို အစိုးရအဖွဲ့ထံ တင်ပြခြင်း၊

(ည) အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူရန် လိုအပ်သောကိစ္စရပ်များကို ဝန်ကြီးမှတစ်ဆင့် တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဋ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ထုတ်ကုန်ပစ္စည်းများအတွက် ဈေးကွက်ရရှိရန် ကူညီခြင်း။

၁၃။ တိုင်းဒေသကြီးဦးစီးမှူးသည် ပုဒ်မ ၁၁ ပါ လုပ်ငန်းရှင်၏ အခွင့်အရေးများရရှိနိုင်ရန် ကူညီပေးရမည်။

၁၄။ တိုင်းဒေသကြီးဦးစီးမှူးသည် လုပ်ငန်းရှင်က အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်နိုင်ရန် ချေးငွေရရှိရေးအတွက် တင်ပြလာပါက ဝန်ကြီးထံ စိစစ်တင်ပြရမည်။

၁၅။ တိုင်းဒေသကြီးဦးစီးမှူးသည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများစာရင်းကို ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၆။ တိုင်းဒေသကြီးဦးစီးမှူးသည် သဘာဝဘေးအန္တရာယ်ကြောင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ပျက်စီးဆုံးရှုံးသည့် ကိစ္စရပ်များတွင် လုပ်ငန်းရှင်များ အခွန်သက်သာခွင့်နှင့် ထောက်ပံ့ကူညီမှုများရရှိစေရန် ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၇။ တိုင်းဒေသကြီးဦးစီးမှူးသည် မိမိ၏လုပ်ပိုင်ခွင့်ကို ဦးစီးဌာနမှ အရာထမ်းတစ်ဦးဦးအား လွှဲအပ်နိုင်သည်။

၁၈။ တိုင်းဒေသကြီးဦးစီးမှူးသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်လိုအပ်ပါက ဝန်ကြီးထံ တင်ပြရမည်။

## အခန်း (၆)
## ဝန်ကြီး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၉။ ဝန်ကြီးသည် -

(က) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအစီအမံများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်နှင့် ကြီးကြပ်နိုင်ရန် လိုအပ်သည့် အဖွဲ့များကို ဖွဲ့စည်းခြင်း၊ အကြံပေးပုဂ္ဂိုလ်ခန့်ထားခြင်းပြုနိုင်သည်။ ထိုသို့ ဖွဲ့စည်းခြင်း၊ ခန့်ထားခြင်းပြုပါက ယင်းအဖွဲ့နှင့် အကြံပေးပုဂ္ဂိုလ်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(ဂ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောနည်းပညာအကူအညီ ရရှိရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။

(ဃ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအတွက် လိုအပ်သော ကူညီထောက်ပံ့မှုများရရှိရန် အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအဆင့် အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်သည်။

(င) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ထုတ်ကုန်ပစ္စည်းများ ရောင်းချနိုင်ရေးနှင့် ဈေးကွက်ရရှိရေးအတွက် နည်းလမ်းရှာ၍ ကူညီဆောင်ရွက်ပေးရမည်။

(စ) သဘာဝဘေးအန္တရာယ်ကြောင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ပျက်စီးဆုံးရှုံးမှုများတွင် လုပ်ငန်းရှင်များအခွန်သက်သာခွင့်နှင့် ကူညီထောက်ပံ့မှုများရရှိစေရန် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးရမည်။

၂၀။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (င) အရ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်စိစစ်တင်ပြလာပါက ဝန်ကြီးသည် မိမိ၏ သဘောထားမှတ်ချက်ဖြင့် အစိုးရအဖွဲ့သို့ တင်ပြ၍ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ပေးရမည်။

၂၁။ ဝန်ကြီးသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဇ) အရ တင်ပြလာသော အငြင်းပွားမှုများကို စုံစမ်းစစ်ဆေး၍ အဆုံးအဖြတ်ပေးရမည်။

၂၂။ ပုဒ်မ ၂၁ အရ ဝန်ကြီးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၇)
## လုပ်ငန်းမှတ်ပုံတင် ပျက်ပြယ်ခြင်း

၂၃။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင် ပျက်ပြယ်သည် -

(က) လုပ်ငန်းမှတ်ပုံတင်သက်တမ်းကုန်ဆုံးခြင်း သို့မဟုတ် လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးမှု မရှိခြင်း၊

(ခ) လုပ်ငန်းရှင်က မှတ်ပုံတင်ပယ်ဖျက်ပေးရန် လျှောက်ထားသည်ကို ခွင့်ပြုခြင်း၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းမှတ်ပုံတင်ပယ်ဖျက်ခံရခြင်း သို့မဟုတ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ပယ်ဖျက်ခံရခြင်း၊

(ဃ) ထုတ်ကုန်ပစ္စည်းများ သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းနှင့်ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း။

## အခန်း (၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံဝင်ခြင်း

၂၄။ တိုင်းဒေသကြီးဦးစီးမှူးသည် ပုဒ်မ ၁၀ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သော လုပ်ငန်းရှင်အား အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ကျပ်ငါးသောင်းထက်မပိုသော ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) လုပ်ငန်းမှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း။

၂၅။ ကာလအကန့်အသတ်ဖြင့် လုပ်ငန်းမှတ်ပုံတင်ရပ်ဆိုင်းခံရသူသည် ကန့်သတ်သည့်ကာလကုန်ဆုံးသောအခါ လုပ်ငန်းမှတ်ပုံတင်ပြန်လည်ထုတ်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၂၆။ ပုဒ်မ ၂၄ အရ တိုင်းဒေသကြီးဦးစီးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၂၇။ ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၈။ ပုဒ်မ ၂၇ အရ ဝန်ကြီးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။ အစိုးရအဖွဲ့သည် ဝန်ကြီးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၉)
## တားမြစ်ချက်များ

၂၉။ မည်သူမျှ လုပ်ငန်းမှတ်ပုံတင်မရှိဘဲ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

## အခန်း (၁၀)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၀။ မည်သူမဆို ပုဒ်မ ၂၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၃၁။ မည်သူမဆို ပုဒ်မ ၂၄ အရ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လိုက်နာရန်ပျက်ကွက်ပါက ထိုသူအား ကျပ် တစ်သိန်းထက်မပိုသောငွေဒဏ် ချမှတ်ရမည်။

၃၂။ မည်သူမဆို ပုဒ်မ ၃၀ သို့မဟုတ် ၃၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ဆက်လက်ဖောက်ဖျက်ကျူးလွန်သည့်နေ့ရက်အသီးသီးအတွက် ထိုသူအား တစ်ရက်လျှင် ငွေဒဏ်ကျပ်နှစ်ထောင် ချမှတ်ရမည်။

## အခန်း (၁၁)
## အထွေထွေ

၃၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) တိုင်းဒေသကြီးဦးစီးမှူးသည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာအောင်မိုးညို
ဝန်ကြီးချုပ်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
## (၂၀၁၇ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၆။)

၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

### အခန်း (၂)
### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့်စပ်လျဉ်း၍ ဇယား (၁)၊ (၂) နှင့် (၃) တို့တွင် ခွင့်ပြုထားသောသုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၇ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၇ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာအောင်မိုးညို
ဝန်ကြီးချုပ်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂,၂၅၈. ၆၁၅ | | | ၁၂,၅၉၇. ၅၅၂ | | | | | ၁၄,၈၅၆. ၁၆၇ |
| ၂ | ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၅. ၅၈၂ | | | | | | | | ၁၅. ၅၈၂ |
| ၃ | ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၁၀. ၇၈၁ | | | ၃. ၇၀၀ | | | | | ၁၄. ၄၈၁ |
| | | ပေါင်း | | ၂,၂၈၄. ၉၇၈ | | | ၁၂,၆၀၁. ၂၅၂ | | | | | ၁၄,၈၈၆. ၂၃၀ |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၈၁. ၆၈၇** | | | **၁၀၉. ၂၅၀** | | | | | **၁၉၀. ၉၃၇** |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | | ၁၀၉. ၂၅၀ | | | | | ၁၀၉. ၂၅၀ |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၀. ၅၆၄ | | | | | | | | ၂၀. ၅၆၄ |
| | | ၃ | မီးသတ်ဦးစီးဌာန | | ၆၁. ၁၂၃ | | | | | | | | ၆၁. ၁၂၃ |
| ၂ | ၂ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | ၎င်း | **၂၉. ၂၇၅** | | | | | | | | **၂၉. ၂၇၅** |
| | | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၃. ၂၇၇ | | | | | | | | ၃. ၂၇၇ |
| | | ၄ | သမဝါယမဦးစီးဌာန | | ၂၅. ၉၉၈ | | | | | | | | ၂၅. ၉၉၈ |
| ၃ | ၃ | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | | | | **၇. ၆၃၀** | | | | | **၇. ၆၃၀** |
| | | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | | ၇. ၆၃၀ | | | | | ၇. ၆၃၀ |
| ၄ | ၄ | | **ကျန်းမာရေးနှင့် အားကစား** | ၎င်း | | | | **၂၂. ၀၀၀** | | | | | **၂၂. ၀၀၀** |
| | | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | | ၂၂. ၀၀၀ | | | | | ၂၂. ၀၀၀ |
| ၅ | ၅ | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | ၎င်း | | | | **၁၂. ၄၄၀** | | | | | **၁၂. ၄၄၀** |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | | ၁၂. ၄၄၀ | | | | | ၁၂. ၄၄၀ |
| ၆ | ၆ | | **ဆောက်လုပ်ရေး** | ၎င်း | | | | **၁,၀၃၈. ၉၀၄** | | | | | **၁,၀၃၈. ၉၀၄** |
| | | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | | ၂. ၀၀၀ | | | | | ၂. ၀၀၀ |
| | | ၂ | လမ်းဦးစီးဌာန | | | | | ၁,၀၃၆. ၉၀၄ | | | | | ၁,၀၃၆. ၉၀၄ |
| ၇ | ၇ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | **၂၄၉. ၂၁၇** | | | **၁,၈၆၀. ၇၀၈** | | | | | **၂,၁၀၉. ၉၂၅** |
| | | | | ပေါင်း | ၃၆၀. ၁၇၉ | | | ၃,၀၅၀. ၉၃၂ | | | | | ၃,၄၁၁. ၁၁၁ |

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | | **လျှပ်စစ်နှင့် စွမ်းအင်** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၀. ၉၀၀** | | | **၂,၃၈၄. ၃၃၀** | | | | | **၂,၃၈၅. ၂၃၀** |
| | | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | ၀. ၉၀၀ | | | ၂,၃၈၄. ၃၃၀ | | | | | ၂,၃၈၅. ၂၃၀ |
| | | | **ပေါင်း** | | **၀. ၉၀၀** | | | **၂,၃၈၄. ၃၃၀** | | | | | **၂,၃၈၅. ၂၃၀** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**ရုံးတွင်းအမိန့်အမှတ် (၃/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်စွဲပါ စာအမှတ်၊ ၁၀၅၈/ရအဖ-၂/ ၃၅၇/၂၀၁၈/တမ-၂ နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉)၊ ဆုံးဖြတ်ချက်အပိုဒ် (၄၆) အရ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ စာရင်းကိုင် -၂ (၂) ဦးအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့် ရာထူးသို့ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ဌာနအသီးသီးတွင် တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | ရာထူး | တာဝန်ကျဌာန |
|---|---|---|---|
| ၁။ | ဒေါ်နှင်းပွင့်သူ | ဦးစီးအရာရှိ | တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး |
| ၂။ | ဒေါ်နွဲ့နွဲ့ရီ | ဦးစီးအရာရှိ | တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး |

(ပုံ) ဖြိုးမင်းသိန်း
ဝန်ကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)

**၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ကို
ထုတ်ပြန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော **၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၀ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

တင်မောင်ထွန်း
လွှတ်တော်ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

# ၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေကို ပြင်ဆင်သည့်ဥပဒေ
# (၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၈။)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေပုဒ်မ ၁၀၊ နောက်ဆက်တွဲ (ခ) ယစ်မျိုးခွန်နှုန်းထားများဇယားတွင် -

(က) လိုင်စင်အမှတ် FL 24 နှင့် FL 2C ကြားတွင် "FL 25 ဂုဏ်သတ္တိပျက်အရက်ပြန် ရောင်းချခွင့်လိုင်စင် ၃၀၀၀၀၀ ကျပ်" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ၂၀၁၈ ဘဏ္ဍာနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေပုဒ်မ ၁၀၊ နောက်ဆက်တွဲ (ခ) ယစ်မျိုးခွန်နှုန်းထားဇယားတွင် ပါရှိသော လိုင်စင်အမှတ် CFL2A နောက်တွင် နိုင်ငံခြားအရက်လက်ကားရောင်းချခွင့်လိုင်စင် အမျိုးအစားအလိုက် လိုင်စင်ရနေရာမှအပ အခြားနေရာများတွင် နိုင်ငံခြားအရက် သိုလှောင်ခွင့်နှုန်းထားများ ကောက်ခံရန် အောက်ပါဇယားကို ဖြည့်စွက်ရမည်-

| **လိုင်စင် အမျိုးအစား** | **လိုင်စင်အကြောင်းအရာဖော်ပြချက်** | **သိုလှောင်ခွင့် ၁၀% ကောက်ခံရန် (ကျပ်)** |
|---|---|---|
| FL-6 | ပြည်တွင်းရှိ အရက်ချက်စက်ရုံမှ ထုတ်လုပ်သော နိုင်ငံခြား အရက်ပြင်း (Foreign Spirit) ကို လက်ကားရောင်းချခွင့်လိုင်စင် | ၂၅၀၀၀၀ |
| FL-8 | မြန်မာပြည်တွင်းရှိ ဗျစ်ရည်စက်ရုံ (Brewery) မှ ထုတ်လုပ်သော ဗျစ်ရည်များကို လက်ကားရောင်းချခွင့်လိုင်စင် | ၁၀၀၀၀၀၀ |
| D-1A | နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ထုတ်လုပ်ရန်၊ ပေါင်းစပ်ရန်၊ ရောနှောရန်၊ အရောင်ဆိုးရန်၊ အနံ့ထည့်ရန်နှင့် ပုလင်းသွတ်ရန်၊ အရက်ချက်စက်ရုံ ပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်နှင့် လိုင်စင်ရ ရောင်းချသူများကိုသာ လက်ကားရောင်းချခွင့်လိုင်စင် | ၅၀၀၀၀၀ |
| FL-11 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို လက်ကား ရောင်းချခွင့်လိုင်စင် | ၃၀၀၀၀၀ |
| FL-12 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ကုန်စုံဆိုင်တွင် လက်လီလက်ကား ရောင်းချခွင့်ရှိပြီး ဥပစာအတွင်း သောက်သုံးခွင့်မရှိသည့်လိုင်စင် | ၁၅၀၀၀၀ |

မှတ်ချက် ။ အထက်ပါယစ်မျိုးခွန်နှုန်းထားများသည် ရန်ကုန်တိုင်းဒေသကြီးယစ်မျိုးခွန်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ်-၄) ဖြင့် အတည်ပြုခဲ့ပြီးဖြစ်ပါသည်။

၄။ ၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေပုဒ်မ ၁၆၊ နောက်ဆက်တွဲ (ဃ) ပါ အင်းအိုင်ခွန်နှုန်းထားများနှင့်စပ်လျဉ်း၍ ငါးမျှားချိတ်နှင့် ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်ခနှုန်းထားများဇယားတွင် -

(က) အမှတ်စဉ် ၃ (က) တွင် ပါရှိသော မျှောပိုက်အမျိုးမျိုး (လွှာချင်းရေချို) အတောင်တစ်ရာအထိ "၂၅၀ ကျပ်" ဆိုသည့်စကားရပ်ကို "၁၀၀၀ ကျပ်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း နောက်ထပ်အတောင် ၂၀၀ ပိုတိုင်း "၂၅၀ ကျပ်" ဆိုသည့်စကားရပ်ကို "၁၀၀၀ ကျပ်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊

(ခ) အမှတ်စဉ် ၄ တွင် ပါရှိသော တန်းပိုက်အမျိုးမျိုး (ရေချို) အတောင် ၁၀၀ အထိ "၂၅၀ ကျပ်" ဆိုသည့်စကားရပ်ကို "၁၀၀၀ ကျပ်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ နောက်ထပ်အတောင် ၂၀၀ ပိုတိုင်း "၂၅၀ ကျပ်" ဆိုသည့်စကားရပ်ကို "၁၀၀၀ ကျပ်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊

(ဂ) အမှတ်စဉ် ၉ တွင် ပါရှိသော ကျားပါးစပ် (ရေချို) ခေါင်းကြိုး ၂၀ တောင်အောက် "၁၀၀၀ ကျပ်" ဆိုသည့်စကားရပ်ကို "၃၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ၄၀ တောင်အောက် "၁၅၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၄၅၀၀ ကျပ်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ၅၀ တောင်အောက် "၂၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၇၅၀၀ ကျပ်" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ၅၀ တောင်အထက် "၂၅၀၀ ကျပ်" ဆိုသည့်စကားရပ်ကို "၁၀၀၀၀ ကျပ်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊

(ဃ) အမှတ်စဉ် ၁၄ တွင် ပါရှိသော ဆွဲပိုက်ကလေးတစ်ခုလျှင် "၂၅၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၀၀၀ ကျပ်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊

(င) အမှတ်စဉ် ၁၅ တွင် ပါရှိသော ကုလားပိုက် အတောင် ၁၀၀ အထိ "၂၅၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ နောက်ထပ် အတောင် ၂၀၀ ပိုတိုင်း "၂၅၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(စ) အမှတ်စဉ် ၁၆ တွင် ပါရှိသော ပိုက်ခြေတို အတောင် ၁၀၀ အထိ "၂၅၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၀၀၀ ကျပ်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ နောက်ထပ် အတောင် ၂၀၀ ပိုတိုင်း "၂၅၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ဆ) အမှတ်စဉ် ၁၇ တွင် ပါရှိသော ပိုက်ဝမ်းပူ အတောင် ၁၀၀ အထိ "၂၅၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၀၀၀ ကျပ်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ နောက်ထပ် အတောင် ၂၀၀ ပိုတိုင်း "၂၅၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ဇ) အမှတ်စဉ် ၁၈ (က) တွင် ပါရှိသော ယင်းဘဝန်း လှေတစ်စီးလျှင် "၃၅၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၅၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ လှေမပါဝန်း "၃၅၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၅၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ဈ) အမှတ်စဉ် ၁၈ (ခ) တွင် ပါရှိသော ပိုက်ဘဝန်း အတောင် ၂၀၀ အထိ "၆၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၃၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ နောက်ထပ် အတောင် ၂၀၀ ပိုတိုင်း "၆၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၃၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၅။ ၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေပုဒ်မ ၁၈ (က)၊ နောက်ဆက်တွဲ (စ) ပါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အခွန်အခနှုန်းထားများဇယား အမှတ်စဉ် ၅၁ (ခ) တွင် အာမခံစပေါ်ငွေ (ရွာသာကြီး၊ ရွာမ၊ လှိုင်သာယာ၊ ရွှေပြည်သာ)၊ (၂) သိုး-ဆိတ် "၁၀၀၀၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၂၅၀၀၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ (၃) ဝက် (ရွာသာကြီး) "၁၀၀၀၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၂၅၀၀၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ (၄) ဝက် (ရွာမ) "၁၀၀၀၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၂၅၀၀၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၆။ ၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေပုဒ်မ ၁၈ (က)၊ နောက်ဆက်တွဲ (စ) ပါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အခွန်အခနှုန်းထားများဇယား၊ အမှတ်စဉ် ၂၂ တွင် "(ဆ) ၂၀ စ/ပေ အောက် LED ဆိုင်းဘုတ် (၁ စ/ပေ) အတွက် ၁၀၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၇။ ၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေပုဒ်မ ၁၈ (က)၊ နောက်ဆက်တွဲ (စ) ပါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အခွန်အခနှုန်းထားများဇယား၊ အမှတ်စဉ် ၃၃ ဝန်ဆောင်ခတွင် အမည်ပြောင်းဝန်ဆောင်ခ (၁ ကြိမ်ဆောင်ရွက်ခ) "(က) ဂရန်မြေ (ဒဂုံမြောက်) ၁ စ/ပေလျှင် ၁၀၀ ကျပ်" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ "(ဂ) ငါးပိ/ငါးခြောက် (စီမံကိန်းမြေ) (စီမံကိန်းကာလ) ၁ စ/ပေလျှင် ၁၀ ကျပ်" ဆိုသည့် စကားရပ်ကိုလည်းကောင်းနှင့် "(ဃ) ပါမစ်မြေ (ဒဂုံ-ဇရာ၊ အောင်မင်္ဂလာ ၁ စ/ပေလျှင်) ၁၀၀ ကျပ်" ဆိုသည့် စကားရပ်တို့ကိုလည်းကောင်း ပယ်ဖျက်ရမည်။

၈။ ၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေပုဒ်မ ၁၈ (က)၊ နောက်ဆက်တွဲ (စ) ပါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အခွန်အခနှုန်းထားများဇယားတွင် -

(က) အမှတ်စဉ် ၇၁ တွင် ပါရှိသော အခွန်အမျိုးအစားစာတိုင်တွင် On Call စနစ်ဖြင့် အမှိုက်သယ်ယူခတွင် "(ဃ) ၂၄၀ လီတာဆံ့ အမှိုက်ပုံးတစ်ပုံးလျှင် ၁၀၀၀ ကျပ်၊ (င) ၆၆၀ လီတာဆံ့ အမှိုက်ပုံးတစ်ပုံးလျှင် ၂၅၀၀ ကျပ်၊ (စ) သတ်မှတ်အမှိုက်လှည်း (၁) စီး ၂၅၀၀ ကျပ်နှင့် (ဆ) အမှိုက်တစ်တန်လျှင် ၁၄၀၀၀ ကျပ်" စကားရပ်ဖြင့်လည်းကောင်း၊ အမှတ်စဉ် ၇၁၊ အခွန်အမျိုးအစားစာတိုင်တွင် "စက်မှုဇုန်များမှ On Call စနစ်ဖြင့် အမှိုက်သယ်ယူခ" စကားရပ်ကိုလည်းကောင်း၊ စည်းကြပ်ကောက်ခံသည့် အခွန်နှုန်းထားစာတိုင်တွင် "(က) Compactor (၄) တန်ယာဉ် ၅၆၀၀၀ ကျပ်နှင့် (ခ) Ta Ta (Compactor) ကားကြီး (၈) တန်ယာဉ် ၁၁၂၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ခ) အမှတ်စဉ် ၇၃ တွင် ပါရှိသော အခွန်အမျိုးအစားစာတိုင်တွင် ရွေ့လျားသန့်စင်ခန်းငှားရမ်းခ၊ စည်းကြပ်ကောက်ခံသည့် အခွန်နှုန်းထားစာတိုင်တွင် "Mobile Toilet Truck ယာဉ်တစ်ရက်ငှားရမ်းခ ၁၅၀၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ဂ) အမှတ်စဉ် ၇၈ တွင် ပါရှိသော အအေးခန်းထိန်းသိမ်းခ၊ စည်းကြပ်ကောက်ခံသည့် အခွန်နှုန်းထားစာတိုင်တွင် အထွေထွေ "အလောင်းသယ်ယူခကို အအေးခန်းထိန်းသိမ်းခနှင့် တစ်ပေါင်းတည်းကောက်ခံပါသည်။ (က) ရေဝေး၊ ထိန်ပင်၊ ကျီစု၊ ကျူချောင် (မြို့တွင်း) ၂၅၀၀ ကျပ်၊ (ခ) ရေဝေး၊ ထိန်ပင်သုသာန်တွင် (မြို့ပြင်) ၅၀၀၀ ကျပ်နှင့် (ဂ) ကျီစုသုသာန်တွင် (မြို့ပြင်) ၄၀၀၀ ကျပ်" ဆိုသည့် စကားရပ်တို့ဖြင့်လည်းကောင်း၊ "ရေဝေးမှထိန်ပင်သို့၊ ထိန်ပင်မှရေဝေးသို့ပြောင်းလဲ၍ သဂြိုဟ်လိုပါက နယ်ကျော်ကြေးအဖြစ် ၁၀၀၀၀၀ ကျပ်ကို အအေးခန်းထိန်းသိမ်းခနှင့် တပေါင်းတည်းကောက်ခံပါသည်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ဃ) အမှတ်စဉ် ၇၉ တွင် ပါရှိသော အခွန်အမျိုးအစားစာတိုင်တွင် "စွန့်ပစ်ပစ္စည်းမီးရှို့ဖျက်ဆီးခ" စကားရပ်ဖြင့်လည်းကောင်း၊ စည်းကြပ်ကောက်ခံသည့် အခွန်နှုန်းထားစာတိုင်တွင် "အထွေထွေ"၊ "မြို့တော်နယ်နိမိတ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၏ ရက်လွန်ဆေးဝါးများ၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်း၊ အင်္ဂတေကျင်းများပြုလုပ်စွန့်ပစ်ခြင်း ပြုလုပ်ပါက (က) မီးရှို့ဖျက်ဆီးမှုအတွက် မီးရှို့ချိန်တစ်နာရီ ၁၀၀၀၀ ကျပ်၊ (ခ) တစ်နာရီထက်ကျော်လွန်သော (၁၅) မိနစ်တိုင်းအတွက် ၂၅၀၀ ကျပ်၊ (ဂ) အလုံပိတ် အင်္ဂတေကျင်းများတွင် စွန့်ပစ်ပါက ၁ စ/ပေလျှင် ၅၀၀၀ ကျပ်" ဆိုသည့် စကားရပ်တို့ဖြင့်လည်းကောင်း၊

(င) အမှတ်စဉ် ၉၀ တွင် ပါရှိသော ကျူးကျော်ကြေး၊ စည်းကြပ်ကောက်ခံသည့် အခွန်နှုန်းထားစာတိုင်တွင် စကြိုလမ်းမြေ "အလျား ၄' အထက် အပို ၁' လျှင် တစ်နှစ် ၉၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(စ) အမှတ်စဉ် ၉၁ တွင် ပါရှိသော မြေငှားခများ၊ စည်းကြပ်ကောက်ခံသည့် အခွန်နှုန်းထားစာတိုင်တွင် အမည်ပြောင်းခ "(Commercial Area) ၁ စ/ပေလျှင် တစ်လ ၁၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း ဖြည့်စွက်ရမည်။

၉။ ၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေပုဒ်မ ၁၈ (က)၊ နောက်ဆက်တွဲ (စ) ပါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အခွန်နှုန်းထားများဇယားတွင် -

(က) အမှတ်စဉ် (၉၄) တွင် ပါရှိသော အဆောက်အအုံ ဆောက်လုပ်ခြင်းဆိုင်ရာအခများ၊ စည်းကြပ်ကောက်ခံသည့် အခွန်နှုန်းထားစာတိုင်တွင် **ပုံစံစစ်ဆေးခ (ပြည်တွင်း/ပြည်ပ)**၊ တိုက် - မိသားစုနေအိမ် (၁) စတုရန်းပေ "၅၀ ကျပ်" ဆိုသည့် စကားရပ်ကို "၅၅ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ စီးပွားရေးသုံးအဆောက်အအုံ (၁) စတုရန်းပေ "၇၅ ကျပ်" ဆိုသည့် စကားရပ်ကို "၈၅ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အုတ်ညှပ် (၁) စတုရန်းပေ "၃၀ ကျပ်"

ဆိုသည့် စကားရပ်ကို "၃၅ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပျဉ်ထောင် (၁) စတုရန်းပေ "၂၀ ကျပ်" ဆိုသည့် စကားရပ်ကို "၂၅ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ခြံစည်းရိုးအလျား (၁) ပေ ၁၁၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၂၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အကြီးစားပြင်ဆင်ခွင့် (၁) စတုရန်းပေ "၅၀ ကျပ်" ဆိုသည့် စကားရပ်ကို "၅၅ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ခ) **အဆောက်အအုံ ဖျက်သိမ်းရန်စစ်ဆေးခ (ပြည်တွင်း/ပြည်ပ)၊** စည်းကြပ်ကောက်ခံသည့် အခွန်နှုန်းထားစာတိုင်တွင် တိုက် (၁) စတုရန်းပေ "၂၅ ကျပ်" ဆိုသည့် စကားရပ်ကို "၃၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အုတ်ညှပ် (၁) စတုရန်းပေ "၂၀ ကျပ်" ဆိုသည့် စကားရပ်ကို "၂၅ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပျဉ်ထောင် (၁) စတုရန်းပေ "၁၅ ကျပ်" ဆိုသည့် စကားရပ်ကို "၂၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ဂ) **အဆောက်အအုံကြိုတင်ဖျက်သိမ်းဒဏ်ကြေး (ပြည်တွင်း/ပြည်ပ)၊** စည်းကြပ်ကောက်ခံသည့် အခွန်နှုန်းထားစာတိုင်တွင် တိုက် (၁) စတုရန်းပေ "၆၀ ကျပ်" ဆိုသည့် စကားရပ်ကို "၆၅ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အုတ်ညှပ် (၁) စတုရန်းပေ "၅၀ ကျပ်" ဆိုသည့် စကားရပ်ကို "၅၅ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပျဉ်ထောင် (၁) စတုရန်းပေ "၃၀ ကျပ်" ဆိုသည့် စကားရပ်ကို "၃၅ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ဃ) **မိတ္တူမှန် ကူးယူခ၊** စည်းကြပ်ကောက်ခံသည့် အခွန်နှုန်းထားစာတိုင်တွင် ခွင့်ပြုမိန့် (၁) ရွက် "၂၄၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၃၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ခွင့်ပြုပုံစံ (၁) ရွက် "၁၂၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၅၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၀။ ၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေပုဒ်မ ၁၈ (က)၊ နောက်ဆက်တွဲ (စ) ပါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အမှတ်စဉ် ၉၄ တွင် ပါရှိသော စည်းကြပ်ကောက်ခံသည့် အခွန်နှုန်းထားစာတိုင်တွင် "နေ့စဉ်မှတ်တမ်း Log Book၊ အထပ်မြင့် ၁ အုပ် ၄၅၀၀ ကျပ်" စကားရပ်ဖြင့် လည်းကောင်း၊ "အထပ်နိမ့် ၁ အုပ် ၁၅၀၀ ကျပ်" စကားရပ်ဖြင့်လည်းကောင်း၊ "ကြိုတင်လူနေဒဏ်ကြေး Logo ကြေး ၁ စ/ပေလျှင် ၆၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း ဖြည့်စွက်ရမည်။

၁၁။ ၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေပုဒ်မ ၁၈ (က)၊ နောက်ဆက်တွဲ (စ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အမှတ်စဉ် ၁၁၂ တွင် ပါရှိသော စည်းကြပ်ကောက်ခံသည့် အခွန်နှုန်းထားစာတိုင်တွင် အထွေထွေဝင်ငွေ (ခွင့်ပြုချက်မဲ့ သစ်ပင်ခုတ်ကြေးအတွက် ဒဏ်ကြေး) တွင် (၁၀) ခြုံခုတ်ရှင်းလင်းခ တစ်ဧက/၄၃၅၆၀ စ/ပေ "၁၀၀၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၀၀၀၀၀ ကျပ် (အမှိုက်သယ်ယူခမပါ)" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ (၁၁) မြက်အပြောင်ရှင်းလင်းခ တစ်ဧက/ ၄၃၅၆၀ စ/ပေ "၁၅၀၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၅၀၀၀၀ ကျပ် (အမှိုက်သယ်ယူခမပါ)" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၂။ ၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေပုဒ်မ ၁၈ (က)၊ နောက်ဆက်တွဲ (စ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အမှတ်စဉ် ၁၁၂ တွင် ပါရှိသော စည်းကြပ်ကောက်ခံသည့် အခွန်နှုန်းထားစာတိုင်တွင် "ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ အငှားချထားသော ဆိုင်ခန်းများတွင် တပ်ဆင်ထားရှိသော ဆိုင်းဘုတ်ခွန်၊ (၁) စည်ပင်မြေကျူး (ဆိုင်းဘုတ်ခွန်နှုန်းထား + စည်ပင်မြေငှားရမ်းခ နှုန်းထားဖြင့် ခွင့်ပြုရန်) ၃၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ "(၂) စည်ပင်မြေစိုက်ဆိုင်းဘုတ် (၅၀ စ/ပေ အထက်) ၁၀၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ "(၃) စည်ပင်မြေစိုက်ဆိုင်းဘုတ် (၅၀ စ/ပေ အောက်) ၅၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ "(၄) LED ဆိုင်းဘုတ် (၂၀ စ/ပေ အထက်) ၂၅၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ "(၅) LED ဆိုင်းဘုတ်

(၂၀ စ/ပေ အောက်) ၁၀၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ "(၆) ခြံစည်းရိုးနံရံကပ်ဆိုင်းဘုတ် (၃၀၀ စ/ပေ အထက်) ၁၀၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ "(၇) ခြံစည်းရိုးနံရံကပ်ဆိုင်းဘုတ် (၃၀၀ စ/ပေ အောက်) ၅၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ "(၈) နံရံကပ်ဆိုင်းဘုတ် (၃၀၀ စ/ပေ အထက်) ၁၀၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ "(၉) နံရံကပ်ဆိုင်းဘုတ် (၃၀၀ စ/ပေ အောက်) ၅၀၀၀ ကျပ်" ဆိုသည့် စကားရပ်တို့ကိုလည်းကောင်း ဖြည့်စွက်ရမည်။

၁၃။ ၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေပုဒ်မ ၁၈ (ခ)၊ နောက်ဆက်တွဲ (ဆ) ပါ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ အခွန်ကောက်ခံမှုများဇယားတွင် -

(က) ကျောက်တန်းမြို့နယ်တွင် အမှတ်စဉ် ၂၊ ဆိုင်ကြီးခွန်စည်းကြပ်ကောက်ခံမှုနှင့်စပ်လျဉ်း၍ (က) အနိမ့်ဆုံးကောက်ခံမှုနှုန်း "၇၅၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၅၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ (ခ) အမြင့်ဆုံးကောက်ခံမှုနှုန်း "၁၂၅၀ ကျပ်" ဆိုသည့် စကားရပ်ကို "၂၅၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ခ) ခရမ်းမြို့နယ်တွင် အမှတ်စဉ် ၂၊ ဈေးဆိုင်ခန်းငှားရမ်းခကောက်ခံမှုနှင့်စပ်လျဉ်း၍ (က) အနိမ့်ဆုံးကောက်ခံမှုနှုန်း "၂၂၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၃၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ (ခ) အမြင့်ဆုံးကောက်ခံမှုနှုန်း "၄၅၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၆၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ဂ) တိုက်ကြီးမြို့နယ်တွင် အမှတ်စဉ် ၂၊ ဈေးဆိုင်ခန်းငှားရမ်းခကောက်ခံမှုနှင့်စပ်လျဉ်း၍ (က) အနိမ့်ဆုံးကောက်ခံမှုနှုန်း "၁၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၅၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ (ခ) အမြင့်ဆုံးကောက်ခံမှုနှုန်း "၂၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၄၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ဃ) တံတားမြို့နယ်တွင် အမှတ်စဉ် ၂၊ ဆိုင်ကြီးခွန်စည်းကြပ်ကောက်ခံမှုနှင့်စပ်လျဉ်း၍ (က) အနိမ့်ဆုံးကောက်ခံမှုနှုန်း "၃၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ (ခ) အမြင့်ဆုံးကောက်ခံမှုနှုန်း "၅၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(င) တွံ့တေးမြို့နယ်တွင် အမှတ်စဉ် ၂၊ ဈေးဆိုင်ခန်းငှားရမ်းခကောက်ခံမှုနှင့်စပ်လျဉ်း၍ (က) အနိမ့်ဆုံးကောက်ခံမှုနှုန်း "၈၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၅၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ (ခ) အမြင့်ဆုံးကောက်ခံမှုနှုန်း "၁၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၂၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(စ) ထန်းတပင်မြို့နယ်တွင် အမှတ်စဉ် ၂၊ ဈေးဆိုင်ခန်းငှားရမ်းခကောက်ခံမှုနှင့်စပ်လျဉ်း၍ (က) အနိမ့်ဆုံးကောက်ခံမှုနှုန်း "၄၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ (ခ) အမြင့်ဆုံးကောက်ခံမှုနှုန်း "၁၄၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၃၅၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ဆ) မှော်ဘီမြို့နယ်တွင် အမှတ်စဉ် ၂၊ ဈေးဆိုင်ခန်းငှားရမ်းခကောက်ခံမှုနှင့်စပ်လျဉ်း၍ (က) အနိမ့်ဆုံးကောက်ခံမှုနှုန်း "၁၅၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၂၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ (ခ) အမြင့်ဆုံးကောက်ခံမှုနှုန်း "၃၄၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၄၄၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ဇ) လှည်းကူးမြို့နယ်တွင် အမှတ်စဉ် ၂၊ ဆိုင်ကြီးခွန်စည်းကြပ်ကောက်ခံမှုနှင့်စပ်လျဉ်း၍ (က) အနိမ့်ဆုံးကောက်ခံမှုနှုန်း "၅၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၅၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ (ခ) အမြင့်ဆုံးကောက်ခံမှုနှုန်း "၃၀၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၄၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ဈ) သုံးခွမြို့နယ်တွင် အမှတ်စဉ် ၂၊ ဆိုင်ကြီးခွန်စည်းကြပ်ကောက်ခံမှုနှင့်စပ်လျဉ်း၍ (က) အနိမ့်ဆုံးကောက်ခံမှုနှုန်း "၁၁၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၆၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ (ခ) အမြင့်ဆုံးကောက်ခံမှုနှုန်း "၃၄၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၃၉၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ည) သန်လျင်မြို့နယ်တွင် အမှတ်စဉ် ၂၊ ဈေးဆိုင်ခန်းငှားရမ်းခကောက်ခံမှုနှင့်စပ်လျဉ်း၍ (က) အနိမ့်ဆုံးကောက်ခံမှုနှုန်း "၅၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၅၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ (ခ) အမြင့်ဆုံးကောက်ခံမှုနှုန်း "၆၈၀၀ ကျပ်" ဆိုသည့် စကားရပ်ကို "၁၀၀၀၀ ကျပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၄။ ၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေပုဒ်မ ၁၈ (ခ)၊ နောက်ဆက်တွဲ (ဆ) ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ အခွန်ကောက်ခံမှုများတွင် ကော့မှူးမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ခရမ်းမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ တံတားမြို့နယ်၊ တွံတေးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်၊ သုံးခွမြို့နယ်နှင့် သန်လျင်မြို့နယ်အသီးသီးတွင် "အိမ်သာကောက်၊ လူတစ်ဦး တစ်ကြိမ် ၁၀၀ ကျပ်နှင့် ဘိုထိုင် လူတစ်ဦး တစ်ကြိမ် ၂၀၀ ကျပ်" ဆိုသည့် စကားရပ်တို့ကို ဖြည့်စွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဖြိုးမင်းသိန်း
ဝန်ကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ဧရာဝတီတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ
## (၂၀၁၈ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၈။)

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဧရာဝတီတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဧရာဝတီတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်။

ပုဒ်မ ၄။ တိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေးနှင့်စပ်လျဉ်း၍ -

(က) ဤဥပဒေပါ နောက်ဆက်တွဲ (က) ဇယားပါအတိုင်း ကောက်ခံရမည်။ နောက်ဆက်တွဲ (က) ဇယား၏ အမှတ်စဉ် (၂၄) နောက်မှစ၍ ပူးတွဲပါအတိုင်း အမှတ်စဉ် (၂၅) မှ (၂၉) အထိ ဖြည့်စွက်ရမည်။ နောက်ဆက်တွဲ (က) နှင့် နောက်ဆက်တွဲ (ခ) တို့ကို နောက်ဆက်တွဲ (က) ဟု ဇယားတစ်ခုတည်း ပေါင်းစပ်သတ်မှတ်သည်။

(ခ) နိုင်ငံခြားအရက်လက်ကားရောင်းချခွင့်လိုင်စင်များဖြစ်သည့် FL-6, FL-8, D-1A, FL-11, FL -12 လိုင်စင်ရှိသူများအား လိုင်စင်ရနေရာမှအပ အခြားနေရာများတွင် သိုလှောင်ရန် သိုလှောင်ခွင့်နှုန်းထားများနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲ (ခ) ပါ ဇယားအတိုင်း ကောက်ခံရမည်။

၃။ နောက်ဆက်တွဲ (က) ဇယား၏ ခေါင်းစဉ်တွင် "တိုးမြှင့်" ဆိုသည့် စကားရပ်အား ပယ်ဖျက်ရမည်။ နောက်ဆက်တွဲ (က) ဇယား၊ "လက်ရှိကောက်ခံနေသည့်လိုင်စင်နှုန်းထား" ဆိုသည့် စတုတ္ထစာတိုင် တစ်ခုလုံးအား ပယ်ဖျက်ရမည်။ နောက်ဆက်တွဲ (က) ဇယား၏ ပဉ္စမစာတိုင်ရှိ "တိုးမြှင့်ကောက်ခံမည့် နှုန်းထား" ဆိုသည့်စကားရပ်အစား "လိုင်စင်အမျိုးအစားအလိုက် ကောက်ခံရန်နှုန်းထား" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) လှမိုးအောင်
ဝန်ကြီးချုပ်
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

**ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ယစ်မျိုးခွန်ကောက်ခံမည့်နှုန်းထား**

**နောက်ဆက်တွဲ (က)**

| စဉ် | လိုင်စင် အမျိုးအစား | လိုင်စင်အဓိပ္ပာယ် | လိုင်စင်အလိုက် ကောက်ခံမည့် နှုန်းထား |
|---|---|---|---|
| ၁ | CFL-1 | ဆိုင်ဥပစာအတွင်းသောက်သုံးရန် သို့တည်းမဟုတ် ဆိုင်ပြင်ပသို့ ယူဆောင်သွားရန် ထန်းရည်/ဓနိရည်ကိုလက်လီရောင်းချခွင့် လိုင်စင် (လေလံ) | ၂၀၀၀၀၀ |
| ၂ | CFL-2A | ထန်းရည်/ဓနိရည်မှအပ လျှော်စာရည်ကို စားသောက်ဆိုင် (သို့မဟုတ်) အပန်းဖြေခန်းရှိ ဘားခန်း၌ ဥပစာအတွင်း သောက်သုံးရန် လက်လီရောင်းချခွင့်လိုင်စင် (ပုံသေ) | ၅၀၀၀၀ |
| ၃ | CS-1 | ဆိုင်ဥပစာအတွင်းသောက်သုံးရန်ဖြစ်စေ သို့တည်းမဟုတ် ပြင်ပသို့ ထုတ်ယူသွားရန်ဖြစ်စေ မြန်မာနိုင်ငံအတွင်း အရက်ချက်စက်ရုံ တစ်ခုတစ်ခုတွင် ချက်လုပ်သောတောချက်အရက် (ခေါ်) ချက်အရက်ကိုလက်လီရောင်းချခွင့်လိုင်စင် (လေလံ) | ၁၅၀၀၀၀ |
| ၄ | CS-3 | မြန်မာနိုင်ငံတွင်းရှိ ပေါင်းဖိုတစ်ခုမှ အရက်များကို ဆိုင်ဥပစာ အတွင်းသောက်သုံးရန်နှင့် ပြင်ပသို့ယူဆောင်သွားရန် လက်လီ ရောင်းချခွင့်လိုင်စင် (လေလံ) | ၁၅၀၀၀၀ |
| ၅ | CS-2A | အရက်ချက်လိုင်စင်ရ ဖိုထွက်အရက်၊ စက်ရုံထွက်အရက် (အရက်ဖြူ) ကို စားသောက်ဆိုင် (သို့မဟုတ်) နားနေခန်း ဥပစာအတွင်းသောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် (ပုံသေ) | ၁၅၀၀၀၀ |
| ၆ | FL-6 | မြန်မာပြည်တွင်းရှိအရက်ချက်စက်ရုံမှထုတ်လုပ်သော နိုင်ငံခြား အရက်ပြင်း (Foreign Spirit) ကိုလက်ကားရောင်းချခွင့်လိုင်စင် (ပုံသေ) | ၁၅၀၀၀၀၀ |

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ယစ်မျိုးခွန်ကောက်ခံမည့်နှုန်းထား

**နောက်ဆက်တွဲ (က) အဆက်**

| စဉ် | လိုင်စင် အမျိုးအစား | လိုင်စင်အဓိပ္ပာယ် | လိုင်စင်အလိုက် ကောက်ခံမည့် နှုန်းထား |
|---|---|---|---|
| ၇ | FL-9 | မြန်မာပြည်တွင်းရှိဘီယာစက်ရုံမှထုတ်လုပ်သော ဘီယာများကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်းသောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် (ပုံသေ) | ၁၀၀၀၀၀၀ |
| ၈ | FL-11 | နိုင်ငံခြားအရက်များ (Foreign Spirit) လက်ကားရောင်းချခွင့် လိုင်စင် (ပုံသေ) | ၁၀၀၀၀၀၀ |
| ၉ | FL-12 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ကုန်စုံဆိုင်တွင် လက်လီ၊ လက်ကားရောင်းချခွင့်ရှိပြီး ဆိုင်ဥပစာအတွင်းသောက်သုံး ခွင့်မရှိသည့် လိုင်စင် (ပုံသေ) | ၆၀၀၀၀၀ |
| ၁၀ | FL-16 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ကလပ် ပိုင်ရှင်ကဆိုင်ဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် (ပုံသေ) | ၅၀၀၀၀၀ |
| ၁၁ | FL-17 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ်နှင့် နားနေခန်း၊ ဘူတာ၊ လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားစားသောက်တွဲနှင့် စားသောက်ဆိုင်ဥပစာတွင် သောက်သုံးရန် ဟိုတယ်ပိုင်ရှင် (သို့မဟုတ်) မန်နေဂျာက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် (ပုံသေ) | ၁၀၀၀၀၀၀ |
| ၁၂ | D-1 | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင် (ပုံသေ)<br>(တစ်နေ့ထုတ်လုပ်မှုအရ (+) ဂါလန် (၅၀-၅၀၀)<br>(+) ဂါလန် (၅၀၀-၁၀၀၀)<br>(+) ဂါလန် (၁၀၀၀) အထက်<br>သတ်မှတ်ပါသည်။ | <br>၁၅၀၀၀၀၀<br>၃၀၀၀၀၀၀<br>၄၅၀၀၀၀၀ |
| ၁၃ | D-1A | ပြည်တွင်းဖြစ်နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို ထုတ်လုပ်ရန်၊ ပေါင်းစပ်ရန်၊ ရောနှောရန်၊ အရောင်ဆိုးရန်၊ အနံ့ထည့်ရန်၊ ပုလင်း သွတ်ရန်၊ အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်လိုင်စင်ရ ရောင်းချသူများကိုသာ လက်ကားရောင်းချခွင့်လိုင်စင် (ပုံသေ) | ၂၀၀၀၀၀၀ |
| ၁၄ | W-1 | ဝိုင်အရက်များထုတ်လုပ်ခွင့်လိုင်စင် (ပုံသေ) | ၁၀၀၀၀၀ |
| ၁၅ | CS-2 | အရက်ချက်ရုံလက်ရှိထားရန်နှင့် ချက်လုပ်ရန်၊ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့တည်းမဟုတ် ပြင်ပသို့ ယူဆောင်သွားရန်အတွက် လက်လီရောင်းချခွင့်လိုင်စင် | လေလံ |
| ၁၆ | FL-4 | ပြင်ပမှတင်သွင်းလာသော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို ပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့် လိုင်စင် | ၅၀၀၀၀၀ |

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ယစ်မျိုးခွန်ကောက်ခံမည့်နှုန်းထား

**နောက်ဆက်တွဲ (က) အဆက်**

| စဉ် | လိုင်စင်အမျိုးအစား | လိုင်စင်အဓိပ္ပာယ် | လိုင်စင်အလိုက်ကောက်ခံမည့်နှုန်းထား |
|---|---|---|---|
| ၁၇ | FL-5 | နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို ပုလင်းသွတ်ခွင့် လိုင်စင် | ၅၀၀၀၀၀ |
| ၁၈ | FL-7 | မြန်မာနိုင်ငံအတွင်းထုတ်လုပ်သော နိုင်ငံခြားအရက်ကို ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ပြင်ပသို့ ယူဆောင်သွားရန် လက်လီရောင်းချခွင့်လိုင်စင် | ၁၀၀၀၀၀၀ |
| ၁၉ | FL-8 | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှထုတ်လုပ်သောဘီယာများကို လက်ကားရောင်းချခွင့်လိုင်စင် | ၅၀၀၀၀၀၀ |
| ၂၀ | FL-10 | ဘီယာကို ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့တည်းမဟုတ် ပြင်ပသို့ယူဆောင်သွားရန် လက်လီရောင်းချခွင့် လိုင်စင် | လေလံ |
| ၂၁ | FL-13 | ဆိုင်ဥပစာအတွင်း သောက်သုံးရန်သော်လည်းကောင်း၊ ဆိုင်ပြင်ပသို့ ထုတ်ယူသွားရန်လည်းကောင်း၊ နိုင်ငံခြားအရက်လက်လီရောင်းချခွင့် လိုင်စင် | ၁၀၀၀၀၀၀ |
| ၂၂ | FL-15 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းဥပစာအတွင်းတည်းခိုသူများနှင့် ခရီးသွားသူများသောက်သုံးရန် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းပိုင်ရှင် (သို့မဟုတ်) မန်နေဂျာအားဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၁၅၀၀၀၀၀ |
| ၂၃ | FL-21 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို သင်္ဘောဝန်ထမ်းများနှင့် ခရီးသည်များသင်္ဘောပေါ်တွင် သောက်သုံးရန် သင်္ဘောမာလိန်မှူး (သို့မဟုတ်) ဘဏ္ဍာစိုးက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၈၀၀၀၀၀ |
| ၂၄ | FL-23 | မူးယစ်စေတတ်သော ဆေးဝါးမဟုတ်သော အရက်ပြန်ရာခိုင်နှုန်း ၂၀ မှ ၄၅ ထိပါဝင်သည့် ဆေးဖက်ဝင်သောဝိုင်နှင့် အလားတူဖျော်ရည်များကို ဆေးဆရာ (သို့မဟုတ်) ကျန်းမာရေးဝန်ထမ်း (သို့မဟုတ်) ကုန်စုံဆိုင်ပိုင်ရှင်က ရောင်းချခွင့်လိုင်စင် | ၁၀၀၀၀ |
| ၂၅ | B-1 | ဗျစ်ရည်စက်ရုံ ပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင်<br>တစ်နေ့ထွက်ရှိဂါလန် (+) ဂါလန် (၅၀-၅၀၀)<br>(+) ဂါလန် (၅၀၀-၁၀၀၀)<br>(+) ဂါလန် (၁၀၀၀) အထက် | <br>၃၀၀၀၀၀၀<br>၅၀၀၀၀၀၀<br>၁၀၀၀၀၀၀၀ |
| ၂၆ | B-2 | ဗျစ်ရည်စက်ရုံပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့်လိုင်စင် | ၁၀၀၀၀၀၀ |

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ယစ်မျိုးခွန်ကောက်ခံမည့်နှုန်းထား

**နောက်ဆက်တွဲ (က) အဆုံး**

| စဉ် | လိုင်စင် အမျိုးအစား | လိုင်စင်အဓိပ္ပာယ် | လိုင်စင်အလိုက် ကောက်ခံမည့် နှုန်းထား |
|---|---|---|---|
| ၂၇ | D-2 | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့်လိုင်စင် | ၁၀၀၀၀၀၀ |
| ၂၈ | FL-15 (A) | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ် (သို့မဟုတ်) တည်းခိုခန်းဥပစာအတွင်း တည်းခိုသူများသာ သောက်သုံးရန် ဟိုတယ် (သို့မဟုတ်) တည်းခိုခန်းပိုင်ရှင် (သို့မဟုတ်) မန်နေဂျာကဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၁၀၀၀၀၀၀ |
| ၂၉ | FL-2D | အရက်ပါဝင်သည့်ဆေးဝါးများကို မြန်မာ့ဆေးဆရာများက ထုတ်လုပ်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့် ရောင်းချခွင့်လိုင်စင် | ၁၀၀၀၀ |

## နိုင်ငံခြားအရက်အပို သိုလှောင်ခွင့်နှင့်စပ်လျဉ်း၍ လိုင်စင်အမျိုးအစားအလိုက် ထပ်ဆောင်းကောက်ခံရန်နှုန်းထား

**နောက်ဆက်တွဲ (ခ)**

| စဉ် | လိုင်စင် အမျိုးအစား | လိုင်စင်အကြောင်းအရာ | သိုလှောင်ခွင့် နှုန်းထား၏ ၃၀% |
|---|---|---|---|
| ၁ | FL-6 (ပုံသေ) | မြန်မာပြည်တွင်းရှိ အရက်ချက်စက်ရုံများမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို လက်ကားရောင်းချခွင့် လိုင်စင် | ၄၅၀၀၀၀ |
| ၂ | FL-8 (ပုံသေ) | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှထုတ်လုပ်သော ဘီယာများကို လက်ကားရောင်းချခွင့်လိုင်စင် | ၁၅၀၀၀၀၀ |
| ၃ | D-1A (ပုံသေ) | ပြည်တွင်းဖြစ် နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို ထုတ်လုပ်ရန်၊ ပေါင်းစပ်ရန်၊ ရောနှောရန်၊ အရောင်ဆိုးရန်၊ အနံ့ထည့်ရန်၊ ပုလင်းသွတ်ရန်၊ အရက်ချက်စက်ရုံ ပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်လိုင်စင်ရရောင်းချသူများကိုသာ လက်ကားရောင်းချခွင့် လိုင်စင် | ၆၀၀၀၀၀ |
| ၄ | FL-11 (ပုံသေ) | နိုင်ငံခြားအရက်များ (Foreign Spirit) လက်ကားရောင်းချခွင့် လိုင်စင် | ၃၀၀၀၀၀ |
| ၅ | FL-12 (ပုံသေ) | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ကုန်စုံဆိုင်တွင် လက်လီ၊ လက်ကားရောင်းချခွင့်ရှိပြီး ဆိုင်ဥပစာအတွင်း သောက်သုံးခွင့်မရှိသည့်လိုင်စင် | ၁၈၀၀၀၀ |

## ချင်းပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## (ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ချင်းပြည်နယ်စည်ပင်သာယာရေးဥပဒေအခန်း (၁၆) တားမြစ်ချက်များ၊ ပုဒ်မ ၇၀၊ ပုဒ်မခွဲ (ခ) နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၇၀၊ (ဂ)။ မည်သူမျှ မြို့စည်ပင်ဧရိယာလမ်းများပေါ်တွင် စက်တပ်ယာဉ်များကို ၁ နာရီ မိုင် (၂၀) နှုန်း (၃၂ ကီလိုမီတာ) ထက်ပို၍ မောင်းနှင်ခြင်း မပြုရ။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၅၊ ပုဒ်မခွဲ (ခ)၊ (ဂ) တို့အရ ဤဥပဒေကို ထုတ်ပြန်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဆလိုင်းလျန်လွှယ်
ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးရအဖွဲ့

## ကချင်ပြည်နယ်ယစ်မျိုးခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## (၂၀၁၈ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၈။)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကချင်ပြည်နယ်ယစ်မျိုးခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ကချင်ပြည်နယ် ယစ်မျိုးခွန်ဥပဒေပုဒ်မ ၄ ၏နောက်တွင် ပုဒ်မ ၄-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"၄ - က။ လိုင်စင် FL-6၊ FL-8၊ D-1A၊ FL-11၊ FL-12 ရယူထားသူများအား လိုင်စင်ခွင့်ပြုနေရာမှ အပ အခြားနေရာများ၌ နိုင်ငံခြားအရက် သို့မဟုတ် ဘီယာသိုလှောင်ခွင့်နှုန်းထားအဖြစ် လိုင်စင်အမျိုးအစားအလိုက် သတ်မှတ်လိုင်စင်နှုန်းထားအပေါ် အခွန်၏ ၁၀ ရာခိုင်နှုန်း ထပ်ဆောင်း ကောက်ခံရမည်။"**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာခက်အောင်
ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ ｛ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁ ရက် ( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက် ) ｝ သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

**အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၄ ရက်)

နိုင်ငံတော်သမ္မတရုံး၊ သုတေသန၊ သတင်းပြန်ကြားရေးနှင့် တိုင်ကြားစာများဌာနကြီးတွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူးရာထူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) နေရာ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံးမှ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုထားသည့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးမှ လေ ၂၈၆၆ ဗိုလ်မှူးငွေးမြင့်ဇော် အား ၂၀၁၉ ခုနှစ်၊ မတ်လ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

ခင်လတ်၊
အမြဲတမ်းအတွင်းဝန်၊
နိုင်ငံတော်သမ္မတရုံး။

### ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၇ ရက်)

၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၉) ၏ သဘောတူညီချက်အရ ပြည်ထောင်စုလွှတ်တော်ရုံးမှ အောက်ပါဒုတိယဦးစီးမှူး ၄ ဦးအား ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ အလုပ်ဝတ္တရားများလက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** |
|---|---|
| (၁) | ဒေါ်မြတ်မိုးခိုင် |
| (၂) | ဦးနန်းမောင်မောင် |
| (၃) | ဒေါ်အင်ကြင်း |
| (၄) | ဒေါ်ကေမွန်ဝင်း |

## အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၉)

၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၁၉) ၏ သဘောတူညီချက်အရ ပြည်ထောင်စုလွှတ်တော်ရုံးမှ အောက်ပါဒုတိယဦးစီးမှူး ၃ ဦးအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

**စဉ်** **အမည်**

(၁) ဒေါ်ရွှေဇင်အိ

(၂) ဦးနန္ဒကျော်စွာလင်း

(၃) ဒေါ်ဝိုင်းသိမ့်သိမ့်မိုး

## အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၉)

၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၁၉) ၏ သဘောတူညီချက်အရ မွန်ပြည်နယ်လွှတ်တော်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဇင်မာသင်း အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံ ဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

အမှတ် ၁ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၌ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) ခွင့်ပြုချက်အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ စစ်ကိုင်းမှ အောက်ပါ အရာထမ်း (၇) ဦးတို့အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တစ်ဆင့်မြင့်ရာထူးနေရာများသို့ အစမ်းတိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ခန့်ထားမည့်ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| (၁) | ဒေါ်ခင်မျိုးဝင်း<br>တွဲဖက်ပါမောက္ခ<br>စိတ်ပညာဌာန<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) | ပါမောက္ခ<br>စိတ်ပညာဌာန<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) |
| (၂) | ဦးလန့်ခေါ်ခိုင်<br>လက်ထောက်ကထိက<br>ပထဝီဝင်ဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ကထိက<br>ပထဝီဝင်ဌာန<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) |
| (၃) | ဦးအွမ်မောင်း<br>လက်ထောက်ကထိက<br>ပထဝီဝင်ဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ကထိက<br>ပထဝီဝင်ဌာန<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) |

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ခန့်ထားမည့်ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| (၄) | ဦးစိုးမြင့်<br>လက်ထောက်ကထိက<br>ရူပဗေဒဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ကထိက<br>ရူပဗေဒဌာန<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) |
| (၅) | ဒေါ်မြင့်မြင့်ခိုင်<br>လက်ထောက်ကထိက<br>ကွန်ပျူတာသိပ္ပံဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ကထိက<br>ကွန်ပျူတာသိပ္ပံဌာန<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) |
| (၆) | ဦးဇော်ထွန်းတင်<br>လက်ထောက်ကထိက<br>လျှပ်စစ်စွမ်းအားဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ကထိက<br>လျှပ်စစ်စွမ်းအားဌာန<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) |
| (၇) | ဦးကျော်မင်းစိုး<br>လက်ထောက်ကထိက<br>စက်မှုအင်/ယာဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ကထိက<br>စက်မှုအင်/ယာဌာန<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) |

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

အမှတ် ၂ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ စစ်ကိုင်း၊ စက်မှုအင်ဂျင်နီယာဌာနမှ ပါမောက္ခ ဦးသက်ခိုင်ဦး အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

သိန်းဌေးဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၁၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ အင်းလျှက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - ၅၇၂ က/ကျွန်းတောတောင်ကွင်း၊ ဦးပိုင်အမှတ် (၄၀) ရှိ **မြေဧရိယာ (၁. ၀၅) ဧက** အား **အောင်ဇမ္ဗူတောရဓမ္မရိပ်သာကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၁၇/၂၀၁၉)

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့၊ အမှတ် (၇) ရပ်ကွက်၊ ကွင်းအမှတ်/အမည် - ၁၁၈၂-က/ဖောင်းမဲတောင်ကွင်း၊ ဦးပိုင်အမှတ် (၆၀/၂) ရှိ **မြေဧရိယာ (၀. ၇၉၀) ဧက** အား **ဇမ္ဗူမြိုင်သီလရှင် စာသင်တိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်/အမည်- ၁၅/၂-၃၊ အုတ်ကျင်းအနောက်၊ ဦးပိုင်အမှတ်-၄၁ မှ မြေဧရိယာ ၀. ၁၈၄ ဧက၊ ဦးပိုင်အမှတ်- ၄၄ မှ မြေဧရိယာ ၀. ၁၈၄ ဧက၊ **စုစုပေါင်းမြေဧရိယာ ၀. ၃၆၈ ဧက** အား **ခရစ်တော်၏တပည့်တော်များအသင်းတော်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၉/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ ကွင်းအမှတ်/အမည်- ၇၇၇/သောတာပန်မြောက်၊ ဦးပိုင်အမှတ် (၁၆) ရှိ **မြေဧရိယာ ၂. ၄၆ ဧက** အား **သီတဂူဝိပဿနာအကယ်ဒမီကျောင်းတိုက်** အဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၊ အကွက်အမှတ်/အမည်-၇၉/ စိန္တာလီအကွက်၊ ဦးပိုင်အမှတ် (၁၆^က)၊ အစိုးရမြေလွတ် (၈၂. ၂၀၃) ဧကအနက်မှ (၀. ၂၉၂) ဧကနှင့် အကွက်အမှတ်/အမည် (၈၁/မရမ်းချောင်အကွက်)၊ ဦးပိုင်အမှတ် (၂၁)၊ အစိုးရမြေလွတ် (၁. ၅၈၅) ဧကအနက်မှ (၀. ၁၀၆) ဧက၊ **စုစုပေါင်းမြေဧရိယာ (၀. ၃၉၈) ဧက** အား **လားရှိုးဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၁/၂၀၁၉)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာအုပ်စု၊ မြေတိုင်းရပ်ကွက်အမှတ် - (၅၅၂/က)၊ မြေကွက်အမှတ် (၁၇) ရှိ သာသနာ **မြေဧရိယာ (၀. ၉၂) ဧက** အား **ရဲအကြပ်အတတ်သင်ကျောင်း (လှော်ကား)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်ကျေးရွာမြေများနည်းဥပဒေ-၅၄ နှင့်အညီ သာသနာမြေအဖြစ်မှ ပယ်ဖျက်ခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၃ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ မီးရထားရပ်ကွက်၊ ကွင်းအမှတ်/အမည်- ၇၉၇/ရွာထောင်အရှေ့၊ မြေကွက်အမှတ် (၁၅၅၊ ၃၇၃)၊ **မြေဧရိယာ (၀. ၄၃) ဧက** အား **သီရိနန္ဒာကျောင်းတိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

အမှတ် ၁ ။ ။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ စက်မှု/လျှပ်စစ် (၁) ဌာနခွဲမှ ညွှန်ကြားရေးမှူး၊ ဦးခင်ဇော် (ခ) ဦးဘိုးခွေး (အဘ-ဦးထွမ်) [နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ၉/ညဥန (နိုင်) ၀၀၃၉၆၃] အား အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့ထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

အမှတ် ၂ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်စွဲပါ စာအမှတ် - ၁/၁၉၀ (က) (၄) (၄၃၃/၂၀၁၉) (လဆ) အရ ရန်ကုန်မြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ စီမံရေးရာဌာနခွဲ (စီမံ - ၂) မှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ရုံးအုပ် ဒေါ်ကြည်ကြည်မေ အား လက်ရှိရုံးတွင် အမှန်တကယ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (စီမံ) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ကျော်မြင့်လှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန။

## သစ်တောဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂၃၃/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

### ပုဂ္ဂလိကကျွန်းစိုက်ခင်းမြေဧရိယာ (၅၀၀) ဧကအား ပြန်လည်သိမ်းဆည်းခြင်းကိစ္စ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန၊ သစ်တောဦးစီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၁) အရ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ နဝရတ်ရိပ်သာ၊ အခန်း (၄)၊ အမှတ် (၉၉) နေ ဒေါ်ကြည်ကြည်ထွန်း [၁၂/မဘန (နိုင်) ၀၀၂၀၉၆] သို့ တည်ထောင်ခွင့်ပြုထားသော ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ တောင်မြန်အောင်တိုးချဲ့ကြိုးဝိုင်း၊ အကွက်အမှတ် (၄၀၊ ၄၁၊ ၄၂၊ ၄၃) အတွင်း **မြေဧရိယာဧက ၅၀၀** အား စီမံချက်ကာလကုန်ဆုံးသည်အထိ စိုက်ပျိုးနိုင်ခြင်းမရှိသည့်အတွက် ပုဂ္ဂလိကကျွန်းစိုက်ခင်း တည်ထောင် လုပ်ကိုင်ခွင့်ရသူက လိုက်နာရမည့် စည်းကမ်းချက်များနှင့် အခွင့်အရေးများပါ အပိုဒ် (၃) အရ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစ၍ ပြန်လည်သိမ်းဆည်းလိုက်သည်။

ဒေါက်တာညီညီကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
သစ်တောဦးစီးဌာန။

## မြန်မာ့စီးပွားရေးဘဏ်

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

အမှတ် ၁၂၈ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၂/၄-၁ (၅၄၀/၂၀၁၉) အရ မြန်မာ့စီးပွားရေးဘဏ်မှ အောက်ဖော်ပြပါ ကြီးကြပ်ရေးမှူးများအား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ထောက်မန်နေဂျာ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။ ၎င်းတို့သည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့မှစ၍ လက်ထောက် မန်နေဂျာရာထူး၏ ကနဦးလစာ (၂၇၅,၀၀၀/-) ကို ခံစားရန်ဖြစ်သည်။

(နေရာချထားရေးနှင့်ပတ်သက်၍ ရုံးအမိန့်စာ ထပ်မံထုတ်ပြန်မည်ဖြစ်ရာ အဆိုပါ ရုံးအမိန့်စာမရမီ လက်ရှိနေရာတွင်ပင် ယာယီဆက်လက်တာဝန်ထမ်းဆောင်ရန်ဖြစ်သည်)

ယဉ်ဇော်မျိုး၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့စီးပွားရေးဘဏ်။

| စဉ် | အမည် | | လက်ရှိတာဝန်ထမ်းဆောင်နေသည့်နေရာ |
|---|---|---|---|
| ၁ | ဒေါ်နီနီအောင် | (ID- 02248) | စလင်းမြို့နယ်ဘဏ်ခွဲ |
| ၂ | ဒေါ်မို့မို့အောင် | (ID - 02405) | ဘဏ်ခွဲ (၂) ရန်ကုန်မြို့ |
| ၃ | ဒေါ်သီသီမောင် | (ID - 04237) | နိုင်ငံ့ဝန်ထမ်းများဘဏ် (ရုံးချုပ်) ရန်ကုန်မြို့ |
| ၄ | ဒေါ်နန်းခင်ဌေး | (ID - 02585) | မူဆယ်ခရိုင်ဘဏ်ခွဲ |
| ၅ | ဒေါ်သန်းသန်းအေး | (ID - 02282) | ဂန့်ဂေါခရိုင်ဘဏ်ခွဲ |
| ၆ | ဒေါ်တင်တင်အေး | (ID - 10772) | ဇီးကုန်းမြို့နယ်ဘဏ်ခွဲ |
| ၇ | ဒေါ်အေးအေးမြင့် | (ID - 04287) | ဘဏ်ခွဲ (၆) ရန်ကုန်မြို့ |
| ၈ | ဒေါ်တိုးတိုးလွင် | (ID - 02115) | ဖြူးမြို့နယ်ဘဏ်ခွဲ |
| ၉ | ဒေါ်မီမီဝင်း | (ID - 01882) | သံဖြူဇရပ်မြို့နယ်ဘဏ်ခွဲ |

## ပြည်တွင်းအခွန်များဦးစီးဌာန

### အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်အမှတ် ၁/၂၀၁၉

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

### ဝယ်ယူစဉ်တွင်ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်ခုနှိမ်ခြင်းနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဝယ်ယူစဉ်တွင် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်ခုနှိမ်ခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းကို ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်းဖြစ်ပါသည်။

**သက်ဆိုင်သည့်အကြောင်းအရာ**

၂။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူ သို့မဟုတ် ပြည်ပသို့တင်ပို့ရောင်းချသူများက ဝယ်ယူစဉ်တွင်ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန် ခုနှိမ်ခွင့်နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနက မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုကြောင်း ရှင်းလင်း အသိပေးချက်ဖြစ်ပါသည်။

**အကျိုးသက်ရောက်သူများ**

၃။ ဤထုတ်ပြန်ချက်သည် အထူးကုန်စည်ကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချသူ သို့မဟုတ် ပြည်ပသို့ တင်ပို့ရောင်းချသူ အခွန်ထမ်းများအပေါ် အကျိုးသက်ရောက်ပါသည်။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၄။ အထူးကုန်စည်ခွန်ဥပဒေတွင် -

(က) ပုဒ်မ ၃၊ ပုဒ်မခွဲ (င) ၌ ထုတ်လုပ်သူဆိုသည်မှာ အထူးကုန်စည်များကို မိမိပိုင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွင်ဖြစ်စေ၊ အခြားသူအားအပ်နှံ၍ဖြစ်စေ ထုတ်လုပ်သူကို ဆိုလိုကြောင်း ပြဋ္ဌာန်းထားပါသည်။

(ခ) ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) ၌ တင်ပို့သူဆိုသည်မှာ အထူးကုန်စည်များကို ပြည်ပသို့တင်ပို့သူကို ဆိုလိုကြောင်း ပြဋ္ဌာန်းထားပါသည်။

(ဂ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) ၌ အထူးကုန်စည်ကို ထုတ်လုပ်သူ သို့မဟုတ် တင်ပို့သူသည် ကျသင့်အခွန်မှ အထူးကုန်စည်ထုတ်လုပ်မှုနှင့် တင်ပို့မှုအတွက် အသုံးပြုရန် အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်းသို့ ကိုယ်တိုင်တင်သွင်းစဉ်ကဖြစ်စေ၊ အခြားအထူးကုန်စည်ထုတ်လုပ်သူထံမှ ကိုယ်တိုင်ဝယ်ယူစဉ်က ဖြစ်စေ ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်ကို ခုနှိမ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

(ဃ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) ၌ အထူးကုန်စည်ထုတ်လုပ်မှု၊ တင်ပို့မှုများနှင့်စပ်လျဉ်း၍ အခွန် တစ်ကြိမ်တည်းသာ ကျသင့်စေရန် အခွန်ခုနှိမ်ပေးသွင်းခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ (ယင်းသို့ခုနှိမ်ရာတွင် အထူးကုန်စည်ခွန် နည်းဥပဒေများ နည်းဥပဒေ ၄၆ နှင့် ၄၇ တို့တွင် ပြဋ္ဌာန်းထားသည့် အခွန်ခုနှိမ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။)

**လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်**

၅။ အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူ သို့မဟုတ် ပြည်ပသို့ တင်ပို့ရောင်းချသူများသည် မိမိထုတ်လုပ်ရောင်းချမှု သို့မဟုတ် တင်ပို့ရောင်းချမှုအပေါ် ကျသင့်သည့် အထူးကုန်စည်ခွန်မှ ယင်းအထူး ကုန်စည်ထုတ်လုပ်ရောင်းချမှုလုပ်ငန်း သို့မဟုတ် ပြည်ပတင်ပို့ရောင်းချမှုလုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့် ပြည်တွင်းသို့ ကိုယ်တိုင်ဝယ်ယူတင်သွင်းသော အထူးကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်နှင့် ပြည်တွင်း၌ အထူးကုန်စည်ထုတ်လုပ်သူထံမှ ကိုယ်တိုင်ဝယ်ယူသော အထူးကုန်စည်များအတွက် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်တို့ကို ခုနှိမ်နိုင်ပါသည်။ ယင်းသို့ ခုနှိမ် နိုင်ရန်အတွက် သက်ဆိုင်ရာ အထူးကုန်စည်ထုတ်လုပ်ရောင်းချသူနှင့် တင်ပို့ရောင်းချသူတို့သည် အထူး ကုန်စည်ခွန်ဥပဒေအရ မှတ်ပုံတင်ပြီးသူများဖြစ်ရန်လိုအပ်ပြီး အထူးကုန်စည်ခွန်နည်းဥပဒေများ နည်းဥပဒေ ၄၆ နှင့် ၄၇ တို့တွင် ပြဋ္ဌာန်းထားသည့် အခွန်ခုနှိမ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက် ရမည်ဖြစ်ပါသည်။

၆။ လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်ကို ပိုမိုရှင်းလင်းစွာသိရှိနိုင်ရန် အောက်ပါအတိုင်း ဥပမာ ဖြစ်စဉ်များဖြင့် ရှင်းလင်းဖော်ပြပါသည် -

(က) **နမူနာ - ၁**

(၁) **ဖြစ်စဉ်။** ဦးဖြူသည် CC အမည်ရှိ စီးကရက် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင် ပါသည်။ ၎င်းသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ဆေးရွက်ကြီးစိုက်ပျိုးထုတ်လုပ်သူ ဦးနီထံမှ စီးကရက် ထုတ်လုပ်ရာတွင် အသုံးပြုရန်အတွက် ဆေးရွက်ကြီးများ ဝယ်ယူခဲ့ပါသည်။ ဦးဖြူနှင့် ဦးနီတို့သည် အထူးကုန်စည်ခွန်ဥပဒေအရ လုပ်ငန်းမှတ်ပုံတင်ထားပါသည်။ ဦးဖြူသည် အဆိုပါ ဆေးရွက်ကြီးဝယ်ယူသည့်တန်ဖိုး ၂၁,၀၀၀,၀၀၀/- နှင့်အတူ အထူး ကုန်စည်ခွန် ၁၂,၆၀၀,၀၀၀/- ကို ဦးနီသို့ ပေးချေခဲ့ရပါသည်။ ဦးဖြူသည် ဝယ်ယူခဲ့သော ဆေးရွက်ကြီးများအားလုံးကို ကုန်ကြမ်းအဖြစ်အသုံးပြု၍ CC စီးကရက် ထုတ်လုပ်ပြီး ၂၀၁၈ ခုနှစ် ဇွန်လအတွင်း အကုန်အစင်ရောင်းချနိုင်ခဲ့ရာ တစ်ဘူးလျှင် ၅၀၀/- နှုန်းဖြင့် စုစုပေါင်းရောင်းရငွေ ၆၂,၄၀၀,၀၀၀/- ရရှိခဲ့ပါသည်။ ယင်းသို့ CC စီးကရက် ထုတ်လုပ် ရောင်းချရမှုအပေါ်တွင် အထူးကုန်စည်ခွန် ၉,၉၈၄,၀၀၀/- ကျသင့်မည်ဖြစ်ပါသည်။

(၂) **လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ဦးဖြူသည် ၎င်းဝယ်ယူခဲ့သော ဆေးရွက်ကြီးများအားလုံးကို အသုံးပြု၍ CC စီးကရက်ထုတ်လုပ်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန်လ အတွင်း အကုန်အစင်ရောင်းချနိုင်ခဲ့သဖြင့် ထုတ်လုပ်ရောင်းချရငွေ ၆၂,၄၀၀,၀၀၀/- အပေါ်တွင် အလိပ် ၂၀ ပါ တစ်ဘူးရောင်းဈေး ၅၀၀/- တန်ဖိုးအဆင့်အတွက် တစ်လိပ်လျှင် အခွန် ၄/- နှုန်းဖြင့် ကျသင့်သည့် အထူးကုန်စည်ခွန် ၉,၉၈၄,၀၀၀/- ဖြစ်ပါသည်။ အဆိုပါ ကျသင့်သည့် အထူးကုန်စည်ခွန် ၉,၉၈၄,၀၀၀/- မှ စီးကရက်ထုတ်လုပ်ရာတွင် အသုံးပြုခဲ့သည့် ဆေးရွက်ကြီးများဝယ်ယူစဉ်က ပေးချေခဲ့ရသည့် အထူးကုန်စည်ခွန် ၁၂,၆၀၀,၀၀၀/- ကို ၂၀၁၈ ခုနှစ် ဇူလိုင်လ စည်းကြပ်မှုဆောင်ရွက်ရာတွင် ခုနှိမ်ခွင့် ရရှိမည်ဖြစ်ပါသည်။ ယင်းသို့ ခုနှိမ်ရာတွင် ကုန်ကြမ်းပစ္စည်းဖြစ်သည့် ဆေးရွက်ကြီးများ ဝယ်ယူစဉ်က ပေးချေခဲ့ရသည့် အထူးကုန်စည်ခွန်က CC စီးကရက် ထုတ်လုပ်ရောင်းချခြင်း အတွက် ကျသင့်သည့် အထူးကုန်စည်ခွန်ထက် ၂,၆၁၆,၀၀၀/- ပိုမိုနေသဖြင့် စီးကရက် ထုတ်လုပ်ရောင်းချခြင်းအတွက် အထူးကုန်စည်ခွန် ထပ်မံပေးဆောင်ရန် မလိုပါ။ အဆိုပါ ပိုငွေကို ဝင်ငွေခွန်တွက်ချက်ရာတွင် အသုံးစရိတ်အဖြစ် ခွင့်ပြုနုတ်ပယ်ပေးပါမည်။

(ခ) **နမူနာ - ၂**

(၁) **ဖြစ်စဉ်။** ကုမ္ပဏီ A သည် ပြည်တွင်း၌ထုတ်လုပ်သူ ကုမ္ပဏီ B ထံမှ ဘီယာအမျိုးမျိုးကို ကိုယ်တိုင်ဝယ်ယူပြီး ပြည်ပသို့ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်ပို့ရောင်းချသော ကုမ္ပဏီဖြစ်ပါသည်။ ကုမ္ပဏီ A နှင့် ကုမ္ပဏီ B တို့သည် အထူးကုန်စည်ခွန်ဥပဒေအရ လုပ်ငန်းမှတ်ပုံတင်ထားပါသည်။ ကုမ္ပဏီ A သည် အဆိုပါ ဘီယာအမျိုးမျိုးကို ၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ဝယ်ယူခဲ့ရာ ကျသင့်သည့်တန်ဖိုးငွေ ၆,၀၀၀,၀၀၀/- နှင့်အတူ အထူးကုန်စည်ခွန် ၃,၆၀၀,၀၀၀/- ကို ကုမ္ပဏီ B သို့ ပေးချေခဲ့ရပါသည်။ ကုမ္ပဏီ A သည် ဝယ်ယူခဲ့သော ဘီယာအမျိုးမျိုးကို ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့ရာ စုစုပေါင်းရောင်းရငွေ ၉,၄၀၀,၀၀၀/- ရရှိခဲ့ပါသည်။

(၂) **လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ဘီယာအမျိုးမျိုးကို ပြည်ပသို့ တင်ပို့ရောင်းချသည့်ကာလနှင့်သက်ဆိုင်သည့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ဘီယာအမျိုးမျိုးသည် ပြည်ပသို့ တင်ပို့ ရောင်းချခြင်းအတွက် အထူးကုန်စည်ခွန်မကျသင့်ပါ။ ဘီယာအမျိုးမျိုး ပြည်ပသို့ တင်ပို့ ရောင်းချမှုအပေါ် အထူးကုန်စည်ခွန် မကျသင့်သဖြင့် ကုမ္ပဏီ A သည် ဘီယာအမျိုးမျိုး ပြည်ပသို့ တင်ပို့ရောင်းချမှုအပေါ်တွင် ထုတ်လုပ်သူ ကုမ္ပဏီ B ထံမှ ဝယ်ယူစဉ်က ပေးချေ ခဲ့ရသည့် အထူးကုန်စည်ခွန် ၃,၆၀၀,၀၀၀/- ကို ခုနှိမ်ခွင့်မရှိပါ။ အဘယ်ကြောင့်ဆိုသော် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) တွင် "အထူး ကုန်စည်ခွန်မကျသင့်စေရ" ဟူသော ပြဋ္ဌာန်းချက်သည် "အထူးကုန်စည်ခွန်ကင်းလွတ်ခွင့် ပြုသည်" ဟု အဓိပ္ပာယ်သက်ရောက်ခြင်းကြောင့်ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) ပါ "သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်" ဟူသော ပြဋ္ဌာန်းချက်နှင့် အဓိပ္ပာယ်တူညီမှုမရှိကြောင်း သတိပြုရမည် ဖြစ်ပါသည်။ ယင်းသို့ သုညရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေခြင်းသည် အခွန်ခုနှိမ်ခွင့်ရရှိစေရန် ရည်ရွယ်ချက်ဖြင့် သတ်မှတ်ထားခြင်းဖြစ်ကြောင်း "အခွန်မကျသင့်စေရ" ဟူသော ပြဋ္ဌာန်းချက်သည် အခွန်ခုနှိမ်ခွင့်မပြုလိုသည့် ရည်ရွယ်ချက်ဖြင့် သတ်မှတ်ထားခြင်း ဖြစ်ကြောင်း ရှင်းလင်းဖွင့်ဆိုပါသည်။

၇။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သည်။

မင်းထွဋ်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်တွင်းအခွန်များဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁ ရက် ( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

In the matter of the Myanmar Companies Law and

**ITALIAN-THAI DEVELOPMENT (MYANMAR) CO.,LTD**

(Under Sections 345 & 348)

The Special General Meeting of **Italian-Thai Development (Myanmar) Co.,Ltd** duly held and convened on 29-3-2019, at 9:00 am at Room No.2D, Rose Condominium, No.182/194, 1st Floor, Botahtaung Pagoda Road, Pazundaung Township, Yangon Region, the Republic of the Union of Myanmar, the following resolutions were passed unanimously as Special Resolutions and were approved by the Creditors' Meeting subsequently held on the same day:

**SPECIAL RESOLUTIONS**

(1) Resolved that the Company be and is hereby wound up voluntarily under Creditors' Voluntary Winding up.

(2) Resolved that Daw Thaung Mya Wai (LL.B, DA, DCA), holder of Citizenship Scrutiny Card No. 12/Tha Ga Ka (Naing) 143470, Manager of WIN Consulting Limited, situated at Room No. 2D, Rose Condominium, No.182/194, 1st Floor, Botahtaung Pagoda Road, Pazundaung Township, Yangon Region, the Republic of the Union of Myanmar be and is hereby appointed as Liquidator of the Company for the purpose of such winding-up and be authorized to carry on the business of the Company to such extent and for such period as may be necessary for the beneficial winding up thereof and be granted such other powers as may be deemed fit or proper.

By order of the Board,

Mr. Premchai Karnasuta
Managing Director
Italian-Thai Development (Myanmar) Co.,Ltd

## အဲယားတက် မန်နုဖက်ချားရင်း ကုမ္ပဏီလီမိတက်

## (AIR TECH MANUFACTURING COMPANY LIMITED)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေးဆုံးဖြတ်ချက် (Extraordinary Resolution) အရ **အဲယားတက် မန်နုဖက်ချားရင်း ကုမ္ပဏီလီမိတက် (AIR TECH MANUFACTURING COMPANY LIMITED)** ကို (၆. ၄. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဟိန်းလင်း တရားလွှတ်တော်ရှေ့နေအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ မေလ ၅ ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဂေါ်ထိုက်ဟို (ခ) ဦးစောအောင်
ဒါရိုက်တာ
AIR TECH MANUFACTURING CO.,LTD

ဦးဟိန်းလင်း
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၈၅)၊ မြေညီ၊ ၃၇ လမ်း၊ (၅) ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

## MYANMAR STARMAR CONSULTANTS COMPANY LIMITED

Announcement of Voluntary Winding-up

It was resolved that Myanmar Starmar Consultants Company Limited will be wound up in accordance with the Special Resolution of the Members' Special General Meeting held at the company's head office on (29.3.2019). For such winding-up, U Zaw Lwin [NRC No.5/Ya Au Na (Naing) 055287] is appointed as the liquidator of the Company.

It is hereby announced to pay or contribute to the aforesaid liquidator by (30-4-2019) latest if anyone is entitled to any debts or claim.

U Myint Lwin @ Wang Guoda
Chairman
Myanmar Starmar Consultants
Company Limited

U Zaw Lwin
Certified Public Accountant
Liquidator
No.313/323, Room (8C), (7th) Floor,
Sea Green Tower, Corner of Mahar Bandoola Road and
Bo Aung Kyaw Road, Botahtaung Township, Yangon.

## အထွေထွေလျှပ်စစ်အုပ်စု ကုမ္ပဏီလီမိတက်

## (GENERAL ELECTRIC GROUP COMPANY LIMITED)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေးဆုံးဖြတ်ချက် (Extraordinary Resolution) အရ **အထွေထွေလျှပ်စစ်အုပ်စု ကုမ္ပဏီလီမိတက် (GENERAL ELECTRIC GROUP COMPANY LIMITED)** ကို (၄. ၄. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဟိန်းလင်း တရားလွှတ်တော်ရှေ့နေအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ မေလ ၅ ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဟွန်အူး (ခ) ဦးထွန်းဝင်း
ဒါရိုက်တာ
General Electric Group Co.,Ltd

ဦးဟိန်းလင်း
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၈၅)၊ မြေညီ၊ ၃၇ လမ်း၊ (၅) ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

IN THE MATTER OF THE MYANMAR COMPANIES LAW

**MYANMAR BEHN MEYER CO.,LTD**

(In Member's Voluntary Liquidation)

NOTICE OF SPECIAL RESOLUTION UNDER SECTION 348

According to the Special Resolution at the Extraordinary General Meeting held on 3rd April, 2019 that the Company was voluntarily wound up by the members with effect from that date, and Daw Wit Hmone Soe (Advocate) was appointed as the Company's liquidator for the purpose of winding up.

The creditors of **MYANMAR BEHN MEYER CO.,LTD** are, therefore, requested to submit their claims together with supporting legal documents to the liquidator at the address given below, not later than 6th May, 2019.

Mr. Prasonk Aramwittaya
Director
MYANMAR BEHN MEYER CO.,LTD

Daw Wit Hmone Soe
Liquidator
Unit 411, 412 and 415, Level 4,
Strand Square, No.53, Strand Road,
Pabedan Township, Yangon, Myanmar.
01-2307344

**NEW BAMAW TIMBER PRODUCTS COMPANY LIMITED**

Announcement of Voluntary Winding-Up

It was resolved that **New Bamaw Timber Products Company Limited** will be wound up in accordance with the Special Resolution of the Members' Special General Meeting held at the company's head office on (29.3.2019). For such winding-up, U Zaw Lwin [NRC No.5/Ya Au Na (Naing) 055287] is appointed as the liquidator of the Company.

It is hereby announced to pay or contribute to the aforesaid liquidator by (30-4-2019) latest if anyone is entitled to any debts or claim.

Mr. Rajiv Kumar Nemani
Managing Director
New Bamaw Timber Products
Company Limited

U Zaw Lwin
Certified Public Accountant
Liquidator
No.313/323, Room (8C), (7th) Floor,
Sea Green Tower, Corner of Mahar Bandoola Road and
Bo Aung Kyaw Road, Botahtaung Township, Yangon.

**ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်**
**(SINGMANDALAR COMPANY LIMITED)**

အစုရှယ်ယာရှင်များ၏ ဆန္ဒအရဖျက်သိမ်းဆဲ
နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

**Singmandalar Company Limited** ကို အစုရှယ်ယာရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ပတ်သက်၍ အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

နေ့ရက် ။ ။ ၅-၅-၂၀၁၉

အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ

နေရာ ။ ။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း၊ တိုက်အသစ် (၂)၊ အခန်း (၄)၊ ဖဆပလ အိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အဆိုပါအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရှင်းလင်းချက်များနှင့် အစီရင်ခံစာကို တင်ပြအတည်ပြုမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးသန်းအောင်
(B.Com, C.P.A, D.C.Sc)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
09-443244225

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ (င) အရ ကြော်ငြာစာ

**ကေအက်စ် ပေး မြန်မာ ကုမ္ပဏီလီမိတက်**

**(KS PAY MYANMAR COMPANY LIMITED) အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးကို တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၆-၅-၂၀၁၉

ကျင်းပမည့်အချိန် - နံနက် (၁၀း၃၀) နာရီ

ကျင်းပမည့်နေရာ - အမှတ် - (၁၂၉)၊ သခင်အုန်းဖေကြီးလမ်း၊ (၄၂) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်း ပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

DAW SAN KYI
B.Com (Q), C.P.A
Certified Public Accountant
AUDITOR & FINANCIAL CONSULTANT

**ရွှိုင်ရယ် ဖိ (ဒ်) ကုမ္ပဏီလီမိတက်**

**(ROYAL FEED COMPANY LIMITED)**

ကုမ္ပဏီတရားဝင်ဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင်ကျင်းပသော အစုရှင်များ၊ ဒါရိုက်တာများအားလုံး တက်ရောက်သည့် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရွှိုင်ရယ်ဖိ (ဒ်) ကုမ္ပဏီလီမိတက် (ROYAL FEED COMPANY LIMITED)** အား ၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှစ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဦးကျော့မောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/မဂတ (နိုင်) ၀၃၆၄၇၉] B.A, C.P.A, R.A, I.C.M.A, PART II (LONDON) လက်မှတ်ရပြည်သူ့စာရင်းကိုင် (စာရင်းစစ်) အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့်ပတ်သက်၍ ရရန်ရှိသူများ၊ ပေးရန်ရှိသူများအားလုံးသည် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ကြောင်း ကြေညာအပ် ပါသည်။

KYAWT MG
[B.A, C.P.A, R.A, I.C.M.A, PART II (LONDON)]
Certified Public Accountant & Auditor

In the matter of the Myanmar Companies Law and

**MYANMAR UPTRON HOLDINGS CO.,LTD**

(Under Sections 345 & 348)

The Special General Meeting of **Myanmar Uptron Holdings Co.,Ltd** duly held and convened on 30-3-2019, at 9:00 am at Peninsula Plaza, 111 North Bridge Road # 10-04/05, Singapore 179098, Singapore, the following resolutions were passed unanimously as Special Resolutions and were approved by the Creditors' Meeting subsequently held on the same day:

**SPECIAL RESOLUTIONS**

(1) Resolved that the Company be and is hereby wound up voluntarily under Creditors' Voluntary Winding up.

(2) Resolved that Daw Thaung Mya Wai (LL.B, DA, DCA), holder of Citizenship Scrutiny Card No. 12/Tha Ga Ka (Naing) 143470, Manager of WIN Consulting Limited, situated at Room No. 2D, Rose Condominium, No.182/194, 1st Floor, Botahtaung Pagoda Road, Pazundaung Township, Yangon Region, the Republic of the Union of Myanmar be and is hereby appointed as Liquidator of the Company for the purpose of such winding-up and be authorized to carry on the business of the Company to such extent and for such period as may be necessary for the beneficial winding up thereof and be granted such other powers as may be deemed fit or proper.

By order of the Board,

Mr. Sameer Singh Purain
Director
Myanmar Uptron Holdings Co.,Ltd

**Notice**

**EXERA JOURNEY MANAGEMENT LIMITED**

(In Members' Voluntary Liquidation)

Pursuant of Section 208 E of the Myanmar Companies Act:

**Final Meeting**

A Final meeting of the above Company will be held on 6th May, 2019 at No. (99), Shwe Myitta Rice Mill Main Road, Pyuntaza, Nyaunglaybin Township, Bago Region, at 9:00 am.

**AGENDA**

1. To Explain & Lay before the meeting the Liquidator's account of the Liquidation.
2. To give any explanation thereof.

Khin Saw Yu
[B.Com (Q), C.P.A]
Certified Public Accountants and Auditors
No.49/51, (7th Floor), 2nd Street, Lanmadaw Township,
Yangon Region, Republic of the Union of Myanmar.

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ ကြေညာစာ

**အိတ်ဇားရှင်းပရိုတက်တစ်ဆားဗစ်စစ် (စ်) ကုမ္ပဏီလီမိတက်**

**(EXERTION PROTECTIVE SERVICES COMPANY LIMITED)**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားစာ

အထက်ပါ ကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ မေလ (၆) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ် (၇/၉)၊ ၅/ခ၊ စံရိပ်ငြိမ် (၆) လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များရှင်းပြရန်။

ခင်စောယု
[B.Com (Q), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ-၃၅၇ (က) အရ ကြေညာစာ

**Myanmar Pioneer Distillery Company Limited**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားစာ

အထက်ပါ ကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ မေလ (၆) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ် (၂၈၈-၂၉၃)၊ မဟာမြိုင်လမ်း၊ သံဒင်းလမ်းနှင့် မင်းဗန္ဓုလမ်းကြား၊ အမှတ် (၄၉) ရပ်ကွက်၊ ဝါးတရာစက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များရှင်းပြရန်။

မီမီကျော်
[B.Com (Q), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
လက်မှတ်ရပြည်သူ့စာရင်းကိုင်၊ စာရင်းစစ်
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ ကြေညာစာ

**Tike Enterprises Company Limited**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားစာ

အထက်ပါ ကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ မေလ (၆) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ် -၂၇ (ဘီ-၁)၊ အောင်ဇေယျ (၂) လမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များရှင်းပြရန်။

မီမီကျော်
[B.Com (Q), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
လက်မှတ်ရပြည်သူ့စာရင်းကိုင်၊ စာရင်းစစ်
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၅-၄-၂၀၁၉။